# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 21 February 2021 ၁၀၂၉၅


# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ပြင်ပမှဆရာဝန်များသည်လည်း ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၂၀၄၂၂ ဦး၊ အတွင်းလူနာ ၂၈၈၄ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၈၅၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၆၂ ဦး စုစုပေါင်း ၁၃၁၈ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၅၀၀)တွင် တက်ရောက်ဆေးကုသလျက်ရှိသော လူနာများအား တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေး



နေပြည်တော် ဖေဖော်ဝါရီ ၂၀

မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်အတွင်းရှိ ဆေးရုံအချို့၌ ဆရာဝန်နှင့်သူနာပြုများက ဒေသခံပြည်သူများကို မျက်ကွယ်ပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ ပျက်ကွက်လျက်ရှိရာ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် ၁၀ မြို့နယ်အဆောင်၌ အသွားအလာကန့်သတ်ထားရှိခဲ့သည်။

ထိုသို့ အသွားအလာကန့်သတ်ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၆၈ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ကြေးမုံ ယနေ့ ဖတ်စရာ


**နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၄

**ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာ**

ဆောင်းပါး စာမျက်နှာ » ၆

**ချင့်ယုံ၊ ပွားများ လူမှုကွန်ရက်များ**

ဆောင်းပါး စာမျက်နှာ » ၁၀





ကြေးမုံ

# မဇ္ဈိမပဋိပဒါသည် အကောင်းဆုံးကျင့်ထုံး

လူ့သမိုင်း၏ လူ့ဘောင်အဖွဲ့အစည်းအတွင်းမှ လူများသည် တူရာတူရာ စုပေါင်းနေထိုင်ကြသည်။ မတူရာ အဖွဲ့အစည်းများနှင့်လည်း သင့်မြတ်အောင် နေထိုင်ကြရသည်။ ရှေးဦးကာလက တူရာအသိုက်အဝန်းများ စုပေါင်းနေထိုင်ကြရာ၌ မတူရာအသိုက်အဝန်းများနှင့် ပဋိပက္ခဖြစ်ကြ၊ တိုက်ခိုက်ဖျက်ဆီးခဲ့ကြသည်။ နောက်ဆုံးတွင် ရှေးယဉ်ကျေးမှုလူ့အသိုက်အဝန်းများ ပျက်သုဉ်းပျောက်ကွယ်သွားသည်ကို တွေ့ရမည်ဖြစ်သည်။

လူ့ဘောင်အဖွဲ့အစည်းတွင် လူအချင်းချင်း ပေါင်းသင်းဆက်ဆံနေထိုင်ကြရာ၌ မိမိအကျိုးကိုရယူလိုရင်း အခြားလူများနှင့်ဆက်ဆံကြရသည်။ သူတစ်ပါးအကျိုးစီးပွားတည်းဟူသော ပရဟိတကိစ္စများကို မလွှဲသာဘဲ လုပ်ဆောင်လာရသည်။ သူ့အကျိုးနှင့်ကိုယ့်အကျိုး (ပရဟိတနှင့်အတ္တဟိတ) နှစ်ရပ်ကို မျှတအောင်ပေါင်းစပ်ကာ အကျိုးတူနေထိုင်မှုဘဝ အယူအဆကို ရှေးဦးမဆွကပင် လူသားတို့ ယုံကြည်သက်ဝင်ခဲ့ကြသည်။ ပရဟိတနှင့် အတ္တဟိတနှစ်ရပ်ကို ဆောင်ရွက်ရာတွင် မတူကွဲပြားသောအမြင်များကို ချန်လှပ်၍ အားလုံးအပေါ်တွင် တစ်ပြေးညီမျှတဆောင်ရွက်မှသာ လူ့ဘောင်အဖွဲ့အစည်းသည် အရှည်တည်တံ့ထွန်းကားလေသည်။

လူ့ဘောင်အဖွဲ့အစည်းတွင် နိုင်ငံရေးအတွေးအခေါ်တို့၏ ပင်ရင်းသဘောတရားနှစ်ရပ်ဖြစ်သည့် အကျိုးတူနေထိုင်မှုအယူအဆနှင့် အတင်းအကျပ်ပြုလုပ်မှု အယူအဆနှစ်ရပ်သည် ဆန့်ကျင်စွာဖြစ်ပေါ်ခဲ့ကြသည်။ ထိုသို့ ဆန့်ကျင်စွာဖြစ်ပေါ်ခဲ့သော အယူအဆနှစ်ရပ်သည် ရန်ဘက်ပဋိပက္ခအဖြစ် လူ့သမိုင်းတစ်လျှောက်လုံး၌ အစဉ်မရပ်မနားဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် မနှစ်မြို့ဖွယ်ရာ ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ စစ်ပွဲများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ထိုရန်ဘက်ပဋိပက္ခအယူအဆနှစ်ရပ်၏ စပ်ကြား၌လည်း နိုင်ငံရေးအတွေးအခေါ်များသည် အသွင်အမျိုးမျိုးဖြင့် ပေါ်ထွန်းခဲ့သည်။ မူလကဘဝတူ၊ အကျိုးတူ နေထိုင်ခဲ့သော လူ့ဘောင်ဘဝ၏ ဖွဲ့စည်းမှုတွင် အင်အားကြီးသူတို့က အင်အားနည်းသူတို့အပေါ် ဖိနှိပ်ခြင်း၊ ခြယ်လှယ်ခြင်း၊ လွှမ်းမိုးခြင်းတို့သည် ခေတ်သမိုင်း အဆက်ဆက်တွင် အသွင်အမျိုးမျိုး ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ဒီမိုကရေစီတွင် အားနည်းသူအပေါ် စာနာထောက်ထားရေး၊ မတူကွဲပြားမှုများအပေါ် ခွဲခြားဆက်ဆံမှုမပြုရေး၊ မတူကွဲပြားမှုများအား နားလည်မှုရှိရေးတို့ အားထုတ်နေကြရသည်။

သို့ရာတွင် လူတို့သည် အတ္တဟိတတစ်မျိုးမျိုး၏ လှုံ့ဆော်မှုကြောင့် အကြောင်းဆုံတိုင်း၊ အခွင့်သာတိုင်း လှုပ်ရှားရုန်းကန်မှုများတွင် ပါဝင်ကြိုးပမ်းလေ့ရှိသည်။ ဘဝတူချင်း၊ ဆန္ဒတူချင်းပေါင်းစည်းကာ လှုပ်ရှားကြသည်။ အာဏာစက်ကို တုံ့ပြန်ချိုးဖျက်ကြသည်။ လူအများက အနည်းကို ချိုးဖျက်သည်။ အင်အားများမှုကို အခွင့်အရေးယူကာ လူအများကပင် မီးများမီးနိုင်၊ ရေများရေနိုင် လွှမ်းမိုးသကဲ့သို့ ပြုလုပ်လာကြသည်။ ထိုအခါတွင် လူ့အဖွဲ့အစည်းသည် အကွပ်မရှိ ပရမ်းပတာဖြစ်လာသည့်အခါ ထိန်းချုပ်ရန် အာဏာအသစ်သည် တစ်ဖန်ပြန်ပေါ်လာရသည်။ ဤသို့ဖြင့် လူ့ဘဝသမိုင်းသည် သံသရာလည်နေတော့သည်။ မတူကွဲပြားသော လူ့ဘောင်အဖွဲ့အစည်းကို သဟဇာတဖြစ်အောင်၊ သင့်တင့်လျောက်ပတ်မှုဖြစ်အောင်၊ လူတန်းစားအားလုံးကြားတွင် အတ္တ-ပရ မျှတအောင် မတည်ဆောက်နိုင်သောကြောင့် ချုပ်ငြိမ်းလိုက်၊ ပြန်စလိုက်ဖြစ်နေရသည်။

ဤသို့ဖြင့် လူ့ဘောင်သမိုင်းသည် အစဉ်အလာအားဖြင့်လည်းကောင်း၊ သင်္ခါရသဘောအရလည်းကောင်း ဖြစ်ပျက်ပြောင်းလဲလျက်ရှိသည်။ အမှန်အားဖြင့် သဘာဝကျနစွာ အခြေခိုင်မာစွာ ဖြစ်ထွန်းရမည့် လူ့ဘောင်ဖွဲ့စည်းမှု၌ လူတို့သာအဓိကဖြစ်သည်။ သို့သော် လူပဓာနဖြင့် အလွန်အကျွံပြုခြင်း "တင်းလွန်းခြင်း" နှင့် လူတို့၏ လွတ်လပ်မှုနယ်ကျွံခြင်းတည်းဟူသော "လျော့လွန်းခြင်း" အစွန်းနှစ်ပါးကင်းလွတ်မှသာ အေးချမ်းသာယာသော လူ့ဘောင်လောကကို အရှည်ကြာစွာပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

လူ့ဘောင်လောကအတွင်း ဖြစ်ပေါ်နေသော အကြောင်းတရားများအပေါ်တွင် မဇ္ဈိမပဋိပဒါနည်းကို မကျင့်သုံးနိုင်သရွေ့ကာလပတ်လုံး လူ့ဘောင်လောကတွင် မှားယွင်းသောအဖြစ်အပျက်များ၊ မလိုလားအပ်သော အနိဋ္ဌာရုံများကို မျက်မှောက်ပြုနေကြရဦးမည်ဖြစ်သည်။ မတူကွဲပြားသော လူ့အဖွဲ့အစည်းတွင် အတ္တဟိတနှင့်ပရဟိတနှစ်ရပ်ကို သမအောင်ပေါင်းစပ်၍ ထိန်းကျောင်းပေးရမည်ဖြစ်သည်။ အဖြစ်အပျက်များကို ယထာဘူတကျကျ၊ ဓမ္မဓိဋ္ဌာန်ကျကျ ပကတိရှိရင်းစွဲအတိုင်း လေ့လာသုံးသပ်လုပ်ကိုင်ကြဖို့လိုမည်ဖြစ်သည်။

သို့ဖြစ်ရာ လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်ရာ၌ဖြစ်စေ၊ ပျိုးထောင်ရာ၌ဖြစ်စေ၊ ထိန်းကျောင်းရာ၌ဖြစ်စေ၊ ပြုပြင်ပြောင်းလဲရာ၌ဖြစ်စေ အားလုံးအနေဖြင့် မလျော့မတင်းသော မဇ္ဈိမပဋိပဒါ ကျင့်စဉ်သည်သာလျှင် လူ့ဘောင်လောကအတွက် အသင့်လျော်ဆုံး၊ အကောင်းဆုံးဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင် မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့်ဆန့်ကျင်သကဲ့သို့ မိမိ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူ ပြုလုပ်မှုများရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်အတွက် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ရိုးသားစွာဆောင်ရွက်လျက်ရှိ

ယခုကာလတွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည်လည်း ခက်ခဲပင်ပန်းစွာဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး မိမိကိုယ်ကိုယ်ခုခံပိုင်ခွင့်ဖြင့်သာ နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆူပူမှုများအား ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအနေဖြင့် ယခုကဲ့သို့ မိမိတို့၏ တာဝန်ယူထိန်းသိမ်းဆောင်ရွက်မှုအပေါ် ယခင်က ပြစ်တင်ဝေဖန်မှုများရှိခဲ့သော်လည်း ယခုအခါ အနောက်နိုင်ငံများမှအပ အခြားနိုင်ငံများက မိမိတို့၏ဆောင်ရွက်မှုသည် ပြည်တွင်းရေးကိစ္စဖြစ်သဖြင့် ဒီမိုကရေစီနည်းလမ်းအရသာ ဖြေရှင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားနေကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းမသမာမှုများအား စိစစ်လျက်ရှိပြီး နိုင်ငံတကာနှင့် ပြည်သူလူထုသိရှိနိုင်ရေး ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အတွက် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ရိုးသားစွာဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## တာဝန်မှရပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၇၆ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

**တာဝန်မှရပ်စဲခြင်း**

အောက်ဖော်ပြပါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့အား ယနေ့မှစ၍ တာဝန်မှရပ်စဲလိုက်သည်-

(၁) ဦးစိုးတင့် အဖွဲ့ဝင်
(၂) ဦးအောင်လွင် အဖွဲ့ဝင်
(၃) ဦးဟန်ညွန့် အဖွဲ့ဝင်
(၄) ဒေါ်မြတ်မြတ်စိုး အဖွဲ့ဝင်
(၅) ဦးအောင်သန်းမြင့် အဖွဲ့ဝင်
(၆) ဦးခင်မောင်မြင့် အဖွဲ့ဝင်
(၇) ဦးမျိုးမြင့် အဖွဲ့ဝင်
(၈) ဒေါ်အေးအေးမူ အဖွဲ့ဝင်
(၉) ဦးဇော်ဝင်း အဖွဲ့ဝင်
(၁၀) ဒေါ်လှဲ့လှဲ့သွင် အဖွဲ့ဝင်
(၁၁) ဦးစန်းဝင်း အတွင်းရေးမှူး

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၇၇ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးတင်ဦးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၇၈ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်လိုက်သည်-

(၁) ဦးတင်ဆွေဝင်း
(၂) ဦးထင်ကျော်
(၃) ရဲမှူးချုပ် ကျော်ဝင်းသိန်း(အငြိမ်းစား)
(၄) ဒေါ်ခင်ချိုအုန်း
(၅) ဦးအောင်မြင့်လွင်
(၆) ဦးသန်းစိုး
(၇) ဦးမောင်မောင်တင့်
(၈) ရဲမှူးချုပ် သူရဘိုနီ (အငြိမ်းစား)
(၉) ဦးတင်မြင့်
(၁၀) ဒေါ်ကြူကြူဝင်း

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံ**

နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် စည်ပင်ဧည့်ရိပ်သာ (၁) ကာကွယ်ဆေးထိုးစုရပ်တွင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အထိ အရာထမ်းများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကြီးကြပ်ဆောင်ရွက်ပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးစုရပ်၌ ယနေ့တွင် ဝန်ကြီးဌာန ၁၀ ခုမှ အရာထမ်း ၉၀၇ ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၌ ယနေ့တွင် အသက် ၆၅ နှစ်နှင့်အထက် မိဘပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ် ဆက်လက်ဆောင်ရွက်လျက်ရှိရာ အင်းယား ကိုဗစ်-၁၉ စင်တာ ကာကွယ်ဆေးထိုးစုရပ်တွင် သံဃာတော် ၁၁၂ ပါးကို ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အသက် ၆၅ နှစ်နှင့်အထက် မိဘပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၇ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၀-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၉-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၀-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၄၈၂,၂၉၀)အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၇၃၅)ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၀) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၂၄၉)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၁၉၆)ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် “ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)” ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၆၀၄၅၇၆ | ၁၈၈၀၃၈၅၇ | ၅၀၇၇၅၆ |
| ၂။ | အိန္ဒိယ | ၁၀၉၈၂၆၀၉ | ၁၀၆၈၂၇၅၅ | ၁၅၆၂၆၈ |
| ၃။ | ဘရာဇီး | ၁၀၀၈၁၆၉၃ | ၉၀၂၉၁၅၉ | ၂၄၄၉၅၅ |
| ၄။ | ရုရှား | ၄၁၅၁၉၈၄ | ၃၆၉၇၄၃၃ | ၈၂၈၇၆ |
| ၅။ | ဗြိတိန် | ၄၀၉၅၂၆၉ | ၂၃၃၁၀၀၁ | ၁၁၉၉၂၀ |
| ၆။ | ပြင်သစ် | ၃၅၆၀၇၆၄ | ၂၄၇၁၂၇ | ၈၃၉၆၄ |
| ၇။ | စပိန် | ၃၁၃၃၁၂၂ | ၂၄၇၁၅၈၉ | ၆၇၁၀၁ |
| ၈။ | အီတလီ | ၂၇၈၀၈၈၂ | ၂၃၀၃၁၉၉ | ၉၅၂၃၅ |
| ၉။ | တူရကီ | ၂၆၂၄၀၁၉ | ၂၅၁၁၅၄၈ | ၂၇၉၀၃ |
| ၁၀။ | ဂျာမနီ | ၂၃၈၁၂၅၉ | ၂၁၈၅၁၀၀ | ၆၈၁၁၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၂၇၁၃၅၃ | ၁၀၇၈၈၄၀ | ၃၄၃၁၆ |
| ၂။ | ဖိလစ်ပိုင် | ၅၅၉၂၈၈ | ၅၁၃၁၂၀ | ၁၂၀၆၈ |
| ၃။ | မလေးရှား | ၂၈၀၂၇၂ | ၂၄၄၇၅၃ | ၁၀၅၁ |
| ၄။ | မြန်မာ | ၁၄၁၇၃၅ | ၁၃၁၂၄၉ | ၃၁၉၆ |
| ၅။ | စင်ကာပူ | ၅၉၈၅၈ | ၅၉၆၉၇ | ၂၉ |
| ၆။ | ထိုင်း | ၂၅၃၂၃ | ၂၄၁၂၉ | ၈၃ |
| ၇။ | ဗီယက်နမ် | ၂၃၆၈ | ၁၆၂၇ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၈၄ | ၄၇၀ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၅ | ၂၄၄ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၁ | ၀ |



# ပြည်သူများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားဝန်ထမ်းလစာများအား လစဉ်ထုတ်ပေးမှုကို ဆောင်ရွက်လျက်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာထုတ်ယူခြင်းကို လစဉ် ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များ ထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန်လစာထုတ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများအား လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ် အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ကို အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင် ပျဉ်းမနားမြို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ဖူးမြော်



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ပျဉ်းမနားမြို့ ဘုန်းတော်ကြီးကျောင်းတိုက်များရှိ ဆရာတော်ကြီးများထံ သွားရောက် ဖူးမြော်ကြည်ညိုသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အရှင်သူမြတ်ထံသို့လည်းကောင်း၊ အုန်းတော ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိဿ အရှင်သူမြတ်ထံသို့ လည်းကောင်း၊ မဟာလယ်တီစံကျောင်းဆရာတော် စူဠဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တကုဏ္ဍလာဝုဓ အရှင်သူမြတ်ထံသို့ လည်းကောင်း၊ မာန်အောင်ကျောင်းတိုက်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝ အရှင်သူမြတ်ထံသို့ လည်းကောင်း သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆရာတော်အရှင်သူမြတ်များထံမှ သြဝါဒကထာများ နာယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့နယ်၌ ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်း

**ညောင်တုန်း ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဆောင်းသီးနှံရာသီကုန်များဖြစ်သည့် ပဲအမျိုးမျိုး၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ချဉ်ပေါင်၊ ပြောင်းဖူး၊ ခရမ်းချဉ်၊ ခရမ်းရှည်နှင့် ငရုတ်များ စိုက်ပျိုးအောင်မြင်ထွန်းကြသည်။ ယခင်နှစ်များက နောက်မိုး(မိုးနှောင်း)ကောင်းခြင်း၊ မြစ်ရေများကျဆင်းမှုမြန်ဆန်ခြင်းတို့ကြောင့် အသီးအနှံများ အောင်မြင်သင့်သလောက်အောင်မြင်ခဲ့ပြီး ကုန်စျေးနှုန်းများလည်း ကောင်းမွန်ခဲ့သည်။ ယခုနှစ်တွင် ဧရာဝတီမြစ်ရေကျဆင်းမှု၊ နှောင့်နှေးမှုကြောင့် စိုက်ရေးပျိုးရေးတွေမှာ နှောင့်နှေးကြန့်ကြာခဲ့သော်လည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ညောင်တုန်းမြို့နယ် ရန်ကင်းစံရာအနောက်ကျွန်းကျေးရွာနေတောင်သူတစ်ဦးက ပြောကြားရာတွင် "ကျွန်တော်တို့ ရန်ကင်းစံရာကျွန်းက တောင်သူတွေဟာ မြစ်ရေကျဆင်းပြီးမှ ပေါ်ထွန်းလာတဲ့မြေနုကျွန်းပေါ်မှာ ရာသီကုန် ဆောင်းသီးနှံမျိုးစုံကို စိုက်ပျိုးရတဲ့ တောင်သူတွေဖြစ်ပါတယ်၊ ကျွန်တော်တို့ကျွန်းကတော့ ပဲအမျိုးမျိုးအပြင် အခြားရာသီကုန်သီးနှံမျိုးစုံတို့ကိုလည်း စိုက်ပျိုးကြပါတယ်။ ကျွန်တော်ကတော့ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်နှင့် ရုံးပတီသီးစိုက်ပျိုးပါတယ်။ ဂေါ်ဖီပွင့်ကတော့ တစ်ပွင့်ကို နှစ်ရာကျပ် ရောင်းရပါတယ်။ ဂေါ်ဖီထုပ်ကတော့ နှစ်ရာကျပ်ဝန်းကျင် ရောင်းရပါတယ်။ ဒီနှစ်ကတော့ ကိုဗစ်-၁၉ ရောဂါကြောင့် ရောင်းရေးဝယ်ရေး လမ်းပန်းဆက်သွယ်ရေးကအစ အခက်အခဲတွေ ရှိနေတာကြောင့် ကုန်စျေးနှုန်းတွေက ထင်သလောက် အဆင်မပြေပါဘူး။ ဒီကိုဗစ်-၁၉ ရောဂါကြီးလည်း မြန်မြန်ကင်းဝေးပြီး လမ်းပန်းဆက်သွယ်ရေးတွေလည်း အမြန်ဆုံး ကောင်းမွန်ပါစေလို့ပဲ အမြဲဆုတောင်းနေပါတယ်"ဟု တောင်သူကြီး ဦးသောင်းကြွယ်က ပြောသည်။ **ဝင်းမြင့်ကျော်(ညောင်တုန်း)**





# ရေတွန်းစက်ရုံအမှတ်(၈)သို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သွားရောက်ကြည့်ရှုစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့်အဖွဲ့ဝင်များသည် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီက အောင်မြေသာစံမြို့နယ် မြို့ပတ်လမ်းအနီး ၁၆ လမ်းနှင့် ၁၉ လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(ရေနှင့် သန့်ရှင်းမှုဌာန)က ဆောင်ရွက်သည့် ရေတွန်းစက်ရုံ အမှတ်(၈)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရေတွန်းစက်ရုံ အမှတ်(၈) အတွင်းသို့ရောက်ရှိလာရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (ရေနှင့်သန့်ရှင်းမှုဌာန)မှ တာဝန်ရှိသူများက စက်များလည်ပတ်နေမှုအခြေအနေများ၊ ရေများပို့လွှတ်နေမှုအခြေအနေများကို မြေပုံကားချပ်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြပြီးနောက် စက်ရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဧရာဝတီမြစ်ရေကို သင့်လျော်သည့် သန့်စင်မှုနည်းစနစ်များအသုံးပြုပြီး ရေပေးရေးစနစ်ကို အချိန်နှင့်တစ်ပြေးညီ တိုးတက်တည်တံ့စွာပေးနိုင်ရေး၊ မြို့၏အရှေ့ခြမ်း၊ မြောက်ခြမ်း၊ အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တွင် ပြည်သူများ ရေလုံလောက်စွာရရှိစေရန်အတွက် မန္တလေးတောင် ရေဂါလန် ၂ ဒသမ ၅ သန်းဆံ့ ရေလှောင်ကန်နှင့် အမှတ်(၁) ရေတွန်းစက်ရုံ(မလွန်) ရေဂါလန် ငါးသန်းဆံ့ ရေလှောင်ကန်သို့ ရေအားဖြည့်ပေးပို့နိုင်ရန် ရည်ရွယ်၍ အဆိုပါ ရေတွန်းစက်ရုံ အမှတ်(၈)အား တည်ဆောက်ထားခြင်းဖြစ်သည်။

အောင်မြေသာစံမြို့နယ် ကမ်းနားလမ်း၊ ၂၂ လမ်းထိပ်မှ ဧရာဝတီမြစ်ရေယူအဆောက်အအုံ၊ ရေသန့် ယခင် တာရိုးဟောင်းနှင့် ယခု မြို့ပတ်လမ်းသစ်ကြား၊ ၁၆ လမ်းနှင့် ၁၉ လမ်းကြားတွင် ရေသန့်စင်စနစ် အဆောက်အအုံများ ဆောက်လုပ်ထားပြီး Slow Sand Filtratioin System (အနှေးကျသဲရေစစ်ကန်စနစ်) ဖြင့် တစ်ရက်လျှင် ရေထုတ်လုပ်မှုမှာ အနှေးကျသဲရေစစ်ကန်စနစ်မှ ရေဂါလန် တစ်သန်းနှင့် စက်ရေတွင်း (၃၉၊ ၄၂၊ ၄၃၊ ၄၄)တို့မှ ရေဂါလန် သုံးသန်းတို့ဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။

**သတင်းစဉ်**

# "ပြည်သူသို့ မေတ္တာရပ်ခံချက်"

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့ အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီ ပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

**၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံ့လူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

**အနာဂတ်ကမ္ဘာသာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့**

# ကျင့်ဝတ်နှင့်ဂုဏ်သိက္ခာ

## မောင်မောင်ဟိန်း

ကိုယ်ကျင့်တရားဆိုသည်မှာ လူတစ်ယောက် နေ့စဉ်ပြုကျင့်သည့် အပြုအမူ၊ အပြောအဆို၊ အကျင့်စရိုက်၊ စာရိတ္တ၊ အလေ့အထ စသည့်သက်ဆိုင်ရာ ကျင့်ဝတ်သီလများပင် ဖြစ်သည်။

**ကျင့်ဝတ်များ**

လူ့လောကတွင် သက်ဆိုင်ရာနယ်ပယ်အလိုက် လိုက်နာပြုမူစောင့်ထိန်းအပ်သောကျင့်ဝတ်များ ရှိပါသည်။ မိဘကျင့်ဝတ်၊ ဆရာ့ကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်၊ လူ့ကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်၊ ဒါယကာကျင့်ဝတ်၊ မင်းကျင့်တရား ခေါ် မင်းကျင့်ဝတ်၊ နာယကကျင့်ဝတ်၊ အလုပ်ရှင်ကျင့်ဝတ်၊ အလုပ်သမားကျင့်ဝတ်၊ လင့်ကျင့်ဝတ်၊ မယားဝတ္တရားငါးပါး ခေါ် မယားကျင့်ဝတ် စသည်ဖြင့် ကျင့်ဝတ်များစွာ ရှိပါသည်။

ထိုနည်းတူ ပညာရပ်နယ်ပယ်အလိုက် ကျင့်ဝတ်များ၊ အဖွဲ့အစည်းဆိုင်ရာကျင့်ဝတ်များ၊ လုပ်ငန်းနယ်ပယ်အလိုက် လိုက်နာစောင့်ထိန်းအပ်သောကျင့်ဝတ်များစွာလည်းရှိသည်။ သက်ဆိုင်ရာနယ်ပယ်အလိုက် ကျင့်ဝတ်များ လိုက်နာကြသည့် လူ့ပတ်ဝန်းကျင်တိုင်းသည် သာယာဝပြောပြီး အေးချမ်းတည်ငြိမ်ကာ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စွာ ရှိကြမည် ဖြစ်ပါသည်။

**ကိုယ်ကျင့်တရားသည် လူသားတိုင်းတွင် မရှိမဖြစ်လိုအပ်သော ဂုဏ်တစ်ရပ်ပင် ဖြစ်သည်။ ဝါဒများစွာရှိသည့်အနက် ကိုယ်ကျင့်သီလကောင်းမွန်ခြင်းသည် အကောင်းဆုံးဝါဒပင် ဖြစ်သည်။ လူသားတိုင်း မိမိနှင့်**အားလုံး လိုက်နာဆောင်ရွက်ကြရသည်။ ထို့အပြင် ဝန်ထမ်းတစ်ဦးချင်းစီ အနေဖြင့်လည်း မိမိတို့၏ပညာရပ်ဆိုင်ရာ သက်ဆိုင်သောကျင့်ဝတ်များကိုလည်း လိုက်နာကြရမည် ဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းသည့် အဖွဲ့အစည်းများသည်သာ ပြည်သူများ အားကိုးအားထားပြုနိုင်သော အဖွဲ့အစည်းဖြစ်မည်မှာ အသေအချာပင် ဖြစ်သည်။ ဝန်ထမ်းတစ်ဦးချင်း ကိုယ်စီလိုက်နာကြမှသာ အဖွဲ့အစည်းကောင်းတစ်ရပ်အဖြစ် ရပ်တည်နိုင်မည် ဖြစ်သည်။ နိုင်ငံတော်ယန္တရား လည်ပတ်နိုင်ရေး တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းတိုင်းသည် ပြည်သူများ၏အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်နေကြခြင်း ဖြစ်သည်။ ပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ်ဆောင်ရွက်ရန် လိုလားသည့် ဝန်ထမ်းတိုင်းသည် ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြရပေမည်။**

**ကတိသစ္စာများကိုလည်း စောင့်ထိန်း**

ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများသည် ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာကြရမည့်အပြင် ဆိုင်ရာပညာရပ်များ၏ ကျင့်ဝတ်များကိုလည်း လိုက်နာကြရမည်ဖြစ်သည်။ သက်ဆိုင်ရာပညာရပ်အလိုက် အဓိဋ္ဌာန်ပြုထားရှိပြီးဖြစ်သည့် ကတိသစ္စာများကိုလည်း စောင့်ထိန်းကြရမည် ဖြစ်ပါသည်။ ယဉ်ကျေးသော လူ့အသိုက်အဝန်းက ကျင့်ဝတ်နှင့် ကတိသစ္စာမတည်သူများကို ကိုယ်ကျင့်တရားဖောက်ဖျက်သူများအဖြစ် သတ်မှတ်ခြင်းခံကြရမည် ဖြစ်သည်။

ချမ်းသာကြွယ်ဝခြင်း ဆုံးရှုံးသည့်အခါ ဘာမှဆုံးရှုံးမှု မရှိသေးကြောင်း၊ ကျန်းမာရေးဆုံးရှုံးသည့်အခါ တစ်စုံတစ်ခုဆုံးရှုံးကြောင်း၊ ကိုယ်ကျင့်တရား ဆုံးရှုံးပျက်စီးသည့်အခါ ဘဝတစ်ခုလုံးဆုံးရှုံးခြင်းမည်ကြောင်း နာယူမှတ်သားခဲ့ဖူးသည်။ ဒါန၊ သီလ၊ ဘာဝနာသုံးပါးတွင် သီလသည် ကုသိုလ်တရားအားလုံးတို့၏ အစဖြစ်၍ သီလကိုရှေးဦးစွာ လုံခြုံစေပြီးမှသာ ကျန်ကုသိုလ်များကို ပြုရသည့်အတွက် ကုသိုလ်အားလုံးတွင် “ကိုယ်ကျင့်တရား (သီလ)သည်သာ ပဓာန” ဖြစ်သည်ကို သိရှိပြီးဖြစ်ကြပါသည်။

နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများသည် လိုက်နာရန်လိုအပ်သည့်ကျင့်ဝတ်များ အားကောင်းခိုင်မာစေရေးအတွက် စည်းမျဉ်းများ၊ စည်းကမ်းများ၊ ဥပဒေများချမှတ်ပြီး ထိန်းကျောင်းတည့်မတ်ထားကြပါသည်။ နိုင်ငံသားတိုင်းသည် တည်ဆဲဥပဒေများကို လေးစားလိုက်နာရန် တာဝန်ရှိသကဲ့သို့ နိုင်ငံ့ဝန်ထမ်းများသည်လည်း တည်ဆဲဥပဒေများအပြင် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကြရပါသည်။ ဥပဒေပ ဆောင်ရွက်ခြင်း မပြုကြခြင်းသည် တစ်နည်းအားဖြင့် ကျင့်ဝတ်များနှင့်လျော်ညီစွာ နေထိုင်ပြုမူခြင်းဟု ဆိုနိုင်ပါသည်။

အများဆန္ဒကို အသိအမှတ်ပြုပြီး အနည်းစုဆန္ဒကို လေးစားသမှုပြုကာ မတူသည်များကို ပေါင်းစု၍ ညှိနှိုင်းအဖြေရှာကြခြင်းသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သည်။ လွတ်လပ်စွာ သဘောထားကွဲပိုင်ခွင့် ရှိရပါမည်။ “လူညီ၍ ဤကိုကွဲ” ဖြစ်စေခြင်းသည် ဒီမိုကရေစီစနစ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပေသည်။ သဘောထားမတိုက်ဆိုင်သူများကို သဘောထားကြီးစွာထားပြီး လွတ်လပ်စွာသဘောထားကွဲခွင့်မပြုဘဲ ရန်မူနေသူများ ရှိနေသရွေ့ စစ်မှန်သော ဒီမိုကရေစီရရှိနိုင်မည် မဟုတ်ပေ။ နိုင်ငံသားအားလုံးသည် ဒီမိုကရေစီစံနှုန်းနှင့် ကျင့်ဝတ်များကို တန်ဖိုးထား လိုက်နာကြရမည်။

**နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်**

နိုင်ငံ့ဝန်ထမ်းများ စောင့်ထိန်းရမည့် ကျင့်ဝတ်အချို့ကို ဖော်ပြရလျှင် နိုင်ငံ့ဝန်ထမ်းတိုင်းသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေရမည်၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊ ပြည်သူတို့၏အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ရမည်။ တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာနှင့် ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ရမည်၊ အထက်အဆင့် အကြီးအကဲက တာဝန်အရပေးအပ်သည့် အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရမည့်အပြင် လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်ညွှန်ကြားချက်များကို လိုက်နာရမည်။ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်၊ နိုင်ငံတော်ကို အကြည်ညိုပျက်စေမည့် စာအုပ်စာတမ်းရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်း မပြုလုပ်ရ။ နိုင်ငံတော်၏လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသည့်လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းမှ ရှောင်ကြဉ်ရမည်ဟု စသည်ဖြင့် သတ်မှတ်ထားရှိပြီး ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရှိသေပြီး ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ကြရမည့်သူများ ဖြစ်သည့်အားလျော်စွာ စောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ ထမ်းဆောင်ရမည့် တာဝန်များ၊ လိုက်နာရမည့်စည်းကမ်းများကို လေးစားလိုက်နာ၍ ဂုဏ်သိက္ခာရှိစွာ မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြရပါမည်။ ကျင့်ဝတ်လိုက်နာ ဂုဏ်သိက္ခာရှိကြသည့် နိုင်ငံ့ဝန်ထမ်းများသည်သာ ပြည်သူများ၏အကျိုးစီးပွားကို အမှန်တကယ်ဖော်ဆောင်နိုင်မည် ဖြစ်ပေသည်။ ။

**နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းသည့် အဖွဲ့အစည်းများသည်သာ ပြည်သူများ အားကိုးအားထားပြုနိုင်သော အဖွဲ့အစည်းဖြစ်မည်မှာ အသေအချာပင် ဖြစ်သည်။ ဝန်ထမ်းတစ်ဦးချင်း ကိုယ်စီလိုက်နာကြမှသာ အဖွဲ့အစည်းကောင်းတစ်ရပ်အဖြစ် ရပ်တည်နိုင်မည် ဖြစ်သည်။ နိုင်ငံတော်ယန္တရားလည်ပတ်နိုင်ရေး တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းတိုင်းသည် ပြည်သူများ၏အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်နေကြခြင်း ဖြစ်သည်။ ပြည်သူများ၏အကျိုးစီးပွားကို အမှန်တကယ်ဆောင်ရွက်ရန် လိုလားသည့်ဝန်ထမ်းတိုင်းသည် ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြရ။**

ဆိုင်ရာဆိုင်ရာကျင့်ဝတ်များကို ရိုးသားဖြောင့်မတ်စွာ လိုက်နာကျင့်ကြံအပ်ပေသည်။ တစ်နည်းဆိုရသော် ကိုယ်ကျင့်တရားကောင်းသူများသည် ရိုးသားဖြောင့်မတ်သူများဖြစ်ပြီး သက်ဆိုင်ရာကျင့်ဝတ်များကို လိုက်နာဆောင်ရွက်သူသည် ကိုယ်ကျင့်တရားကောင်းမွန်သူများပင် ဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်သူ တစ်နည်းအားဖြင့် သက်ဆိုင်ရာကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းသူများဖြင့်သာ မိမိအကျိုးနှင့် အများအကျိုးကို ဖော်ဆောင်နိုင်ကြမည် ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတွင် ပညာရှင်ဝန်ထမ်းများ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ စာရေးဝန်ထမ်းများ၊ စီမံခန့်ခွဲရေးဝန်ထမ်း (စီးပွားရေး)၊ စီမံခန့်ခွဲရေးဝန်ထမ်း (အုပ်ချုပ်ရေး၊ လူမှုရေး) ဆိုသည့်ဝန်ထမ်းအမျိုးအစားများ ပါဝင်ဖွဲ့စည်းထားပြီး ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်အပေါ်မူတည်၍ လိုအပ်သည့်ဝန်ထမ်းအမျိုးအစားများ ထည့်သွင်းကာ ဖွဲ့စည်းထားရှိကြပြီး နိုင်ငံတော်နှင့် ပြည်သူများအကျိုးစီးပွားကို အကောင်အထည်ဖော် ဆောင်ရွက်နေကြသည်။ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့်ကျင့်ဝတ်များကို ဝန်ထမ်း

**နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေပြီး ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထား ဆောင်ရွက်ကြရမည့်သူများ ဖြစ်သည့်အားလျော်စွာ စောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ ထမ်းဆောင်ရမည့်တာဝန်များ၊ လိုက်နာရမည့်စည်းကမ်းများကို လေးစားလိုက်နာ၍ ဂုဏ်သိက္ခာရှိစွာ မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရပါမည်။ ကျင့်ဝတ်လိုက်နာ ဂုဏ်သိက္ခာရှိကြသည့် နိုင်ငံ့ဝန်ထမ်းများသည်သာ ပြည်သူများ၏အကျိုးစီးပွားကို အမှန်တကယ် ဖော်ဆောင်နိုင်မည်ဖြစ်။**

# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း မုံရွာမြို့ အမှတ်(၄)တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)တွင် တက်ရောက်ကုသနေသော ပြည်သူများအား လိုအပ်သော ဆေးဝါးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

**မုံရွာ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးတင်မောင်ဆွေနှင့်အတူ ကောင်စီအဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ နံနက် ၉ နာရီက မုံရွာမြို့ အမှတ်(၄)တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)တွင် တက်ရောက်ကုသနေသော ပြည်သူ ၁၄၀ အတွက် လိုအပ်သော ဆေးဝါးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့်အဖွဲ့သည် လိုအပ်သော ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိမိတို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီက လာရောက်ထောက်ပံ့ပေးအပ်ရခြင်း ဖြစ်ကြောင်းနှင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုများ စေတနာထား ကြိုးစားဆောင်ရွက်ပေးကြသည့်အတွက် တာဝန်ရှိသူများကိုလည်း များစွာဂုဏ်ယူပါကြောင်း ပြောကြားခဲ့ပြီးနောက် တာဝန်ရှိသူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် အဆိုပါဆေးရုံအတွင်း တက်ရောက်ကုသနေသော ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားများပြောကြားပြီး စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အွန်လိုင်းစနစ်ဖြင့် သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ အွန်လိုင်းစနစ်ဖြင့် သုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ အမျိုးသားပြတိုက်(နေပြည်တော်)တွင် ကျင်းပသည်။

**တက်ရောက်**

အဆိုပါ စာတမ်းဖတ်ပွဲသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဦးညွှန့်ဟန်(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဌာနခွဲ/ ဌာနစုအသီးသီးမှ အရာထမ်း၊ အမှုထမ်းများနှင့် စာတမ်းရှင်များ တက်ရောက်ခဲ့ကြသည်။



သုတေသနစာတမ်းဖတ်ပွဲပထမနေ့ နံနက်ပိုင်းအစီအစဉ်၌ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ယခုစာတမ်းဖတ်ပွဲ၌ တူးဖော်သုတေသနလုပ်ငန်းနှင့် ကွင်းဆင်းသုတေသနလုပ်ငန်းများဆိုင်ရာ ဗဟုသုတများကို အပြန်အလှန်ဖလှယ်ကြရန် ရည်ရွယ်ပါကြောင်း၊ ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မပြီးပြတ်သေးသော သုတေသနလုပ်ငန်းများဖြစ်သည့် ကြေးခေတ်/သံခေတ် သုတေသန၊ ပျူခေတ်သုတေသနနှင့် သမိုင်းတင်ခေတ်ဆိုင်ရာ တူးဖော်မှုနှင့် ကွင်းဆင်းသုတေသန စာတမ်းရှစ်စောင်ကို ယခုစာတမ်းဖတ်ပွဲတွင် ဖတ်ကြားတင်သွင်းသွားမည် ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းသည် မိမိတို့ဦးစီးဌာန၏ ပင်မအသက်သွေးကြောလုပ်ငန်းဖြစ်ကြောင်း၊ ဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ရသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အားလုံးကို သုတေသနပြုလုပ်ရန်လိုအပ်ကြောင်း။

**ဝိုင်းဝန်းဆွေးနွေးပေး**

ဆက်လက်၍ သုတေသနလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့် ပြတိုက်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ စာတမ်းဖတ်ပွဲများမှ သင့်တော်ရာစာတမ်းများကိုလည်း ဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုစာတမ်းဖတ်ပွဲနှင့် တက်ရောက်လာသူများကလည်း မိမိတို့ အတွေ့အကြုံများနှင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ပထမနေ့ စာတမ်းဖတ်ပွဲ နံနက်ပိုင်းတွင် စာတမ်းရှင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဦးစီးအရာရှိ ဦးဖြိုးပြည့်ကိုကိုက "ပုဂံမြို့ဟောင်း ဇီးအိုကျေးရွာအနီး ရှေးဟောင်းသံချက်ဖိုများ၏ သံချက်လုပ်မှုနည်းပညာ လေ့လာသိရှိနိုင်ရန် တူးဖော်သုတေသနပြုခြင်း"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက "အုတ်အိုင်ဒေသ တူးဖော်တွေ့ရှိချက်များ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမျိုးသားပြတိုက်(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဆန်းဝင်းက "ပင်လယ်ရေကြောင်းပိုးလမ်းမတူးဖော်မှု" ခေါင်းစဉ်ဖြင့် လည်းကောင်း စာတမ်းများ အသီးသီး ဖတ်ကြားတင်သွင်းသည်။

မွန်းလွဲပိုင်းတွင် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)မှ လက်ထောက်ကထိက ဦးဇင်ဦးက "တနင်္သာရီတိုင်းဒေသကြီးရှိ သာဂရမြို့ဟောင်း၏ အရိုးအိုးမြှုပ်နှံမှု အလေ့အထကို လေ့လာခြင်း"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ် ဒေသများဌာနခွဲ ဟန်လင်းဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ခင်က "ရခိုင်ဒေသရှိ ဝေသာလီမြို့ဟောင်းအား တူးဖော်မှုလေ့လာချက်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ ဟန်လင်းဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအေးက "HL–29(2) နှင့် HL Test Pit 1 (2018)"ခေါင်းစဉ်ဖြင့် လည်းကောင်း စာတမ်းများ ဖတ်ကြားတင်သွင်းသည်။

**ဖတ်ကြားတင်သွင်း**

ဒုတိယနေ့ သုတေသနစာတမ်းဖတ်ပွဲ နံနက်ပိုင်းအစီအစဉ်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှရွှေက "အင်းဝယဉ်ကျေးမှုနယ်မြေ စည်တိုပုံမြို့ဟောင်းအတွင်းရှိ နန်းခုံအုတ်မြို့ရိုး တူးဖော်ရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုကို သုတေသနလေ့လာတွေ့ရှိချက်များ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)မှ နည်းပြ ဦးဇော်မင်းအောင်က "KGM–1(ကိုယ်ကြီးမြှုပ်)တူးဖော်သုတေသနပြုလုပ်ရာမှ ထွက်ပေါ်လာသော အုတ်ပန္နက်ခုံအား သုတေသနအမြင်ဖြင့် ချဉ်းကပ်လေ့လာခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း စာတမ်းများ ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် သုတေသနစာတမ်းဖတ်ပွဲသို့ တက်ရောက်လာသော ဌာနခွဲ/ဌာနစု အသီးသီးမှ အရာထမ်း၊ အမှုထမ်းများက စာတမ်းပါအကြောင်းအရာများကို ဝိုင်းဝန်းဆွေးနွေးမေးမြန်းခဲ့ရာ စာတမ်းရှင်များက အသီးသီးဖြေကြားခဲ့ပြီးနောက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖျာပုံမြို့နယ်၌ ဆန္ဒပြသူများ၏ ခြိမ်းခြောက်ရိုက်နှက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအား တပ်မတော်က ဆေးဝါးကုသမှုများ ကူညီဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာ အမှတ်(၆)ရပ်ကွက်နေ ဆန္ဒပြသူများသည် ဖေဖော်ဝါရီ ၁၈ ရက် ည ၈ နာရီခန့်တွင် ကျေးရွာအတွင်း သံပုံးတီးခြင်း၊ ဆူပူအော်ဟစ်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ကျေးရွာနေ ကိုယ်ဝန်ဆောင် အမျိုးသမီးဖြစ်သူ ဒေါ်ခင်ဆင့်က ကျန်းမာရေးကောင်းမွန်ခြင်းမရှိသဖြင့် ၎င်း၏နေအိမ်ရှေ့တွင် သံပုံးတီးခြင်းများ မပြုလုပ်ရန် တားမြစ်ခဲ့ရာ ဆန္ဒပြသူများက ဆဲဆိုကြိမ်းမောင်းခြင်း၊ ဗိုက်အားခြေထောက်ဖြင့်ကန်ခြင်း၊ ရိုက်နှက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းတို့အား ပြုလုပ်ခဲ့သောကြောင့် ဒေါ်ခင်ဆင့်တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

**ဆေးရုံဖွင့်လှစ်ခြင်းမရှိ**

ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဒေါ်ခင်ဆင့်သည် ဗိုက်နာကျင်မှုခံစားရသဖြင့် ယနေ့တွင် ဖျာပုံပြည်သူ့ဆေးရုံသို့ သွားရောက်ခဲ့ရာ ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများက CDM ပြုလုပ်ခြင်းကြောင့် ဆေးရုံဖွင့်လှစ်ခြင်းမရှိ၍ ဖျာပုံမြို့ရှိ နယ်မြေခံတပ်ဆေးခန်းသို့ လာရောက်ပြသခဲ့သည်။ ဒဏ်ရာပြင်းထန်မှုရှိသဖြင့် ၎င်းအား ပုသိမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင်ပေးခဲ့ပြီး ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ထိခိုက်စေ**

ဆန္ဒပြသူများအနေဖြင့် နိုင်ငံအတွင်း ဆူပူမှုများဖြစ်ပေါ်စေရန် လှုံ့ဆော်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့် အတူ လိုက်ပါမလုပ်ဆောင်သူများအား ဖိအားပေးအကျပ်ကိုင်ခြင်းနှင့် အတင်းအဓမ္မခြိမ်းခြောက်ခြင်းများကို ပြုလုပ်လျက်ရှိရာ ယခုကဲ့သို့ ကိုယ်ဝန်သည်ကိုပါ အသက်အန္တရာယ်ဖြစ်စေသည်အထိ ရိုက်နှက်မှုပြုလုပ်ခြင်းသည် လူတစ်ဦးချင်း၏ အခွင့်အရေးကို ထိခိုက်စေပြီး အေးချမ်းစွာ ဆန္ဒဖော်ထုတ်သည့်အသွင်မှ ရန်မူလိုသည့် အပြုအမူရှိသော ဆန္ဒဖော်ထုတ်မှုအသွင်သို့ ပြောင်းလဲလာပြီး ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေများမှ တာဝန်ရှိသူများက ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နေ့ညမပျက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**






## ပြည်တွင်းရေးရာ

**✻ ရှေ့ဖုံးမှ**

ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့အပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၅၁၃ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၇၅၉ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၁၂၇၂ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများဖြစ်ပေါ်လာပါက နီးစပ်ရာတပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။

ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံသို့ လာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့ဝင်များက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀)သို့ လာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**☆ ကျောဖုံးမှ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ရစ်ဦး စုစုပေါင်း ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ယာဉ်တန်းပါ မော်တော်ယာဉ်ငါးစီး ထိခိုက်ပျက်စီးခဲ့သည်။

သို့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ စိတ်ရှည်သည်းခံစွာဖြင့် ပိတ်ဆို့ခံနေရသည့် မိမိတပ်ဖွဲ့ဝင်များထံသို့ အဆင့်ဆင့် ပိတ်ဆို့တားဆီးမှုများအပေါ် ဥပဒေနှင့်အညီ အဆင့်ဆင့်ရှင်းလင်းခြင်း၊ လူစုခွဲခြင်း ဆောင်ရွက်ခဲ့ရာ ညနေပိုင်းတွင် ရန်လိုဆူပူအကြမ်းဖက်သူများ လူစုကွဲခဲ့ပြီး ရည်မှန်းချက်သို့ ရောက်ရှိခဲ့သည်။ ရန်လိုဆောင်ရွက်ကြသည့် ဦးဆောင်သူအချို့ကိုလည်း ဖမ်းဆီးရရှိထားပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရန်လိုအပြုအမူများကြောင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ရာ ရန်လိုအကြမ်းဖက်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၁၈ ရက်နေ့ မန္တလေးတိုင်းဒေသကြီး၊ ၇၈ x ၇၉ လမ်းကြား၊ ၃၄ လမ်းအနီးရှိ မီးရထားသံလမ်းများပေါ်တွင် ဆန္ဒပြသူများက အတားအဆီးများဖြင့် ပိတ်ဆို့ခဲ့သည့်ဖြစ်စဉ်တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယခုကဲ့သို့ပင် ဥပဒေနှင့်အညီ အဆင့်ဆင့် ရှင်းလင်းခဲ့ရကြောင်းနှင့် ယခုဖြစ်စဉ်သည် လူစုလူဝေးအများအပြားဖြင့် ဒုတိယအကြိမ် ဆူပူအုံကြွအကြမ်းဖက်မှုဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❂ လမ်းပန်းဆက်သွယ်ရေးမှ**

ဘုရားဖူးကားတွေ အစီးရေ နှစ်ဆယ်၊ နှစ်ဆယ့်ငါးစီးလောက်လာပြီး ဘုရားဖူးကြတယ်။ ဘုရားဖူးလာကြတဲ့လူတွေများတော့ ကျွန်တော်တို့ ဒီဘုရားကိုအမှီပြုပြီး ဈေးရောင်းချရတဲ့သူတွေအတွက်လည်း စားဝတ်နေရေးလေး အဆင်ပြေလာတာပေါ့။ ပြီးခဲ့တဲ့နှစ်ကတော့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဘုရားဖူးတွေမလာကြတော့ စားဝတ်နေရေးကို အတော်ရုန်းကန်ခဲ့ရတယ်။ အခုဆိုရင် ဘုရားဖူးလာရောက်သူတစ်စစနဲ့ စည်ကားနေပါပြီ”ဟု ဦးကောစခန်းရေတံခွန်အနီးတွင် မြို့နယ်ထွက်ရိုးရာအစားအစာများနှင့် တောဆေးမြစ်များ၊ ပျားရည်များနှင့် တောသစ်ခွပင်များ၊ အကိုက်အခဲပျောက်သည့် တောမြင်းခွာဆေးမြစ်များ ရောင်းချနေသူ ဦးပေသီးက ပြောသည်။

ယခင်နှစ်များက လမ်းပန်းဆက်သွယ်ရေးမှာ အချို့လမ်းပိုင်းတွင် ကောင်းမွန်ခြင်းမရှိသဖြင့် ဇလုံတောင်တက်မော်တော်ယာဉ်တချို့မှာ မကြာခဏ တိမ်းမှောက်ခြင်း၊ ယာဉ်မတော်တဆမှုများဖြစ်ခြင်း၊ တစ်စီးနှင့်တစ်စီး ရှောင်တိမ်းကြရာတွင် လမ်းကျဉ်းမြောင်းမှုများကြောင့် ဘုရားဖူးများ စိုးရိမ်ကြောင့်ကြမှုများရှိခဲ့သော်လည်း ယခုအခါတွင်ပြီးခဲ့သည့်နှစ် နွေရာသီမှစ၍ အဆိုပါလမ်းပိုင်းအား ကားနှစ်စီးရှောင်နိုင်ရန် လမ်းပြန်ချဲ့၍ပြုပြင်ခြင်း၊ တောင်ဆင်းတောင်တက်များအား အကောင်းဆုံးပြေပြစ်အောင် ဆောင်ရွက်ထားပြီး ဗန်းမောက်မြို့မှ ဇလုံတောင်လမ်းပိုင်းရှိ လမ်းမကောင်းသည့်နေရာတချို့အား ဦးကောစခန်းရေတံခွန်အထိ ကွန်ကရစ်လမ်းအား ခင်းကျင်းထားပြီးဖြစ်သောကြောင့် ဘုရားဖူးများ အန္တရာယ်ကင်းရှင်းစွာ လာရောက်ဘုရားဖူးနိုင်ကြပြီဖြစ်သည့်အပြင် ယခင်က စေတီတော်ပေါ်သို့တက်သည့် လူတစ်ယောက်သာ သွားလာနိုင်သောလမ်းမှာ တစ်ခုသာရှိသောကြောင့် ဘုရားဖူးမြော်ရန် လာရောက်သူများမှာ အလှည့်ကျစနစ်ဖြင့် တက်ကြရပြီး စောင့်ဆိုင်းနေရမှုမှ ကင်းဝေးစေရန် အတက် /အဆင်းလမ်းများ ပြုလုပ်ပေးထားပြီဖြစ်သည်။

ထို့အပြင် ယခင်က ဘုရားဖူးခရီးသည်များ နားနေရန်အတွက် ဇရပ်တစ်ဆောင်တည်းသာရှိသောကြောင့် အခက်အခဲများရှိခဲ့ကြသဖြင့် ယခုအခါတွင် ညအိပ်ညနေ ဘုရားအား ကျယ်ကျယ်ပြန့်ပြန့်နှင့် စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရန်အတွက် ဘုရားရင်ပြင်တော်အား စက်ယန္တရားများဖြင့် ချဲ့ထွင်ရှင်းလင်းကာ သံဃာတော်များ၊ သီလရှင်များနှင့် အဝေးမှလာရောက်ကြသည့် ဧည့်သည်များ တည်းခိုအနားယူနိုင်ရန် လေးထပ်ကျောင်းဆောင်ကြီးအား အလှူရှင်များ ထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်ပေးထားပြီဖြစ်သောကြောင့် ဗန်းမောက်မြို့နယ်အတွင်းရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားဖြစ်သည့် ဣန္ဒာသယ ဇလုံတောင်တော်ဘုရားအား လာရောက်ဖူးမြော်နိုင်ပြီဖြစ်ပေသည်။

**နီတိုး**



## ဗုဒ္ဓကလျာဏယုဝအသင်းချုပ်က မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော တပ်မတော်သားများ၊ တိုင်းရင်းသားပြည်သူများ၏ သွေးလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် ဗုဒ္ဓကလျာဏယုဝအသင်းချုပ် (YMBA) ဒုတိယဥက္ကဋ္ဌနှင့် အသင်းသား အသင်းသူများက အဆိုပါဆေးရုံ၌ ယနေ့မွန်းလွဲပိုင်းတွင် စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ ကျန်းမာရေးဝန်ထမ်းများက သွေးလှူရှင်များအား သွေးပေါင်ချိန်ခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်းနှင့် လိုအပ်သည့်ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အသင်းဝင် သံဃာတော်များနှင့် အသင်းသား အသင်းသူ စုစုပေါင်း ၂၇၀ တို့က သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ သွေးလှူဒါန်းနေမှုများကို ဆေးရုံတပ်မှူး ဗိုလ်မှူးချုပ်လှအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အရပ်သားဆရာဝန်များနှင့်သူနာပြုများမရှိ၍ ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် လွိုင်လင်မြို့ ပြည်သူ့ဆေးရုံကြီး၌ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းများ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် ဆေးကုသမှုခံယူရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိသဖြင့် ဆေးရုံမှတာဝန်ရှိသူများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံလာခဲ့သည်။

အဆိုပါအကူအညီတောင်းခံလာမှုကြောင့် တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ တပ်မတော်ဆေးရုံများမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သော ဆေးကုသရေးအဖွဲ့အား စနစ်တကျစုဖွဲ့ပြီး ဖေဖော်ဝါရီ ၁၈ ရက်မှ စတင်စေလွှတ်၍ အဆိုပါ ဆေးရုံ၌ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၂၆ ဦးတို့ကို အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ ဆီးချို/သွေးချိုရောဂါ၊ နှလုံးရောဂါ၊ အသည်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မွန်ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဟားခါးမြို့၌ (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၂၀**

၂၀၂၁ ခုနှစ် (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ကောင်စီဝင်များ၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး သန့်ဇင်ဦး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြ သည်။

အခမ်းအနားတွင် သဘာပတိ ဦးရာလ်ခမ်းက (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် အမှာစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်က ဖတ်ကြားကာ အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များ၊ သဘာပတိအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးကြောင်း သိရသည်။

ချင်းအမျိုးသားနေ့သည် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ သူ့ကျွန်မခံလို၍ နယ်ချဲ့ဆန့်ကျင်ရေး လွတ်လပ်ရေးတိုက်ပွဲများနှင့် ပဒေသရာဇ်အာဏာဖျက်သိမ်းရေး၊ တောင်တန်းမြေပြန့် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေး၊ တိုက်သူကြီးများ အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရေးတို့ကို ဖော်ဆောင်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

ချင်းမျိုးချစ်စစ်သည်တော်များက "ချင်းတိုင်းရင်းသားများ ပညာရေးမြှင့်တင်ရေးအဖွဲ့"ကို ၁၉၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် မေမြို့၌ ဖွဲ့စည်းခဲ့ပြီး ချင်းတိုင်းရင်းသားများ၏ ပညာမျက်စိကို အလင်းဖွင့်ပေးကာ အမျိုးသားစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို မီးမောင်းထိုးဖော်ဆောင်ပေးခဲ့သော အမျိုးသားရေး သမိုင်းဝင်ဖြစ်ရပ်၊ ချင်းအမျိုးသားခေါင်းဆောင် ဦးဝမ္မသူးမောင် ခေါင်းဆောင်ပြီး ၁၉၃၃ ခုနှစ်တွင် ချင်းတောင်ညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကာ ချင်းတိုင်းရင်းသားတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ဗြိတိသျှအစိုးရကို တောင်းဆိုချက် (၉)ချက် တင်ပြတောင်းဆိုခဲ့ရာ ဗြိတိသျှအစိုးရက တောင်းဆိုချက်များကို မလိုက်လျောသည့်အတွက် ချင်းတိုင်းရင်းသားများက ဗြိတိသျှကို ဆန္ဒပြသပိတ်မှောက်ခဲ့ကြသည့် နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းဝင်ဖြစ်ရပ်နှင့် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် ချင်းပြည်နယ် ဖလမ်းမြို့တွင် လူထု ၅၀၀၀ ကျော်ခန့်က ပဒေသရာဇ်အုပ်ချုပ်ရေး စနစ်ဟောင်းကို ဖျက်သိမ်းပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် တောင်းခံအတည်ပြုခဲ့ကြသည့် လွပ်လပ်ရေးသမိုင်းဝင်ဖြစ်ရပ် စသည့် သမိုင်းဝင်ဖြစ်ရပ် (၃)ရပ်ကို အကြောင်းပြု၍ ဖေဖော်ဝါရီ ၂၀ ရက်ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

**သမိုင်းဝင်နေ့**

ထို့ပြင် အင်္ဂလိပ်နယ်ချဲ့လက်ထက် ရခိုင်တောင်တန်းဒေသ အုပ်ချုပ်ရေးထဲတွင်ပါဝင်နေသည့် ပလက်ဝဒေသကိုလည်းကောင်း၊ မကွေးတိုင်းဒေသ၏ အုပ်ချုပ်မှုအောက်တွင် ရောက်နေသည့် ကန်ပက်လက်ဒေသကိုလည်းကောင်း ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဖွဲ့စည်းဖြစ်ပေါ်လာသည့် ချင်းဝိသေသတိုင်းထဲသို့ တစ်စိတ်တစ်ဝမ်းတည်း ပါဝင်လာသည့်အတွက် ယနေ့ချင်းပြည်နယ်ဟု စည်းလုံးညီညွတ်စွာ ဖြစ်တည်လာသည့် သမိုင်းဝင်နေ့တစ်နေ့ဖြစ်သည်။

ဖေဖော်ဝါရီ ၂၀ ရက်သည် ချင်းအမျိုးသား တစ်ရပ်လုံးအတွက် ထူးခြားဂုဏ်ယူဖွယ်ရာ နေ့ထူးနေ့မြတ်အဖြစ် ချင်းရေးရာကောင်စီက သတ်မှတ်ထားသည့် ချင်းအမျိုးသားနေ့ကို အထွတ်အမြတ်ထား၍ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထန်တလန်မြို့၌ (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား ကျင်းပ

**ထန်တလန် ဖေဖော်ဝါရီ ၂၀**

(၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ချင်းပြည်နယ် ထန်တလန်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ် ကိုယ်စားပြု သဘာပတိ ကိုးဦးက နေရာယူကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီးနောက် သဘာပတိ ဦးအောင်မြထွန်းက အဖွင့်အမှာစကားနှင့် ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောက်ထု၌ မုန်ညင်းစိုက်ပျိုးသူများပြား

**ကျောက်ထု ဖေဖော်ဝါရီ ၂၀**

ယောချောင်းသည် ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသကို ဖြတ်သန်းစီးဆင်းသဖြင့် ယောချောင်းမှ ရေသွယ်နိုင်ကြသည့် စိုက်ပျိုးမြေများ၌ ဆောင်းရာသီတွင် ဆလတ်၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်း၊ မုန်ညင်း စသည်ဖြင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးကြရာ မုန်ညင်းလေးခေါ် ဒေသမုန်ညင်းမှာ လူကြိုက်များပြီး စိုက်ပျိုးသူလည်းများပြားကြောင်း သိရသည်။

အဆိုပါ မုန်ညင်းရွက်ကို အချိုဟင်း၊ အချဉ်သီးများနှင့်ရော၍ အချဉ်ဟင်း စသည်ဖြင့် ချက်ပြုတ်စားသုံးကြသည့်အပြင် မုန်ညင်းချဉ်ပြုလုပ်၍လည်း စားသုံးကြသည်။ မုန်ညင်းစိုက်ပျိုးရာတွင် မှိုရောဂါကျရောက်မှုမရှိစေရန် ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများထံကွင်းဆင်းကာ အသိပညာပေးဆွေးနွေးလျက်ရှိသည်။

ထိုသို့ ဆွေးနွေးရာတွင် "စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းအောင် သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ် ထိခိုက်မှုလည်းမရှိအောင် တောင်သူများနဲ့တွေ့ဆုံ ဆွေးနွေးခြင်းဖြစ်ပါတယ်"ဟု တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ထို့ပြင် မုန်ညင်းပင်မှ မုန်ညင်းစေ့လည်းရရှိသည်။ ကျောက်ထုဒေသ၌ ဧက ၅၀ ကျော်စိုက်ပျိုးမှုရှိကြောင်းနှင့် မုန်ညင်းစေ့ တစ်တင်းကြိတ်ခွဲလျှင် မုန်ညင်းဆီ ၉ ပိဿာရရှိနိုင်ပြီး မုံညင်းဆီတစ်ပိဿာလျှင် ဒေသပေါက်ဈေး ငွေကျပ် ၁၅၀၀ ရရှိရာ တောင်သူများအပိုဝင်ငွေရရှိကြကြောင်း သိရသည်။ **စိန်ကျော်**

# မြန်အောင်မြို့၌ လွန်ဆေးမြိုင်ပန်းခြံ မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မြန်အောင် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ မြန်အောင်တာမိုင် ၆/၇ နှင့် ၇/၀ အတွင်း လွန်ဆေးမြိုင်ပန်းခြံအနီး ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ယခုနှစ်မိုးရာသီတွင် ကမ်းပြိုမှုများ ဖြစ်ပေါ်ခဲ့သောနေရာအား မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ဆောင်ရွက်လျက်ရှိ**

မြန်အောင်တာမိုင် ၆/၇ နှင့်၇/၀ အတွင်း လွန်ဆေးမြိုင်ပန်းခြံ မြစ်ကမ်းထိန်းလုပ်ငန်း Geotextile ကပ်နံရံနှင့် ရေထဲပိုင်း Geo-Bag ချခြင်း အလျားပေ ၃၂၀ တည်ဆောက်ခြင်းလုပ်ငန်းကို မြတ်ဘုန်းယံ ကုမ္ပဏီက ငွေကျပ် ၁၉၃ ဒသမ ၂၀ သန်း ဖြင့် တင်ဒါအောင်မြင်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ မြန်အောင်တာမိုင် ၆/၃ မကျီးစုတာ၊ မြန်အောင်တာမိုင် ၆/၇ နှင့် ၇/၀ အတွင်း လွန်ဆေးမြိုင်ပန်းခြံအနီးနှင့် မြန်အောင်မြို့နယ် ရွှေကျင်ဘုရားလှ ကျေးရွာတို့တွင် မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟသ်ာတခရိုင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**




မိမိက ဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်၊ နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး(သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့်နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ပါ။ အခြားအတူနေသူများနှင့် (၆)ပေအကွာတွင်သာ နေထိုင် ပြောဆိုပါ။
ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အားအင်ကုန်ခမ်းခြင်းနှင့် အသက်ရှူရ ခက်ခဲခြင်းများရှိနေပါက အနီးဆုံး ဆေးရုံဆေးခန်းသို့ သွားရောက်ပြသပါ။

# ချင့်ယှိုး၊ ပွားများ လူမှုကွန်ရက်များ

## လင်းနိုင်

ဆောင်းရာသီရဲ့ အေးမြမြနံနက်ခင်းမှာ နှင်းစက်တွေနဲ့ အတူ လမ်းလျှောက်ခြင်းကို အချိန်ပေးပြီး မဖြစ်မနေ လုပ်ဆောင်ဖြစ်တယ်။ ရုပ်ပိုင်းရော၊ စိတ်ပိုင်းဆိုင်ရာပါ များစွာအထောက်အကူဖြစ်စေတဲ့ လမ်းလျှောက်ခြင်းကြောင့် စိတ်ရောကိုယ်ပါ တစ်နေ့တာလုံး ကြည်လင်လန်းဆန်းနေပြီး နေ့စဉ်လုပ်ဆောင်ရမယ့် နိုင်ငံ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်တာပဲ ဖြစ်ပါတယ်။

နံနက်ခင်း လမ်းလျှောက်ပြန်ရောက်တိုင်း ရေအဝသောက်ပြီး ခဏလေး အနားယူချိန်မှာ လူမှုကွန်ရက်တွေက သတင်းအဖုံဖုံကို သိရအောင် ၁၅ မိနစ်လောက်တော့ ကြည့်ဖြစ်တယ်။ တစ်ခါတလေလည်း နာရီဝက်မက အချိန်ကြာမှန်းမသိ ကြာတတ်တဲ့ ရက်တွေလည်းရှိခဲ့တယ်။ ခုချိန်ကာလမှာတော့ မနက်ခင်း မင်္ဂလာအချိန် ကိုယ့်ရဲ့ကောင်းမြတ်တဲ့ စိတ်တွေကို ထိခိုက်စေမယ့် သတင်းမဟုတ်တဲ့ အတင်းတွေ၊ အဖျင်းတွေ၊ အတုအယောင်စာသား၊ စကားတွေကို ရှောင်ဖို့ ဖုန်းသုံးခြင်းကို လျှော့ချဖြစ်ခဲ့တယ်။

နေ့လယ်ပိုင်းအားချိန် လူမှုကွန်ရက်တွေ ဝင်ကြည့်ချိန်မှာတောင် အများဆုံးတွေ့မြင်နေရ၊ ဖတ်လိုက်ရတာတွေက ဘယ်သူက စတင်မှန်းမသိ စတင်လိုက်တဲ့ သတင်းမှား၊ သတင်းတုတွေ။ အခြေအမြစ်မရှိ၊ မတိကျမရေရာတဲ့ စာသားတွေကို ကူးယူလိုက်၊ ပြန်လည်မျှဝေလိုက်နဲ့ ကိုယ်ပိုင်စဉ်းစားဆင်ခြင်ဉာဏ် မရှိတော့တဲ့ လူသားတွေ ဖြစ်နေပြီသလားတောင် ထင်မိလိုက်ရတယ်။

ဒီကာလမှာ တချို့တချို့ဝန်ထမ်းတွေဟာ လူမှုကွန်ရက်ပေါ်ကို ဘယ်သူစတင်မှန်းမသိတဲ့ စာသားတွေကို ကူးယူပြီး ပြန်လည်ဖော်ပြခြင်း လုပ်ရပ်တွေဟာလည်း ဝန်ထမ်းစည်းမျဉ်းအရ အရေးယူဖို့ ဖော်ထုတ်ရာမှာ စုံစမ်းစစ်ဆေးစရာ မလိုအောင်ကို သက်သေအခိုင်အမာ ဖြစ်နေတတ်တယ်ဆိုတာကို စဉ်းစားဆင်ခြင်နိုင်ဖို့ လိုပါတယ်။ အလုပ်မရှိ အကိုင်မရှိသူတွေ မြောက်ပင့်နေတဲ့ ဘဝနစ်မွန်းရေး လုပ်ရပ်တွေကနေ အမြန်ဆုံး ရုန်းထွက်နိုင်ပြီး ဂုဏ်သိက္ခာရှိရှိ ရုံးပြန်တက်ကြခြင်းသာ အကောင်းဆုံးဆိုတာကို အချိန်မလွန်ခင် အမှန်မြင်နိုင်ကြဖို့ လိုပါတယ်။

တစ်ရက်က ဖတ်လိုက်ရတဲ့ ဖေ့စ်ဘွတ်စာမျက်နှာမှာ နိုင်ငံ့ဝန်ထမ်းတွေကို Civil Disobedience Movement–CDM မှာ ပါဝင်ကြဖို့၊ ပူးပေါင်းကြဖို့ကို ခပ်ကြမ်းကြမ်း၊ ခပ်ပွဲ့ပွဲ့ ရေးသားထားကြသူတွေကို တွေ့လိုက်ရတယ်။ သူတို့ရဲ့ ဖေ့စ်ဘွတ်အကောင့်တွေ ကြည့်လိုက်ပြန်တော့ ဘက်လိုက်ရေးသားနေတဲ့ အဆိပ်အတောက် မီဒီယာသမားတချို့၊ Project နဲ့ ရပ်တည်နေတဲ့ ဝန်ထမ်းတချို့၊ အလုပ်မယ်မယ်ရရ မရှိသူတချို့၊ နိုင်ငံ့ဝန်ထမ်းဘဝကနေ အကြောင်းအမျိုးမျိုးနဲ့ ထွက်သွားသူ၊ အလုပ်ပြုတ်သွားသူတချို့၊ တစ်ချိန်က တင်ဒါတွေနဲ့ ချမ်းသာကြီးပွားခဲ့သူတချို့။ ဒီလို ဒီလို လူတွေက အများစု။

လူမှုကွန်ရက်သုံးစွဲသူ တချို့ကလည်း သတင်းမှား၊ သတင်းတု၊ အတင်းအဖျင်းသတင်းမှန်း သိလျက်နဲ့ပင် ပြန်လည်မျှဝေခြင်းကို ပြုလုပ်နေကြတာကလည်း သတင်းမှန်ဖို့ထက် သတင်းဖြန့်ဖို့ကို စိတ်ခံစားမှုနဲ့ ပေါ်ပြူလာဖြစ်မှုအတွက် ဦးတည်နေခြင်းသာ ဖြစ်ပါတယ်။ သတင်းအချက်အလက် မှန်ကန်မှုနည်းနေတဲ့ မြန်မာ့လူမှုကွန်ရက်က သတင်းတွေကို အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ဖို့ရာမှာ ပညာနဲ့ယှဉ်ထိုး ဆုံးဖြတ်နိုင်မှသာ သတင်းမှား သတင်းမှန် ခွဲခြားသိမြင် ပိုင်းခြားဝေမျှနိုင်မှာ ဖြစ်ပါတယ်။

လူမှုကွန်ရက်က အကြောင်းအရာတစ်ခု၊ သတင်းတစ်ပုဒ်ကို ဖတ်ပြီဆိုတာနဲ့ သတင်းရင်းမြစ်ကို ဦးစွာဆန်းစစ်ရမှာ ဖြစ်ပါတယ်။ ခုရက်ပိုင်း ဖေ့စ်ဘွတ်စာမျက်နှာမှာ တွေ့ရတာတွေက သတင်းရင်းမြစ်မပါဘဲ ခရက်ဒစ်(Crd:) ဟုသာ ဖော်ပြပြီး သတင်းမှား၊ အတင်းအဖျင်း အကြောင်းအရာတွေက ခပ်များများ။ သတင်းရဲ့ ရည်ရွယ်ချက်ကို ကြည့်လိုက်ပြန်တော့ ဒီမိုကရေစီဟု နှုတ်က တတွတ်တွတ်ရွတ်ကာ လုပ်ရပ်က စည်းမဲ့ကမ်းမဲ့၊ အများသူငါကို နည်းမျိုးစုံနဲ့ နှောင့်ယှက်နေကြတဲ့ ကိစ္စတွေ။ ရေးသားထားတဲ့ သတင်းတွေမှာ အချက်အလက်တွေဟာ မြေပြင်အခြေအနေနဲ့ ကိုက်ညီမှုမရှိဘဲ လိုရာကိုဆွဲပြီး ပြည်သူတွေ ဆူပူအောင်၊ စိတ်အနှောင့်အယှက်ဖြစ်အောင် ချဲ့ကားရေးသားထားတာတွေဟာလည်း သတင်းမှားနဲ့ ပြည်သူတွေ လမ်းလွဲရောက်အောင် လုပ်ကြံလီဆယ်မှုဆိုတာ ဆက်စပ်ကြည့်လိုက်ရင် သိနိုင်ပါတယ်။

ခုလို ကိုဗစ်–၁၉ ရောဂါကြောင့် ကိုယ့်နိုင်ငံတင်မဟုတ်ဘဲ တစ်ကမ္ဘာလုံး အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးနေချိန်မှာ "နိုင်ငံ့ဝန်ထမ်းအလုပ်ကို ရဲရဲသာထွက်လာခဲ့လိုက်။ ရန်ကုန်မှာ အလုပ်တွေ ပေါတယ်၊ လာသာလာခဲ့လိုက်ဆိုတဲ့" စကားတွေဟာ ဘယ်လောက်များ ဟာသဖြစ်စရာလဲ။ ရန်ကုန်မှာနေတဲ့ ဒေသခံတွေထဲက လူငယ်အများစုတောင် အလုပ်ရဖို့ အခက်အခဲတွေ ရင်ဆိုင်နေရချိန်၊ ဒေသခံမဟုတ်တဲ့သူတွေအတွက် နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး အခက်အခဲမျိုးစုံကို လက်တွေ့ ချင့်ချိန်ကြည့်ဖို့ လိုပါတယ်။ လက်ရှိဘဝကနေ လက်မဲ့ဘဝကို နေ့ချင်းညချင်းရောက်သွားပြီး ယောင်ဝါးဝါး ဝေလေလေနဲ့ နေရမယ့် နေ့ရက်တွေဟာ ပညာတတ်နိုင်ငံ့ဝန်ထမ်းအတွက် ဆီလျော်ထိုက်တန်တဲ့ ကိစ္စမဟုတ်တာကြောင့် လမ်းမှားကိုစွန့်ပြီး လမ်းမှန်ကို အမြန် ပြန်လည်လျှောက်လှမ်းလာဖို့ တိုက်တွန်းပါတယ်။

**လူမှုကွန်ရက်သုံးစွဲသူ တချို့ကလည်း သတင်းမှား၊ သတင်းတု၊ အတင်းအဖျင်းသတင်းမှန်း သိလျက်နဲ့ပင် ပြန်လည်မျှဝေခြင်းကို ပြုလုပ်နေကြတာကလည်း သတင်းမှန်ဖို့ထက် သတင်းဖြန့်ဖို့ကို စိတ်ခံစားမှုနဲ့ ပေါ်ပြူလာဖြစ်မှုအတွက် ဦးတည်နေခြင်းသာ ဖြစ်ပါတယ်။ သတင်းအချက်အလက် မှန်ကန်မှုနည်းနေတဲ့ မြန်မာ့လူမှုကွန်ရက်က သတင်းတွေကို အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ဖို့ရာမှာ ပညာနဲ့ယှဉ်ထိုး ဆုံးဖြတ်နိုင်မှသာ သတင်းမှား သတင်းမှန် ခွဲခြားသိမြင် ပိုင်းခြားဝေမျှနိုင်မှာ ဖြစ်ပါတယ်။**

**ခုလို ကိုဗစ်-၁၉ ရောဂါကြောင့် ကိုယ့်နိုင်ငံတင်မဟုတ်ဘဲ တစ်ကမ္ဘာလုံး အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးနေချိန်မှာ "နိုင်ငံ့ဝန်ထမ်းအလုပ်ကို ရဲရဲသာထွက်လာခဲ့လိုက်။ ရန်ကုန်မှာ အလုပ်တွေပေါတယ်၊ လာသာလာခဲ့လိုက်ဆိုတဲ့" စကားတွေဟာ ဘယ်လောက်များ ဟာသဖြစ်စရာလဲ။ ရန်ကုန်မှာနေတဲ့ ဒေသခံတွေထဲက လူငယ်အများစုတောင် အလုပ်ရဖို့ အခက်အခဲတွေ ရင်ဆိုင်နေရချိန် ဒေသခံမဟုတ်တဲ့သူတွေအတွက် နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး အခက်အခဲမျိုးစုံကို လက်တွေ့ချင့်ချိန်ကြည့်ဖို့ လိုပါတယ်။ လက်ရှိဘဝကနေ လက်မဲ့ဘဝကို နေ့ချင်းညချင်းရောက်သွားပြီး ယောင်ဝါးဝါး ဝေလေလေနဲ့နေရမယ့် နေ့ရက်တွေဟာ ပညာတတ်နိုင်ငံ့ဝန်ထမ်းအတွက် ဆီလျော်ထိုက်တန်တဲ့ကိစ္စမဟုတ်တာကြောင့် လမ်းမှားကိုစွန့်ပြီး လမ်းမှန်ကို အမြန် ပြန်လည်လျှောက်လှမ်းလာဖို့ တိုက်တွန်းပါတယ်။**

လူမှုကွန်ရက်ဆိုတာက ကောလာဟလ ပေါင်းစုံတက်တယ်။ ဒီအပေါ်မှာ အခွင့်ကောင်းယူပြီး နိုင်ငံဆူပူမှုဖြစ်အောင်၊ အလုံးစုံပျက်သုဉ်းရေးဆီ ဦးတည်တာတွေဟာ ဘယ်လိုမှ နိုင်ငံအပေါ်ထားတဲ့ စိတ်ထားစေတနာ မကောင်းဘူး၊ မမှန်ကန်ဘူး။ အထူးသဖြင့် သတင်းတု၊ သတင်းမှား ဖြန့်ချိနေသူတွေက Disinformation Campaign၊ Misinformation Campaign သဘောလုပ်နေကြတာကြောင့် မိမိဖေ့စ်ဘွတ်အကောင့်ထဲမှာ သတင်းတု၊ သတင်းမှား မျှဝေသူတွေကို မထားသင့်တော့ပါဘူး။ ဖေ့စ်ဘွတ်ဆိုတာ မိမိအကောင့်ထဲ လူကောင်းများရင် ကောင်းမွန်တဲ့ အကျင့်စရိုက်တွေကို အချင်းချင်းမျှဝေ ပြန့်ပွားနိုင်ပြီး စိတ်အေးချမ်းမှု မေတ္တာခါတ်ရသလို လူဆိုးသူယုတ်တွေများလာရင်တော့ မကောင်းတဲ့အတွေးအခေါ် စရိုက်ဆိုးစရိုက်ကြမ်းများကြောင့် အတ္တနဲ့မာနတို့သာ ရရှိကြမှာဖြစ်ပါတယ်။

ဒီနေရာမှာ မာနဆိုတာကို အနည်းငယ်မျှ အကျဉ်းချုံးဖော်ပြပါဦးမယ်။ မာနဆိုတာ တက်ကြွခြင်း၊ ထောင်လွှားခြင်းလို့ အဓိပ္ပာယ်ရပြီး မာနတရားကြောင့် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပိုစေပါတယ်။ မာနရှိနေသရွေ့ ပူလောင်မှုနဲ့ လောင်မြိုက်နေမှာ ဖြစ်ပါတယ်။ မာနနဲ့ပတ်သက်လို့ မန်လည်ဆရာတော်ကြီးက "လောကလူတွင်၊ ငါသာလျှင်တိ၊ ငါ့ပြင်မရှိ၊ ထင်ဘိမှတ်ယောင်၊ မောဟဆောင်၍၊ အန်ထောင်မာန၊ မမူရတည့်၊ သုတတရား၊ မြင်ကြားအသိ၊ များစွာရှိလည်း၊ သတိမယှဉ်၊ သမ္ပဇဉ်မမှီး၊ မာနကြီးက၊ ခွေးမြီးပမာ၊ မည်စပါခဲ့၊ ထောင်ကာမတ္တာ၊ သုံးမကျရှင့်၊ သူများကိုသာ၊ နှိပ်လိုစွာဖြင့်၊ ရန်စွာထိပါး၊ အပြစ်များ၏"ဟု မဃဒေဝလင်္ကာအဖြစ် စပ်ဆိုခဲ့ပြီး လူသားများအနေနဲ့ မာနကို အကြွင်းမဲ့ မပယ်သတ်နိုင်သေးသော်လည်း သတိတရားနဲ့ ထိန်းချုပ်နိုင်ကြဖို့ တိုက်တွန်းဆုံးမတော်မူခဲ့ခြင်းဖြစ်ပါတယ်။

ဒါကြောင့် CDM မှာ ပါဝင်လှုပ်ရှားနေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့လည်း သတိတစ်ချက်အလွတ်မှာ ရောယောင်ပြီး နားယောင်ကာ မပါဝင်ထိုက်တဲ့ လုပ်ရပ်တွေကို အမြန်ဆုံး ဆင်ခြင်နိုင်ပြီး တလွဲမာနတို့ဖြင့် အံကြိတ်ကာ ဘဝကို ရှင်သန်နေမယ့်အစား မိမိတတ်သိထားတဲ့ ပညာနဲ့ ကျွမ်းကျင်တတ်မြောက်ထားတဲ့ အလုပ်ကို တန်ဖိုးထားကာ နိုင်ငံအတွက်၊ ပြည်သူ့အတွက်၊ မိသားစုအတွက်၊ ဘဝအတွက် ဆိုင်ရာလုပ်ငန်းခွင်သို့ အမြန်ပြန်လည်ဝင်ရောက်ကြရန် အချိန်တန်ပြီ ဖြစ်ပါတယ်။

ငယ်စဉ်ကတည်းက အရွယ်ရောက်သည်အထိ သင်ကြားခဲ့ရတဲ့ သင်ညာ(ပညာ)တွေကြောင့် နိုင်ငံတော်ရဲ့ တစ်ထောင့်တစ်နေရာကနေ နိုင်ငံအတွက်၊ ပြည်သူအတွက် ကျရာတာဝန်ကို ပါဝင်ထမ်းဆောင်ခွင့်ရရှိနေကြပြီဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ လုပ်ငန်းခွင်မှ ရရှိတဲ့ ပညာရပ်အစုံစုံတို့ ပေါင်းဖက်ပြီး သင်ညာရောပညာပါ စုံလင်စွာတတ်မြောက်ခွင့်ရရှိနေပြီ ဖြစ်ပါတယ်။ ဤသို့ဆိုလျှင် နိုင်ငံ့ကျေးဇူး၊ ဌာနကျေးဇူး၊ လုပ်ဖော်ကိုင်ဖက် ဆရာသမားများရဲ့ မေတ္တာတို့ဖြင့် "အပြုံးမပျက် ရုံးတက်"ပြီး နိုင်ငံ့တာဝန်တွေကနေ "ရုန်းမထွက်ဘဲ ရုံးတက်"ကြရင်း တိုင်းပြည်ရဲ့အနာဂတ်ကို ထုံမွှမ်းအလှဆင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

---

# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ လှိုင်းဘွဲ့မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိုင်ကြီးငူအထူးဒေသရှိ မြိုင်ကြီးငူ ဥယျာဉ်ခြံ ကျောင်းဆရာတော် ဦးဉာဏိကအား သွားရောက်ဖူးမြော်ကန်တော့၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့ပြင် မြိုင်ကြီးငူ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကာ ကျောင်းအုပ်ဆရာမကြီးနှင့်တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကျုံထော်ရေတံခွန်သို့ သွားရောက်ကာ ရေတံခွန်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားသည်။ လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်က ယာယီဖွင့်လှစ်ထားသော ဆေးခန်းအား လှည့်လည်ကြည့်ရှု၍ ဆေးကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေးစကားပြောကြားပြီး အလှူငွေများ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■



# ဂျပန်ဝန်ကြီးချုပ် ဆူဂါ ဂျီ-၇ ဆွေးနွေးပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်



**တိုကျို ဖေဖော်ဝါရီ ၂၀**

ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် ဖေဖော်ဝါရီ ၁၉ ရက်၌ ကျင်းပသည့် ဂျီ-၇ ခေါင်းဆောင်များ၏ ဆွေးနွေးပွဲသို့ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် တက်ရောက်ခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံသည် တိုကျိုအိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကို နွေရာသီကာလအတွင်း ကျင်းပရန် ဆုံးဖြတ်ထားကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက စက်မှုထိပ်သီး ခုနစ်နိုင်ငံ ဂျီ-၇ သို့ ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ကြောင့် ဂျီ-၇ ခေါင်းဆောင်များကလည်း ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည့် တိုကျိုအိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကို အပြည့်အဝ အထောက်အပံ့ပေးရန် ကတိပြုခဲ့ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် ၎င်းဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ယူခဲ့သည့် စက်တင်ဘာလနောက်ပိုင်းကတည်းက ကိုဗစ်-၁၉ ကပ်ရောဂါနှင့်စပ်လျဉ်း၍ ဂျပန်ပြည်သူများ၏ ဘဝနှင့် အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ရန် မယိမ်းယိုင်သည့်ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ရာတွင် အရေးကြီးပါကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ပြောကြားခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဖြန့်ဖြူးမှုကို အရှိန်မြှင့်လုပ်ဆောင်ရန်လည်း ဂျီ-၇ ခေါင်းဆောင်များသို့ တောင်းဆိုခဲ့ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်သို့ အမေရိကန်ဒေါ်လာ သန်း ၂၀၀ အထိ တိုးမြှင့်ထည့်ဝင်သွားရန်လည်း ကတိပြုခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**



# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု တရားဝင်စတင်

**အောက်ကလန်း ဖေဖော်ဝါရီ ၂၀**

နယူးဇီလန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ယနေ့မှစ၍ တရားဝင်ဆောင်ရွက်လျက်ရာ အောက်ကလန်းမြို့ရှိ စောင့်ကြည့်ရေးစင်တာ၌ စောင့်ကြည့်ခံနေရသော အလုပ်တာဝန်ဖြင့် ပြည်တွင်းနှင့် ပြည်ပအကြား အသွားအလာများသည့်နိုင်ငံသား အလုပ်သမားများကို ပထမဦးစားပေးအနေဖြင့် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

နယူးဇီလန်အစိုးရသည် ယနေ့မှစ၍ ပြည်ပသို့ အသွားအလာများသည့်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ခြင်းနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ရောဂါ တုံ့ပြန်ရေးနယ်ပယ်တွင် အရေးကြီးသောအမှတ်တစ်ခုသို့ ရောက်ရှိလာပြီဖြစ်ကြောင်း နယူးဇီလန် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် အာ့ရှ်လီဘလွမ်းဖီးလ်က ပြောကြားသည်။

အလုပ်တာဝန်ဖြင့် ပြည်တွင်းနှင့် ပြည်ပနိုင်ငံများအကြား အသွားအလာများသော နိုင်ငံသား အလုပ်သမားများအား ပထမဦးစားပေးအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းအားဖြင့် နိုင်ငံ၏သမိုင်းတစ်လျှောက် အကြီးမားဆုံးကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယနေ့စတင်ခဲ့ရာ ပြည်သူများအကြား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခြင်းမှ ကာကွယ်ရေးအတွက် အရေးကြီးသောခြေလှမ်းတစ်ရပ်ပင်ဖြစ်ကြောင်း၎င်းက ထပ်မံပြောကြားသည်။

ထို့အတူ နယူးဇီလန်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဝယ်လင်တန်မြို့တွင် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ ဆောင်ရွက်မည်ဖြစ်ပြီး ခရစ်စ်ချာ့ချ်မြို့တွင် ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် လာမည့်သီတင်းပတ်အနည်းငယ်အတွင်း နိုင်ငံတစ်ဝန်းရှိ စောင့်ကြည့်ရေးစင်တာများတွင် စောင့်ကြည့်ခံနေရသော ပြည်တွင်းနှင့် ပြည်ပနိုင်ငံများအကြား အသွားအလာများသော ကျန်အလုပ်သမားများနှင့် နိုင်ငံတစ်ဝန်းရှိကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးစင်တာများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းပေါင်း ၁၂၀၀၀ ခန့်တို့ကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နယူးဇီလန်အစိုးရသည် ပြည်တွင်းနှင့် ပြည်ပနိုင်ငံများအကြား အသွားအလာများသော အလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးနောက် ၎င်းတို့နှင့် ထိတွေ့မှုရှိသော အိမ်ထောင်စုများကို ဆက်လက်ထိုးနှံပေးမည်ဖြစ်သည်။ ထို့အပြင် ပြည်သူတစ်ရပ်လုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုကို ၂၀၂၁ ခုနှစ် ဒုတိယနှစ်ဝက်ခန့်မှ စတင်ဆောင်ရွက်မည်ဟု မျှော်လင့်ရကြောင်း နယူးဇီလန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးစီမံကိန်းအရ သိရသည်။

အမေရိကန်နှင့် ဂျာမနီဆေးဝါးကုမ္ပဏီဖြစ်သည့် Pfizer-BioNTech ကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအသုတ်သည် ဖေဖော်ဝါရီ ၁၅ ရက်က နယူးဇီလန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် အောက်ကလန်းမြို့တွင် ပြည်သူ ၂၅ ဦးအား ပထမဆုံးအဖြစ် ထိုးနှံပေးခဲ့သည်။

နယူးဇီလန်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် နိုးနိုးကြားကြားနေကြရန်နှင့် အခြေခံတစ်ကိုယ်ရည် သန့်ရှင်းရေးလုပ်ဆောင်ကြရန် ပြည်သူများအား တိုက်တွန်းလိုက်သည်။ ထို့အပြင် နိုင်ငံအတွင်း အကြီးဆုံးမြို့ဖြစ်သည့် အောက်ကလန်းမြို့တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတိပေးချက်အဆင့် ၂ ကို ထုတ်ပြန်ထားပြီး ကျန်အခြားမြို့များတွင် သတိပေးချက်အဆင့် ၁ ကို ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။ နယူးဇီလန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၉၄ ဦးရှိပြီး ၎င်းတို့အနက် ၅၁ ဦးသည် လတ်တလောအချိန်၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# အီရန်နျူကလီးယားအရေး ဆွေးနွေးမှုမပြုမီ စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားစေလိုကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**တီဟီရန် ဖေဖော်ဝါရီ ၂၀**

အီရန်နျူကလီးယားသဘောတူညီချက်နှင့် ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမှုများ မပြုလုပ်မီ အမေရိကန်နိုင်ငံက အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားပေးသင့်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗတ်ဇာရစ်ဖ်က အလေးပေးပြောကြားခဲ့သည်။

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်လက်ထက်တွင် အီရန်နိုင်ငံအပေါ်ချမှတ်ခဲ့သည့် စီးပွားရေးပိတ်ဆို့မှုများကို အပြီးတိုင်ဖယ်ရှားရန် အီရန်နိုင်ငံခြားရေးဝန်ကြီး ဇာရစ်ဖ်က ၎င်း၏ တွစ်တာစာမျက်နှာတွင် ယမန်နေ့က ရေးသားခဲ့သည်။

အီရန်နိုင်ငံ၏ နျူကလီးယားဆိုင်ရာ လုပ်ဆောင်ချက်များကို ကန့်သတ်ထားသည့် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူစာချုပ်နှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းရန် အမေရိကန်နိုင်ငံက အဆင်သင့်ဖြစ်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်က ပြောကြားခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်က ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့်ပြုလုပ်သည့် အစည်းအဝေးတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို တန်ပြန်သည့်အနေဖြင့် အီရန်နိုင်ငံက ယူရေနီယံသတ္တုရှာဖွေစုဆောင်းမှုကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဇာရစ်ဖ်က ဆိုသည်။ အမေရိကန်နိုင်ငံက စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားပေးခြင်းမရှိပါက ယခုထက်ပိုသည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီး ဇာရစ်ဖ်က ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံသည် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူစာချုပ်မှ စောစီးစွာနုတ်ထွက်သွားပြီး စီးပွားရေးပိတ်ဆို့မှုများကို ပြန်လည်ချမှတ်ခဲ့သည့်အတွက် အီရန်နိုင်ငံအပေါ်ကျင့်သုံးသည့် အမေရိကန်၏ မူဝါဒကို ပြောင်းလဲကျင့်သုံးရန် လိုအပ်ကြောင်း ဇာရစ်ဖ်က ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

အီရန်နျူကလီးယားစာချုပ်ကို နှစ်ပေါင်းများစွာအချိန်ယူဆွေးနွေးမှုများပြုလုပ်ပြီးမှသာ အဖွဲ့ဝင်နိုင်ငံများက သဘောတူညီလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည့်အတွက် တိုက်ချင်းပစ်ဒုံးကျည် ပစ်ခတ်စမ်းသပ်မှု စသည့် ပိတ်ပင်ကန့်သတ်ချက်များကို စာချုပ်အတွင်းသို့ ထပ်မံထည့်သွင်းခြင်းကို ခွင့်ပြုမည်မဟုတ်ပါကြောင်း ဝန်ကြီး ဇာရစ်ဖ်က ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# လာမည့်ဆယ်စုနှစ်အတွင်း 5G ကွန်ရက် တည်ဆောက်ရန် ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံ မလေးရှားနိုင်ငံ သုံးစွဲမည်

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၀**

မလေးရှားအစိုးရက လာမည့်ဆယ်စုနှစ်အတွင်း 5G ကွန်ရက်စတင်ရန် ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံနှင့်ညီမျှသည့် ရင်းဂစ် ၁၅ ဘီလီယံ သုံးစွဲမည်ဖြစ်ရာ မလေးရှားပြည်သူများက လာမည့်နှစ်များအတွင်း ပိုမိုမြန်ဆန်သော အင်တာနက်ချိတ်ဆက်မှု မျှော်မှန်းနိုင်ပြီဖြစ်သည်။



ယခုနှစ်မကုန်မီ 5G ကွန်ရက်ချိတ်ဆက်မှု စတင်မည်ဟု မလေးရှားဝန်ကြီးချုပ် မူယက်ဒင်ယာဆင်က ယမန်နေ့တွင် MyDigital & the Malaysia Digital Economy Blueprint ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။ 5G နည်းပညာက လူနာများအတွက် ကျန်းမာရေးစောင့်ကြည့်မှု အပလီကေးရှင်း၊ စမတ်အရေးပေါ်အကူအညီနှင့် သက်ကြီးပြည်သူများအတွက် အထူးအပလီကေးရှင်းကဲ့သို့သော ကျန်းမာရေးစနစ်ကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ကိုဗစ်-၁၉ ကပ်ရောဂါက ပိုမိုမြန်ဆန်သော အင်တာနက်ဝန်ဆောင်မှု လိုအပ်ချက်ကို ပြသခဲ့ကြောင်း ၎င်းက ပြောသည်။ 5G ကွန်ရက်က လက်ရှိ 4G မိုဘိုင်းလ်ကွန်ရက်ထက် အဆ ၂၀ မြန်ဆန်နိုင်မည်ဖြစ်သည်။ “ကိုဗစ်-၁၉ ကပ်ရောဂါက နိုင်ငံများစွာအတွက် စိန်ခေါ်မှုများဖြစ်လာခဲ့ချိန် ဒစ်ဂျစ်တယ်နည်းပညာရဲ့ အခန်းကဏ္ဍက ပိုပြီး အရေးပါလာခဲ့ပါတယ်” ဟု မူယက်ဒင်က ပြောသည်။

Cloud Service Provider (CSP) ကုမ္ပဏီများက 5G ကွန်ရက် တည်ဆောက်ရေးတွင် လာမည့်ငါးနှစ်အတွင်း ရင်းဂစ် ၁၂ ဘီလီယံမှ ၁၅ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံမည်ဟု ၎င်းက ပြောသည်။ **ကိုးကား - သည်စထရိတ်တိုင်းမ်**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ဂျီ-၇ ခေါင်းဆောင်များက ဝင်ငွေနည်းပါးသောနိုင်ငံများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထောက်ပံ့ရန် ကတိပြု

**မြူးနစ် ဖေဖော်ဝါရီ ၂၀**
ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြန့်ဖြူးပေးရေး COVAX အစီအစဉ်သို့ ကာကွယ်ဆေးများ ထောက်ပံ့ပေးရန် ဂျီ-၇ ခေါင်းဆောင်များက ယမန်နေ့တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေးခဲ့ကြသည်။ ဂျီ-၇ ခေါင်းဆောင်များက ဝင်ငွေနည်းပါးသောနိုင်ငံများသို့ ကာကွယ်ဆေးဖြန့်ဖြူးပေးရေးအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဂျီ-၇ ထိပ်သီးအစည်းအဝေးပြီးနောက် ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။



ဝင်ငွေနည်းပါးသော နိုင်ငံများ ကာကွယ်ဆေး မျှတစွာရရှိရေးအတွက် ကာကွယ်ဆေးထောက်ပံ့မှုပေးရန် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ချမ်းသာသောနိုင်ငံများမှ ဖိအားများနှင့် ရင်ဆိုင်နေရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က COVAX အစီအစဉ်သို့ အမေရိကန်ဒေါ်လာ ၄ ဘီလီယံထောက်ပံ့ပေးရန် အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ကတိပြုပြောကြားခဲ့သည်။

ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဘီလီယံကို ပေးအပ်သွားမည်ဖြစ်ပြီး ကျန်ရှိသည့် ၂ ဘီလီယံကို လာမည့်နှစ်နှစ်အတွင်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဂျာမနီနိုင်ငံကလည်း ကာကွယ်ဆေးအတွက် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ကမ္ဘာပေါ်ရှိ ပြည်သူအားလုံး ကာကွယ်ဆေးထိုးနှံပြီးမှသာ ကပ်ရောဂါကူးစက်မှုမှ လွန်မြောက်နိုင်မည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ဆိုသည်။

ယခုနှစ်ဂျီ-၇ ထိပ်သီးအစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဗြိတိန်နိုင်ငံ၏ ကာကွယ်ဆေးထောက်ပံ့ငွေပမာဏကို ထပ်မံတိုးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဗြိတိန်နိုင်ငံက COVAX အစီအစဉ်သို့ ကာကွယ်ဆေးအတွက် ထောက်ပံ့ငွေ ယူရို ၅၄၈ သန်း ပေးအပ်ခဲ့ပြီးဖြစ်သည်။

ဂျီ-၇ ခေါင်းဆောင်များက ဝင်ငွေနည်းပါးသော နိုင်ငံများ ကာကွယ်ဆေးမျှတစွာ ရရှိစေရေးအတွက် ထောက်ပံ့ငွေများ အသီးသီးပေးအပ်ရန် ကတိပြုလျက်ရှိစဉ် ဥရောပသမဂ္ဂကလည်း ကာကွယ်ဆေးအတွက် ၎င်းတို့၏ ထောက်ပံ့ငွေများကို တိုးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ COVAX အစီအစဉ်သို့ ကာကွယ်ဆေးထောက်ပံ့ငွေ ယူရို သန်း ၅၀၀ မှ ၁ ဘီလီယံအထိ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

COVAX အစီအစဉ်သည် လာမည့်လအနည်းငယ်အတွင်း ကမ္ဘာတစ်ဝန်းသို့ ကာကွယ်ဆေးဖြန့်ဖြူးပေးမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ အနည်းဆုံး ၁ ဒသမ ၃ ဘီလီယံရရှိရန် မျှော်မှန်းထားသည်။

ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများနှင့် ဥရောပသမဂ္ဂအဖွဲ့က ကာကွယ်ဆေးအတွက် ထောက်ပံ့ငွေများ တိုးမြှင့်ပေးအပ်ခြင်းအတွက် ကြိုဆိုပါကြောင်းနှင့် ကမ္ဘာ့နိုင်ငံများ ကာကွယ်ဆေးမျှတစွာရရှိရန်အတွက် ကာကွယ်ဆေးထောက်ပံ့မှုများ လိုအပ်နေသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ် အက်ဒနွမ် ဂါဘရီယီဆက်စ်က ပြောကြားခဲ့သည်။

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့သည် ၎င်းတို့ဝယ်ယူထားသည့် ကာကွယ်ဆေးများထဲမှ ၅ ရာခိုင်နှုန်းကို ဝင်ငွေနည်းပါးသော နိုင်ငံများအား အရေးပေါ်ပေးပို့သင့်ပါကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ် အက်ဒနွမ် ဂါဘရီယီဆက်စ်က ကာကွယ်ဆေးဖြန့်ဖြူးရာတွင် ညီညွတ်မျှတမှုမရှိသည်ကို တွေ့ရှိရကြောင်း ဝေဖန်ပြောကြားခဲ့ပြီးနောက် ချမ်းသာသောနိုင်ငံများက ယခုကဲ့သို့ ကာကွယ်ဆေးထောက်ပံ့ပေးရေးအတွက် ဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် နိုင်ငံအတွင်းရှိ လူဦးရေ ၇၅ ရာခိုင်နှုန်း ကာကွယ်ဆေးထိုးနှံပြီးသည့် နိုင်ငံ ၁၀ နိုင်ငံမျှသာရှိပြီး ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် မစတင်ရသေးသည့် နိုင်ငံပေါင်း ၁၃၀ ခန့်ရှိနေသေးကြောင်း ဂါဘရီယီဆက်စ်က လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သန်း ၁၁၀ ကျော်ရှိပြီး သေဆုံးသူ ၂ ဒသမ ၄ သန်းကျော်ရှိကြောင်း ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ ကိန်းဂဏန်းများအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထွက်ပေါ်လာရန် သုတေသနလုပ်ငန်းများတွင် ငွေကြေးထောက်ပံ့ပေးသည့် ချမ်းသာသော နိုင်ငံများက ကာကွယ်ဆေးများထွက်ပေါ်လာသည့်အချိန်တွင် ကာကွယ်ဆေးများကို ၎င်းတို့ လိုအပ်သည့်ပမာဏထက်ကျော်လွန်ကာ ဝယ်ယူထားပြီးဖြစ်ကြောင်း လေ့လာမှုစစ်တမ်းတစ်ရပ်အရ သိရသည်။

ဩစတြေးလျ၊ ကနေဒါ၊ ဂျပန်၊ ဗြိတိန်၊ အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ကာကွယ်ဆေးအလုံးရေ ၃ ဘီလီယံကျော်ကို ဝယ်ယူထားပြီးဖြစ်သည်။ အဆိုပါ နိုင်ငံများရှိ ပြည်သူများအား ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပေးရန် လိုအပ်သည့် ကာကွယ်ဆေးပမာဏသည် ၁ ဒသမ ၂ ဘီလီယံကျော်သာ လိုအပ်သည်ကို တွေ့ရှိရသည်။

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မရှိသေးသည့် နိုင်ငံပေါင်း ၁၃၀ တွင် ဗိုင်းရပ်စ်ကာကွယ်တားဆီးရေးလုပ်ငန်းများကို ရှေ့တန်းမျက်နှာစာမှ ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများသည် ရောဂါကူးစက်မှုအန္တရာယ်များနှင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်ကို မျှော်မှန်းထားသည့်အတိုင်း ဆောင်ရွက်နိုင်သည့်တိုင် နိုင်ငံတစ်နိုင်ငံ၏ လူဦးရေ ၂၀ ရာခိုင်နှုန်းအတွက်သာ ကာကွယ်ဆေး ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

**ကိုးကား- ဘီဘီစီ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အာရှတိုက်သားများအပေါ် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ အမေရိကန်နိုင်ငံ၌ မြင့်တက်လျက်ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**
အာရှတိုက်သားများအပေါ် ခွဲခြားဆက်ဆံမှု အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုဖြစ်စဉ်များ အမေရိကန်နိုင်ငံတွင် မြင့်တက်လျက်ရှိသည့်အတွက် အဆိုပါကျူးလွန်မှုများနှင့် ပတ်သက်ပြီး ထိရောက်သော အရေးယူမှုများပြုလုပ်ရန် အမေရိကန်ဥပဒေပြု အမတ်များက အာဏာပိုင်များအား ယမန်နေ့က တိုက်တွန်းပြောကြားခဲ့သည်။

အထက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပီလိုစီနှင့် အခြားသော ဒီမိုကရက်တစ်ပါတီဝင် အမတ်များက အထက်ပါကိစ္စရပ်နှင့် ပတ်သက်ပြီး ယမန်နေ့က ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေးခဲ့ကြသည်။



အာရှတိုက်သားများအား အကြမ်းဖက်မှုများနှင့် နှောင့်ယှက်မှုများကို ရှုတ်ချပါကြောင်း လွှတ်တော်အမတ်များက ပြောကြားခဲ့သည်။ ယင်းသို့သော လုပ်ရပ်များကို ကျူးလွန်သူများအား ထိရောက်စွာ အရေးယူမှုများ ပြုလုပ်သွားရန်နှင့် လူမျိုးရေး ခံယူချက်အပေါ် အခြေခံသည့် အမုန်းတရားများ ပပျောက်စေရန် အစွမ်းကုန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း လွှတ်တော်အမတ်များက ဆိုသည်။

ရီပတ်ဘလီကန် အမျိုးသားကော်မတီ ဥက္ကဋ္ဌ ရွန်နာမက်စ်ဒါနီရယ်က နိုင်ငံအတွင်းရှိ အာရှသားများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုနှင့် နှောင့်ယှက်မှုများကို ဆန့်ကျင်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံအတွင်း၌ အာရှသားများအား နှောင့်ယှက်သည့်ဖြစ်စဉ်များ မြင့်တက်လာလျက်ရှိစဉ် ဥပဒေပြုလွှတ်တော်အမတ်များက အထက်ပါအတိုင်း ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဇန်နဝါရီလတွင် ဆန်ဖရန်စစ္စကိုမြို့၌ လူငယ်တစ်ဦးက အသက် ၈၄ နှစ်အရွယ် အာရှတိုက်သား အဘိုးအိုတစ်ဦးအား တွန်းတိုက်ခဲ့ရာ အဆိုပါအဘိုးအိုသည် ဦးခေါင်းနှင့် ပလက်ဖောင်းတိုက်မိပြီး ဆေးရုံ၌ သေဆုံးခဲ့ကြောင်း သိရသည်။

အလားတူ ယခုလအစောပိုင်းတွင် နယူးယောက်မြို့ရှိ လမ်းမပေါ်တွင် အမျိုးသားတစ်ဦးက ၅၂ နှစ်အရွယ် အာရှတိုက်သား အမျိုးသမီးတစ်ဦးအား ရည်ရွယ်ချက်ရှိရှိ တွန်းတိုက်ခဲ့ရာ ချော်လဲပြီး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အမေရိကန်နိုင်ငံ၌ လွန်ခဲ့သောနှစ် မတ်လကစပြီး အာရှတိုက်သားများအား အကြမ်းဖက် နှောင့်ယှက်သည့်ဖြစ်စဉ် ၂၈၀၀ ကျော်ရှိခဲ့ကြောင်း အာရှတိုက်သားများအပေါ် ခွဲခြားဆက်ဆံမှုကို စောင့်ကြည့်သည့်အဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့သည်။ အဆိုပါဖြစ်စဉ်များသည် ယခုနှစ်အတွင်း ပိုမိုဆိုးရွားလာခဲ့ကြောင်း ၎င်းတို့က ဆိုသည်။

အာရှတိုက်သားများအား ခွဲခြားဆက်ဆံပြီး အကြမ်းဖက်နှောင့်ယှက်သည့်ဖြစ်စဉ်များကို ရှုတ်ချရန် ဆန်ဖရန်စစ္စကိုမြို့နေ ပြည်သူများက လမ်းမများပေါ်၌ ဆန္ဒထုတ်ဖော်လျက်ရှိကြသည်။

နယူးယောက် မြို့တွင်လည်း ယခုရက်သတ္တပတ်အတွင်း ဆန္ဒထုတ်ဖော်မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၀၀၀ ကျော်ရှိ

**ဆော်ပေါ်လို ဖေဖော်ဝါရီ ၂၀**
ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၀၅၀ ရှိခဲ့ပြီး သေဆုံးသူ ၁၃၀၈ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၀၈၁၆၇၆ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၄၄၇၆၅ ဦးအထိရှိလာခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်းနိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးနိုင်ငံများစာရင်းတွင် အမေရိကန်နိုင်ငံပြီးပါက ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ပြီးခဲ့သည့်လအတွင်းက ကိုဗစ်-၁၉ ရောဂါကြောင့် နေ့စဉ်သေဆုံးသူအရေအတွက်မှာ ပျမ်းမျှအားဖြင့် ၁၀၀၀ ကျော်အထိရှိခဲ့ကြောင်း သိရသည်။

ဆော်ပေါ်လိုပြည်နယ်သည် ဘရာဇီးနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအများဆုံး ပြည်နယ်ဖြစ်ပြီး လက်ရှိတွင် ဆော်ပေါ်လိုပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၆၀၅၆၄ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၇၄၉၉ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



# ရုရှားနိုင်ငံက တတိယမြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမှတ်ပုံတင်

**မော်စကို ဖေဖော်ဝါရီ ၂၀**

ရုရှားနိုင်ငံသည် တတိယမြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မှတ်ပုံတင်ထားပြီး လာမည့်မတ်လတွင် နိုင်ငံတွင်း၌ ဖြန့်ဖြူးပေးရန် ကတိကဝတ်ပြုလိုက်ကြောင်း ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူစတင်က ယနေ့ ပြောကြားသည်။

ရုရှားနိုင်ငံသည်၎င်း၏ Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ယမန်နှစ် ဩဂုတ်လက မှတ်ပုံတင်ခဲ့ပြီးနောက် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမဆုံး မှတ်ပုံတင်ခဲ့သည့်နိုင်ငံဖြစ်လာခဲ့သည်။ ယခုအခါ ရုရှားထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၂၄ နိုင်ငံထက်မနည်း အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ကြောင်း သိရသည်။

"ရုရှားနိုင်ငံရဲ့ တတိယမြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြစ်သည့် CoviVac ကို ကျွန်တော်တို့ ဒီနေ့အတည်ပြုထားပါတယ်။ လာမယ့်မတ်လလယ်လောက်မှာတော့ ကာကွယ်ဆေးအလုံးရေ ၁၂၀၀၀၀ ခန့်ကို ပြည်သူတွေဆီဖြန့်ဖြူးပေးနိုင်မှာပါ" ဟု ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူစတင်က အစိုးရအဖွဲ့ အစည်းအဝေးတစ်ရပ်တွင် ပြောကြားခဲ့သည်။

ရုရှားအစိုးရသည် ယမန်နှစ်နှောင်းပိုင်းမှစ၍ နိုင်ငံအတွင်း စတင်ဖြစ်ပွားလာသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဒုတိယလှိုင်းကိုတိုက်ဖျက်ရန် တစ်နိုင်ငံလုံးကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအပေါ် မှီခိုအားထားရသည်။ သို့သော် မကြာသေးမီကထုတ်ပြန်သည့် အချက်အလက်များအရ ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုနှုန်း အများဆုံးနိုင်ငံများထဲတွင် ပါဝင်နေဆဲဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရုရှားနိုင်ငံသည် ဒုတိယမြောက် EpiVacCorona ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မှတ်ပုံတင်ထား သည်ဟု သမ္မတပူတင်က ယမန်နှစ် အောက်တိုဘာလတွင် ကြေညာထားသည်။ အဆိုပါကာကွယ်ဆေးကို ယခုလတွင် ထုတ်လုပ်မည်ဟု ရုရှားကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။

တစ်ချိန်တည်းမှာပင် ဝန်ကြီးချုပ်မီရှူစတင်က ရုရှားနိုင်ငံသည် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁၀ သန်းနှင့် EpiVacCorona ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၈၀၀၀၀ ခန့်ကို ထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း ယနေ့ပြောကြားသည်။

ယခုအခါ ရုရှားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကာကွယ်ရေးအတွက် ယနေ့တွင် မိတ်ဆက်ပေးထား သည့် CoviVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပါအဝင် ကာကွယ်ဆေး သုံးမျိုးပိုင်ဆိုင်ထားသည့် တစ်ခုတည်းသောနိုင်ငံဖြစ်လာတော့မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ထပ်မံပြောကြားသည်။

ရုရှားအစိုးရသည် CoviVac ကာကွယ်ဆေးကို လာမည့်မတ်လတွင် စမ်းသပ်မှုအဆုံးသတ်မည်ဖြစ်သည်။ သို့သော် ရုရှားကျန်းမာရေးတာဝန်ရှိသူများသည် အဆိုပါကာကွယ်ဆေးကို အသက် ၆၀ အောက်အရွယ်များအတွက်သာ အသုံးပြုရန် အကြံပြုထောက်ခံထားကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဂျော်တီ**

# ကမ္ဘာတစ်ဝန်း၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း၂၀၀ ကျော် ထိုးနှံပြီးဖြစ်

**ပါရီ ဖေဖော်ဝါရီ ၂၀**

ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၁၀၇ ခုကျော်ရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေသန်း ၂၀၀ ကျော် ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံနှင့် ဒေသပေါင်း ၁၀၇ ခုကျော်မှ ပြည်သူများအား လက်ရှိအချိန်အထိကိုဗစ်-၁၉ရောဂါကာကွယ်ဆေးအလုံးရေ ၂၀၁၀၄၂၁၄၉ ခန့် ထိုးနှံပေးခဲ့ပြီးဖြစ်ရာ ယင်းတို့အနက် ၄၅ ရာခိုင်နှုန်းကို ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများတွင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။ ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများတွင် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီနှင့် ဂျပန်နိုင်ငံတို့ပါဝင်ပြီး ယင်းအဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်းလူဦးရေမှာ ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းမျှသာရှိသည်။

ထို့အပြင် ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်လျက်ရှိသည့်နိုင်ငံများနှင့် ပိုမိုမျှတစွာဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမျှသုံးကြရန် ဖေဖော်ဝါရီ ၁၉ ရက်က ကတိကဝတ်ပြုခဲ့ကြသလို ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်းခန့် ပံ့ပိုးပေးရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

ထို့အပြင် ကမ္ဘာတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအားလုံး၏ ၈၂ ရာခိုင်နှုန်းကို ကမ္ဘာ့ဘဏ်က ဝင်ငွေ မြင့်မားသောနိုင်ငံများ သို့မဟုတ် ဝင်ငွေအလယ်အလတ်ရှိသောနိုင်ငံများအဖြစ် သတ်မှတ်ထားသည့်နိုင်ငံများရှိ ပြည်သူများကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။ ဝင်ငွေများသော သို့မဟုတ် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများ၏ စုစုပေါင်းလူဦးရေမှာ ကမ္ဘာ့လူဦးရေအားလုံး၏ ထက်ဝက်ခန့်ရှိသည်။ ထို့အတူ ကမ္ဘာ့ဘဏ်က ဝင်ငွေနည်းပါးသောနိုင်ငံများအဖြစ် သတ်မှတ်ထားသည့် နိုင်ငံပေါင်း ၂၉ အနက် ဂီနီယာနှင့် ရဝန်ဒါနိုင်ငံတို့သာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို လတ်တလောအချိန်တွင် စတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရ သည်။

အစ္စရေးအစိုးရသည် နိုင်ငံ၏လူဦးရေ ထက်ဝက်နီးပါးအား ပထမအကြိမ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ခြင်းနှင့် အတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု နယ်ပယ်တွင် အခြားနိုင်ငံများအား ကျော်လွန်ပြီး ထိပ်ဆုံးမှ ဦးဆောင်လာခဲ့သည်။ အစ္စရေးအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအပြည့်အဝ ကာကွယ်နိုင်ရေးအတွက် ပြည်သူသုံးဦးလျှင် တစ်ဦးကို ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ ကြောင်း သိရသည်။

ထို့အပြင် ကျန်အခြားနိုင်ငံများသည် ၎င်းတို့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်သာ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ကြသည်။ အမေရိကန်ပြည်ထောင်စုသည် လက်ရှိအချိန်အထိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၅၉ ဒသမ ၆ သန်းခန့် ထိုးနှံပေးခဲ့ရာ ကမ္ဘာပေါ်တွင်ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးအများဆုံး ထိုးနှံပေးနိုင်ခဲ့သည့်နိုင်ငံဖြစ်လာသည်။

ထို့အတူ တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၄၀ ဒသမ ၅ သန်း၊ ဗြိတိန်တွင် ၁၇ ဒသမ ၅ သန်း၊ အိန္ဒိယတွင် ၁၀ ဒသမ ၇ သန်းနှင့် အစ္စရေးတွင် ၇ ဒသမ ၁ သန်းစသည်ဖြင့် ပြည်သူများအား အသီးသီး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျော်တီ**

■

# တရုတ်နိုင်ငံက ဘီလာရုစ်နိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထောက်ပံ့

**မင့်စ်ခ် ဖေဖော်ဝါရီ ၂၀**




တရုတ်နိုင်ငံက ဘီလာရုစ်နိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ထိုသို့ တန်ဖိုးကြီးသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထောက်ပံ့ပေးမှုအတွက် တရုတ်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ဘီလာရုစ်နိုင်ငံ ကျန်းမာရေးဝန်ကြီး ဒီမီထရီပီနီဗစ်ချ်က ဖေဖော်ဝါရီ ၁၉ ရက်က ပြုလုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတစ်ရပ်တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် ဘီလာရုစ်နိုင်ငံတို့၏ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးအကြား ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် အရေးကြီးသည့် သဘောတူညီချက်များ၏ တစ်စိတ်တစ်ဒေသအဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို တရုတ်နိုင်ငံက ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထောက်ပံ့မှုသည် တရုတ်နိုင်ငံနှင့် ဘီလာရုစ်နိုင်ငံတို့အကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို သက်သေပြခြင်းဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများ၏ ဘီလာရုစ်အစိုးရနှင့် ပြည်သူများအပေါ်ထားရှိသည့် ရင်းနှီးဖော်ရွေမှုကို ထုတ်ဖော်ပြသခြင်းဖြစ်ကြောင်း ဘီလာရုစ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ရှီရှောင်ယန်က ပြောကြားခဲ့သည်။

ဘီလာရုစ်နိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၇၆၉၉၀ နှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉၀၃ ဦးအထိရှိခဲ့ကာ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၂၆၆၈၉၂ ဦးရှိခဲ့ကြောင်း ဘီလာရုစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# မွန်ဂိုလီးယားနိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတွက် အမေရိကန်ဒေါ်လာ ၇၉ ဒသမ ၃ ဘီလီယံ သုံးစွဲမည်

**အူလန်ဘာတာ ဖေဖော်ဝါရီ ၂၀**




မွန်ဂိုလီးယားနိုင်ငံသည် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၇၉ ဒသမ ၃ ဘီလီယံသုံးစွဲသွားမည်ဖြစ်ကြောင်း မွန်ဂိုလီးယား ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

မွန်ဂိုလီးယားအစိုးရသည် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ထိုးနှံခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်အားလုံးအတွက် အမေရိကန်ဒေါ်လာ ၇၉ ဒသမ ၃ ဘီလီယံအသုံးပြုရန် အတည်ပြုထားပြီးဖြစ်ကြောင်း မွန်ဂိုလီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး အန်ခ်ဘိုးလ်က ပြောကြားခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံသည် နိုင်ငံလူဦးရေ ၃ ဒသမ ၃ သန်းအနက် အနည်းဆုံး ၆၀ ရာခိုင်နှုန်း သို့မဟုတ် နိုင်ငံအတွင်းရှိ အရွယ်ရောက်ပြီးသူအားလုံးကို ၂၀၂၁ ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်လျက်ရှိပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို လာမည့်သီတင်းပတ်အတွင်း စတင်နိုင်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် မွန်ဂိုလီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၈၆ ဦးရှိခဲ့ကာ ခြောက်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ မွန်ဂိုလီးယားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၂၁၀၀ ကျော်သည် ပြည်တွင်း၌ ကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်းနှင့် နိုင်ငံ၏ လူဦးရေ ထက်ဝက်ကျော်ရှိသည့် မြို့တော်အူလန်ဘာတာ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၀၀ ကျော်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၁၁၃၄၀၆၃၀ ဦး

သေဆုံးသူ
၂၄၆၅၅၉၀ ဦး

ပြန်လည်ကျန်းမာလာသူ
၈၆၂၂၀၆၇၂ ဦး







# ညောင်ရွှေနှင့်တောင်ကြီးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ


ခွန်လူ(ခ)ဟန်ထွန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် ညောင်ရွှေမြို့နယ် ပုံ့မူကျေးရွာအုပ်စု လူးလားကျေးရွာအနီးတွင် ခွန်လူ(ခ)ဟန်ထွန်း မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း။

**အရေးယူထား**

အလားတူ ထိုနေ့ မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့နယ် လွယ်ကောင်းကျေးရွာအနီး ကျောက်တစ်လုံး- တောင်ကြီးသွားကားလမ်းတွင် ခန့်ဇော်ဝင်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား


ခန့်ဇော်ဝင်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မင်းလှမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းနှင့် လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီး

**မင်းလှ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း၌ ယမန်နေ့ ညနေ ၆ နာရီခွဲက မိုးသက်လေပြင်း တိုက်ခတ်မှုဖြစ်ပွားကြောင်း သိရသည်။

မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ဒီးဒုတ်ကန်ကျေးရွာ တွဲဖက်အထက်တန်းကျောင်း အဆောက်အအုံသွပ်မိုး အချပ် ၁၅၀ အမိုးလန်ကာ အလူမီနီယံမျက်နှာကြက်ပျက်စီးခဲ့ပြီး လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၆၃ စီး၊ သွင်းကုန် ၂၁၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်သွင်းကုန် ၂၆၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၀၆၀ သန်းတန်ဖိုးရှိ) တရားမဝင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် ဘေထုပ် 400 Kgs၊ 9 Pkgs၊ အစားသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ခွင့်ပြုချက်မရှိသော တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် အေးခဲကြက်သား 2180 Kgs နှင့် အေးခဲအသားတုမျိုးစုံ 2550 Kgs အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# Civil Disobedience Movement (CDM) ကို ကန့်ကွက်ပါတယ်၊ ဆန့်ကျင်ပါတယ်

ဦးလေးခိုင်

**ဦးလေးခိုင်တို့ရပ်ကွက်မှာ "ရုံးမတက်နဲ့ . . . ရုန်းထွက်" "ရုံးမတက်နဲ့ . . . ရုန်းထွက်" အသံတွေ နေ့စဉ်နေ့တိုင်းလိုလို မကြာမီရက်အတွင်းက ကျယ်ကျယ်လောင်လောင်ကြားနေရပါတယ်။ ရုံးတက်၊ အလုပ်တက်နေတဲ့သူတွေကို ရုံးမတက်နဲ့လို့ "မ"တစ်လုံးဆောင်တဲ့ အကျိုး/အပြစ်ကို တွေးဆကြည့်မိပါတယ်။ "မ" တစ်လုံးရဲ့ တာသွားမှုကို ကျွန်တော် ဦးလေးခိုင် ကျွန်တော့်အမြင်၊ ကျွန်တော့်အတွေးသက်သက်နဲ့ သဘောကွဲလွဲကြည့်မိပါတယ်။**

> **ဦးလေးခိုင်တို့ရပ်ကွက်မှာ ကြားကြား၊ မြင်မြင်နေရတဲ့ ရုံးမတက်ရေး၊ အမိန့်မနာခံရေး၊ ဆန့်ကျင်ရေး၊ မတရားတဲ့ အမိန့်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွေမှာသုံးတဲ့ "မ" ဟာ မရှိ၊ မဖြစ်၊ မလုပ်၊ နတ္ထိဆိုတဲ့ NO, NOT, NONE ဘူးခံငြင်းတာ၊ တိုင်းပြည်ကို ဖျက်ဆီးဖို့ဆိုတဲ့ နိယာမသဘောကို အလေးအနက်ပြဆိုနေတာ ဖြစ်ပါတယ်။ ဒီမလိုက်နာတာ၊ မဆောင်ရွက်တာ၊ ကတ်တီးကတ်ဖဲ့လုပ်တာတွေဟာ ကောင်းကျိုးဘယ်လိုမှမဖြစ်လို့ ဦးလေးခိုင်ကတော့ လုံးဝဆန့်ကျင်ပါတယ်၊ ကန့်ကွက်ပါတယ်လို့ ဆိုလိုက်ချင်။**

"မ" ဆိုတဲ့ အက္ခရာတစ်လုံးဟာ နယ်ပယ်အမျိုးမျိုး၊ အကြောင်းအရာအဖုံဖုံမှာ သက်ရောက်မှုမျိုးစုံ၊ အသိအမှတ်ပြုမှုအထွေထွေနဲ့ အသုံးပြုကြပါတယ်။ "မ" အက္ခရာကို မြန်မာအဘိဓာန်မှာ ကြိယာသဘောအရဖြစ်စေ၊ နာမဝိသေသန သဘောအရဖြစ်စေ၊ နာမ်သဘောအရဖြစ်စေ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုထားပါတယ်။ စည်းသဘောအရဆိုရင်တော့ "မ" အက္ခရာဟာ ကြိယာရဲ့ အနက်ကို ငြင်းပယ်တားမြစ်လိုတဲ့အခါမှာ သုံးတဲ့စကားလုံး ဖြစ်ပါတယ်။

**"မ" ဟာ စွမ်းအားကြီးမား**

သက်ရှိရာဇဝင်မှာ "မ" တစ်လုံးဟာ ကောင်းကျိုးပြုသလို ပျက်စီးခြင်းကိုလည်း လွယ်လွယ်ကူကူ ဆိုက်ရောက်စေပါတယ်။ "မ" ကြိယာဟာ ကောင်းမှုမှ မကောင်းမှု၊ ကောင်းကျိုးမှ မကောင်းကျိုး ဖြစ်စေပါတယ်။ မလုပ်ရ၊ မကိုင်ရ၊ မထိရ၊ မပြောရ၊ မနေရ၊ မသွားရ၊ မစားရ စသဖြင့် ကြိယာတစ်ခုကို "မ" တစ်လုံးကပ်လိုက်တာနဲ့ တားဆီး၊ ဟန့်တား၊ ရပ်တန့်ခြင်းသဘောကို ဆိုက်ရောက်ပါတယ်။ "မ" ဟာ စွမ်းအားကြီးမားပါပေတယ်။

လူဆိုတာကို ပုဒ်လိုင်ခွဲကြည့်မယ်ဆိုရင် "ကျား" ကို အမျိုးသားလို့ဆိုပြီး "မ" ကို အမျိုးသမီးလို့ ဆိုတာကို ပညာရှိတွေက သတ်မှတ်တာ တိတိကျကျ မတွေ့မိပါဘူး။ လူပုဂ္ဂိုလ်ရဲ့ မကောင်းတဲ့ကိစ္စမှာ "မ" ပါနေတာက စိတ်မကောင်းစရာပါပဲ။ ကမ္ဘာ့သမိုင်းရာဇဝင်မှာ "မ" ဆိုတဲ့ အမျိုးသမီးတစ်ယောက်အတွက်နဲ့ ပြည်ပျက်ခဲ့ရတာကို ကြားဖူးကြမှာ ဖြစ်ပါတယ်။ ရောမရာဇဝင်မှာ အလွန်ချောမောလှပတဲ့ အီဂျစ်ဘုရင်မ ကလီယိုပါထရာအတွက်နဲ့ အင်ပါယာကြီး အဆုံးသတ်ခဲ့တဲ့ စိတ်ဝင်စားစရာ ဝတ္ထုဇာတ်လမ်းတွေ ရှိခဲ့ပါတယ်။ မြန်မာရာဇဝင်မှာလည်း ကုန်းဘောင်မင်းဆက်လက်ထက် မိဖုရား(ဘုရင်မ)တွေ ဖျက်လို့ ပျက်စီးခဲ့တဲ့သမိုင်းတွေကိုလည်း မှတ်သားဖူးပါတယ်။

မြန်မာရာဇဝင်မှာ ထင်ရှားကျော်ကြားတဲ့ ဘုရင်ရဲ့ မိဖုရား(ဘုရင်မ)တွေ ရှိခဲ့ပါတယ်။ ယင်းတို့အနက် ကုန်းဘောင်မင်းဆက် စစ်ကိုင်းမင်း(ဘကြီးတော်)ရဲ့ မိဖုရားခေါင်ကြီး နန်းမတော်မယ်နု၊ မင်းတုန်းမင်းရဲ့ မိဖုရားခေါင်ကြီး ဆင်ဖြူမရှင်နဲ့ သီပေါမင်းရဲ့ မိဖုရားခေါင်ကြီး စုဖုရားလတ်တို့ဟာ တစ်မိသားစုတည်းက ဆင်းသက်လာတဲ့ မိဖုရားအဆက်ဆက် ဖြစ်ပါတယ်။ ဒီမိဖုရားသုံးပါးဟာ ဘုရင်ထက်ပင် အာဏာထက်ပါတယ်။ တိုင်းရေးပြည်ရေး၊ နန်းတွင်းရေးတွေမှာ စွက်ဖက်ခြယ်လှယ်ခွင့် ရှိပါတယ်။ ဒါ့ကြောင့်လည်း တိုင်းပြည်အရေးမှာ မိဖုရားတွေက ဝင်ရောက်အာဏာပြခဲ့လို့ နှစ်ပေါင်းထောင်ချီတည်တံ့ခဲ့တဲ့ မြန်မာဘုရင် ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက်ပျက်သုဉ်းပြီး မှန်ကင်းဘဝမှ ထင်းဖြစ်ခဲ့ရပါတယ်။

အာဏာထက်တဲ့မိဖုရားတွေအကြောင်းကို လေ့လာကြည့်မယ်ဆိုရင် စုဖုရားလတ်ဟာ မြန်မာနိုင်ငံ ကျွန်ဘဝရောက်ခဲ့ရတဲ့ အဓိကလက်သည်လို့ ရေးကြတာတွေ ရှိပါတယ်။ မိဖုရား ကလီယိုပါထရာတို့၊ မိဖုရား စုဖုရားလတ်တို့ကို အကြောင်းပြုပြီး "မိန်းမဖျက်လို့ ပြည်ပျက်တာ" ဆိုတဲ့စကား ပေါ်လာပါတယ်။ စုဖုရားလတ်ကတော့ နန်းတွင်းရေး၊ တိုင်းပြည်ရေး အမိန့်အာဏာ ပြင်းထန်တဲ့ ဘုရင်မတစ်ပါးလိုပါပဲ။ ဝန်ကြီးတွေကို သတ္တိမရှိရင် ထဘီဝတ်လို့ ခပ်စွာစွာပြောခဲ့တဲ့ အာဂဘုရင်မတစ်ပါးပဲ။ နောက်ဆုံးတော့ တိုင်းပြည် ကျွန်ဘဝရောက်ရတော့ သမိုင်းတရားခံလို ဖြစ်ခဲ့ရပါတယ်။

အီဂျစ်ဘုရင်မ ကလီယိုပါထရာကတော့ သူ့အတွက်နဲ့ အင်ပါယာကြီးပြိုကွဲခဲ့ရတာပါပဲ။ အလွန်ချောမောလှပတဲ့ မင်းသမီး ဘုရင်မတစ်ဦးကို ရယူပိုင်ဆိုင်လိုစိတ်နဲ့ ခုနစ်ပြည်ထောင်မင်းတွေ စစ်ခင်းကြ၊ သတ်ကြ၊ ဖြတ်ကြနဲ့ အားလုံးသေကျေပျက်စီးဆုံးရှုံးရပုံတွေကို ဖွဲ့နွဲ့ထားတဲ့ ရောမပုံပြင်တွေကို ဖတ်ဖူးကြားဖူးကြမှာ ဖြစ်ပါတယ်။ ဆင်ခြင်စဉ်းစားဉာဏ်အားနည်းတဲ့ ယောကျ်ားတွေရဲ့ ဉာဏ်နည်းမှုတွေ၊ အသိမဲ့ ရူးမိုက်မှုဆန်ဆန်ပုံပြင်ဇာတ်လမ်းရဲ့ အနှစ်ချုပ်ကို "မိန်းမဖျက်လို့ ပြည်ပျက်တယ်" လို့ ကင်ပွန်းတပ်သုံးစွဲ ပြောဆိုလာကြပါတယ်။

ရောမပြည်ကြီး ပျက်စီးသွားတာနဲ့ မြန်မာပြည်ကြီး သူ့ကျွန်ဘဝကို ကျရောက်သွားတာတွေဟာ အဓိက မိန်းမတွေဖြစ်တဲ့ ကလီယိုပါထရာနဲ့ စုဖုရားလတ်တို့ကြောင့်လို့ တံဆိပ်ကပ်ကြတာကို မိန်းမဖျက်လို့ ပြည်ပျက်တယ်လို့ သုံးနှုန်းကြတာဟာ တကယ်တော့ မမှန်ပါဘူး။ တစ်ဦးတစ်ယောက်မှာ အပြစ်ရှိကြောင်းကို ယိုးမယ်မဖွဲ့လိုတာကြောင့် အမျိုးသမီးအားလုံးနဲ့ခြုံပြီး ပုံချလိုက်တာသာ ဖြစ်ပါတယ်။ တကယ်တော့ မိန်းမတွေ အားလုံးကြောင့် မဟုတ်ပါဘူး။ ကလီယိုပါထရာလို၊ စုဖုရားလတ်လို အမျိုးသမီးတစ်ယောက်ကြောင့် ပြည်ပျက်ခဲ့ရခြင်းသာ ဖြစ်ပါတယ်။

**တန်းတူယှဉ်ဖက် တွဲဆက်ထား**

မြန်မာမှုထုံးတမ်းစဉ်လာ လူမှုဘဝ ယဉ်ကျေးမှု နယ်ပယ်တွေမှာ အမျိုးသမီးတွေဟာ ရှေးအစဉ်အဆက် ယနေ့ထက်တိုင်အောင် အမျိုးသားတွေနဲ့အတူ တန်းတူ အခွင့်အရေးရကြပါတယ်။ အမျိုးသမီးတွေကို ချိုးဖဲ့နှိမ်ချခဲ့ခြင်းမရှိခဲ့တာ ယနေ့ထက်တိုင်ပါပဲ။ အမျိုးသားတွေ၊ အမျိုးသမီးတွေဟာ မတူကွဲပြားသော်လည်း စွမ်းဆောင်နိုင်တဲ့ အရည်အချင်းအမျိုးမျိုးမှာ ကွဲပြားခြားနားတာ မရှိရိုးအမှန်ပါ။ တန်းတူစွမ်းဆောင်မှုတွေ၊ တန်းတူညီမျှ အခွင့်အရေးတွေ ရရှိကြပါတယ်။ ရှေးကာလက အမျိုးသမီးတွေဟာ "သျှောင်နောက် ဆံထုံးပါ"၊ "မောင်တစ်ထမ်း မယ်တစ်ရွက်" တန်းတူယှဉ်ဖက် တွဲဆက်ထားတာကို တွေ့ရမှာဖြစ်ပါတယ်။

မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံ အစဉ်အလာမှာ မြတ်နိုးလေးစားစရာ ထူးခြားချက်ဟာ ရှေးနှစ်ပေါင်းများစွာကတည်းက အမျိုးသမီးအခွင့်အရေးတွေကို အညီအမျှ အလေးထား နေရာပေးခဲ့တာပါပဲ။ အခြားလူမျိုးတွေထက် တရားမျှတတဲ့ လူမှုယဉ်ကျေးမှု အစောဆုံး ထွန်းကားခဲ့ပါတယ်။ ဒီထက်မက အမျိုးသမီးတွေကလည်း အရေးပါတဲ့နေရာတွေမှာ ရယူထားနိုင်ခဲ့ပါတယ်။ တခြားနိုင်ငံတွေမှာဆိုရင် အမျိုးသမီးတွေအတွက် အခွင့်အရေး နည်းကြပါတယ်။ တရုတ်လူမျိုးတို့ရဲ့ ဓလေ့ထုံးစံမှာဆိုရင် သားမွေးမှ အမွေပေးပါတယ်။ အိန္ဒိယမှာဆိုရင် မိန်းကလေးက အနှိမ်ခံဘဝ၊ အင်္ဂလိပ်မှာဆိုရင် တန်းတူမဟုတ်၊ အမေရိကန်ဆိုရင် နှစ်ပေါင်းရှည်ကြာအောင် မဲပေးခွင့် မရခဲ့ကြပါဘူး။

မြန်မာ့သမိုင်းမှာ အမျိုးသမီးတွေဟာ အခွင့်အရေး ပိုခဲ့ပါတယ်။ နန်းတွင်းရေး၊ တိုင်းပြည်အရေးတွေမှာ အာဏာနဲ့ခြယ်လှယ်နိုင်ခဲ့တဲ့ ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက်လက်ထက် မိဖုရားသုံးပါးရဲ့ စွမ်းဆောင်ချက်တွေက မြန်မာ့သမိုင်းမှာ အထင်အရှား သက်သေပြခဲ့ပါတယ်။ မြန်မာအမျိုးသမီးတွေဟာ စွမ်းရည်ထက်မြက်တယ်ဆိုသော်လည်း ဉာဏ်အမြော်အမြင်တွေဘက်မှာ အားနည်းမှုတွေရှိခဲ့တာကို ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက် မိဖုရားတွေရဲ့ လုပ်ဆောင်ချက်တွေက မြန်မာဘုရင်စနစ် ချုပ်ငြိမ်းစေခဲ့ရတာသာမက တစ်တိုင်းပြည်လုံး လွတ်လပ်ရေးဆုံးရှုံးရတဲ့ အဖြစ်ဆိုးအထိ ရောက်ခဲ့ရတာကို လေ့လာကြည့်ရင် တွေ့နိုင်ပါတယ်။ တိုင်းပြည်ပျက်တာ မိန်းမတွေကြောင့် မဟုတ်ပါဘူး။ အမျိုးသမီးတစ်ယောက်ကြောင့်သာ ဖြစ်ပါတယ်။

"မ" နဲ့ပတ်သက်လို့ အမျိုးသမီးတွေကို ဝါးလုံးချေးသုတ်ဆွဲထည့်ခဲ့တာ မဟုတ်ပါဘူး။ ပြည်ပျက်တာဟာ အမျိုးသမီးတစ်ယောက်ကြောင့် ဖြစ်တယ်ဆိုတာသာ ဆိုချင်တာဖြစ်ပါတယ်။ ဒါပေမယ့် မကောင်းတဲ့ဘက်ကို ကြိယာဆိုက်စေတဲ့ "မ" ကလည်း ဆိုးကျိုးပေးတာတော့ တကယ်အမှန်ပါပဲ။ ရုံးမတက်နဲ့ဆိုတဲ့ "မ"ဟာ နိုင်ငံကို ဖျက်တဲ့စကားပါ။

**လှုံ့ဆော်ချက်**

**CDM လှုပ်ရှားမှုကို တစ်နိုင်ငံလုံးပြုလုပ်ဖို့ ဖိအားပေးနှိုးဆော်နေကြတာဟာ ဝန်ထမ်းတွေအားလုံး ရုံးမတက်ကြဖို့ဖြစ်ပါတယ်။ ဒီမတက်နဲ့ဆိုတဲ့ "မ"ဟာ ဆိုးကျိုးကိုသာဖြစ်စေပြီး ကောင်းကျိုးမဖြစ်စေနိုင်ပါ။ ဒါဟာ စင်ပြိုင် အာဏာထူထောင်လိုသူတွေရဲ့ "နိုင်ငံသားတွေ အမိန့် အာဏာဖီဆန်ရေးလှုပ်ရှားမှု Civil Disobedience Movement (CDM)" လှုံ့ဆော်ချက် ဖြစ်ပါတယ်။ ကိုယ့်ရဲ့ အားနည်းချက်ကို မဆင်ခြင်ဘဲနဲ့ တိုင်းပြည်အလုံးစုံ ပျက်စီးရေးကို တွန်းပို့နေတဲ့ ယခင်လမ်းဟောင်းအတိုင်း ပြန်လည်လျှောက်လှမ်းနေကြတာ တွေ့ရပါတယ်။ ရည်ရွယ်ချက်ကိုက ကောင်းကျိုးဖြစ်စေဖို့ လုံးဝမပါဝင်ခဲ့ပါ။**

ဦးလေးခိုင်တို့ရပ်ကွက်မှာ ကြားကြား၊ မြင်မြင်နေရတဲ့ ရုံးမတက်ရေး၊ အမိန့်မနာခံရေး၊ ဆန့်ကျင်ရေး၊ မတရားတဲ့ အမိန့်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွေမှာ သုံးတဲ့ "မ" ဟာ မရှိ၊ မဖြစ်၊ မလုပ်၊ နတ္ထိဆိုတဲ့ NO, NOT, NONE ဘူးခံငြင်းတာ၊ တိုင်းပြည်ကို ဖျက်ဆီးဖို့ဆိုတဲ့ နိယာမသဘောကို အလေးအနက်ပြဆိုနေတာ ဖြစ်ပါတယ်။ ဒီမလိုက်နာတာ၊ မဆောင်ရွက်တာ၊ ကတ်တီးကတ်ဖဲ့ လုပ်တာတွေဟာ ကောင်းကျိုးဘယ်လိုမှ မဖြစ်လို့ ဦးလေးခိုင်ကတော့ လုံးဝဆန့်ကျင်ပါတယ်၊ ကန့်ကွက်ပါတယ်လို့ ဆိုလိုက်ချင်ပါတယ်။ ။

# ရမ်းဗြဲမြို့နယ်၌ တောင်ပေါ်ကျေးရွာ ရေဂါလန် ၂ ဒသမ ၈သန်း သိုလှောင်နိုင်မည့် မြေသားရေကန်တူးဖော်



**စစ်တွေ ဖေဖော်ဝါရီ ၂၀**

ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မရွှတ်ချိန်ကျေးရွာအုပ်စု တောင်ပေါ်ကျေးရွာတွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရမ်းဗြဲမြို့နယ် တောင်ပေါ်ကျေးရွာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၆၅ ဒသမ သုည သန်းဖြင့် ပေ ၃၀၀၊ ပေ ၁၅၀၊ ၁၀ ပေ မြေသားရေကန် တူးဖော်ခြင်းကို ရေမျက်တောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ၎င်းလုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့ကို ဆွေးနွေးပြောကြား ခဲ့ကြသည်။

အဆိုပါ မြေသားရေကန် တူးဖော်ပြီးစီးပါက မရွှတ်ချိန်ကျေးရွာအုပ်စု တောင်ပေါ်ကျေးရွာနေ အိမ်ခြေ ၁၉၃ အိမ်၊ လူဦးရေ ၉၅၀၈ ဦးတို့မှာ ရေသိုလှောင်နိုင်မှုပမာဏ ရေဂါလန် ၂ ဒသမ ၈ သန်းအား ရရှိမည်ဖြစ်ရာ နွေရာသီတွင် ရေရှားပါးမှုကို ကာကွယ်ပြီး နောင်နှစ်နွေရာသီတွင် ရေလုံလောက်စွာသုံးစွဲသွားနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်း

(ပြန်/ဆက်)

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်မှစတင်ကာ ရုပ်သေးပြုလုပ်သည့် လုပ်ငန်းအများစု ရပ်နားထားရ

**မန္တလေး ဖေဖော်ဝါရီ ၂၀**

ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များကို အားထားနေရသည့် မန္တလေးမြို့ရှိ မြန်မာ့ရိုးရာ ရုပ်သေးပန်းပုလုပ်ငန်း အများစု ရပ်နားထားရကြောင်း သိရသည်။ ရုပ်သေးပန်းပုလုပ်ငန်းမှာ ကိုဗစ်-၁၉ စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ရပ်နားထားရပြီး အမွေဆက်ခံပညာသင်ယူသူ မရှိသလောက် နည်းပါးသွားသည်။ လက်ရှိကာလတွင် မြန်မာ့ရိုးရာ အနုပညာမြောက် လက်မှုလုပ်ငန်းတစ်ခု ကွယ်ပျောက်သွားမည်ကို စိုးရိမ်နေရသည့် အခြေအနေတစ်ခုအထိ ဖြစ်နေသည်။

ရုပ်သေးကို ယခင်ကယမနေသားဖြင့် ပြုလုပ်သော်လည်း နောက်ပိုင်းတွင် ကျွန်းသားအတိုအစများဖြင့် ပြုလုပ်ကြသည်။ ရုပ်သေးရုပ်ပြုလုပ်ရာတွင် တိရစ္ဆာန်လိုင်း၊ လူပုံအရုပ်လိုင်းဟူ၍ ခွဲခြားပြုလုပ်ကြသည်။ တိရစ္ဆာန်လိုင်းတွင် ဆင်ရုပ်၊ မြင်းရုပ်၊ ကျားရုပ်များကို အများဆုံး ထုလုပ်ရသည်။ လက်ရှိ ရုပ်သေးရုပ်ပြုလုပ်ခြင်းလုပ်ငန်းတွင် ကနိုင်သည့် ရုပ်သေးပြုလုပ်မှုနည်းသွားပြီး လက်ဆောင်အဖြစ်ရောင်းသည့်အရုပ်ငယ်များကိုသာ ထုဆစ်ကြသည်။

တိရစ္ဆာန်ရုပ်လေးများ ပြုလုပ်ရာတွင် ခေါင်းပိုင်း နောက်ပိုင်းများကို အနုစိပ်ကာပြုလုပ်ရသည်။ အဆစ်အပိုင်းများ လှုပ်ရှားနိုင်စေရန် စနစ်တကျ အပေါက်ဖောက်ကာ နန်းကြိုးများဖြင့် တွဲဆက်ထားရသည်။ ဆင်ပုံ၊ မြင်းပုံ ရုပ်သေးရုပ်များကို ထုလုပ်ရာတွင် တစ်နေ့လျှင်အရုပ်အသေး အဖြူထည်ဆယ်ရုပ်အထိ ပြီးစီးသည်။ အဖြူထည်ပြီးသည်နှင့် အချောကိုင်ကာ ဆေးသုတ်ခြင်း၊ ရွှေချည်ထိုးအထည်တပ်ဆင်ခြင်းများကို ပြုလုပ်ကြရသည်။ ကျွန်းသားအတိုအစများကို အသုံးပြုထားပြီး အရုပ်ငယ်တစ်ခုသစ်သားတန်ဖိုးနှင့် အရုပ်ပန်းပုထုခအနေဖြင့် ငွေကျပ်ခုနစ်ရာခန့် ကုန်ကြပြီး ရွှေချည်ထိုးအထည်မှာ ခုနစ်ရာကျပ် ကုန်ကျသည်။ အခြားဆေးသုတ်ခြင်းလုပ်ငန်း၊ ကြိုးတပ်ဆင်ခြင်းလုပ်ငန်းများအတွက်ပါ အချိန်ပေးရသည်။ ရုပ်သေးရုပ်ပန်းပုထုသူတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ကျော်သာရရှိသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစဉ်ကပင် ရုပ်သေးဈေးကွက်မှာလည်း ပုံမှန်သာရှိသည့်အတွက် တွင်ကျယ်စွာ ပြုလုပ်ခွင့်မရဘဲ ပုံမှန်သာပြုလုပ်ရသည့်အတွက် ပညာသင်ယူသူနည်းပါးသွားခြင်းဖြစ်သည်။ ရုပ်သေးရုပ်အသေး အပြီးအစီးတစ်ရုပ်ကို ငွေကျပ် ၃၅၀၀ ဖြင့် လက်မှုအနုပညာပစ္စည်းရောင်းသည့်ဆိုင်များကို ဖောက်သည်ပေးရသည်။ လက်ရှိကာလ ခရီးသွားလုပ်ငန်းများ ရပ်နားထားချိန်တွင် မြန်မာ့ရိုးရာ ရုပ်သေးပြုလုပ်သည့်လုပ်ငန်းအများစု ရပ်ဆိုင်းထားရကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**



# ဂန္ဓမာပန်းများ တစ်ပိုင်တစ်နိုင်စိုက်ပျိုး၍ မိသားစုပုံမှန်ဝင်ငွေများ ရရှိ

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် (က)ရပ်ကွက် အောင်မြင်သာယာကွင်းပန်းစိုက်တောင်သူ ဦးနာဂိတ်၏ ခြံဝင်းအတွင်း ဂန္ဓမာပန်းပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုး၍ မိသားစုစားဝတ်နေရေးအတွက် ပုံမှန်ဝင်ငွေများရရှိကြောင်း သိရသည်။

အဆိုပါ ပန်းစိုက်တောင်သူ ဦးနာဂိတ်၏ စိုက်ခင်းတွင် ပင်စိမ်း၊ကိုရီးယား၊ လဂီး၊ မြနှင်းဖြူ စံပယ်ဖြူ စသည့် ဂန္ဓမာပန်းအမျိုးအစားများကို စတင်စိုက်ပျိုးသည့်အချိန်မှစ၍ စိုက်ပျိုးကြာချိန် သုံးလကျော်ကြာ စိုက်ပျိုးရသည်။ ပေါင်တစ်ပေါင်လျှင် အပင်ပေါင်း ၇၀၀၀ စုစုပေါင်း ပန်းပင် ၁၁၂၀၀၀ ခန့်ကို စိုက်ပျိုးထားရှိပြီး တစ်ပင်လျှင် ငွေကျပ် ၃၀၀၊ ဖောက်သည်ပန်းရောင်းသူများကို ငါးပင် တစ်စည်းနှုန်းကို တစ်ထောင်ကျပ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ တစ်နှစ်လျှင် ပန်းရောင်းရငွေ အနည်းဆုံးကျပ်သိန်း ၃၀ နှင့် သိန်း ၅၀ ခန့်ရရှိသည့်အတွက် အကျိုးအမြတ်များ ရရှိပြီး မိသားစုဝင်ငွေ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■



# ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာ သဘာဝအင်းပေါင်ပေါ်တွင် စိုက်ပျိုးနည်းပညာများရရှိစေရေး စားဖိုဆောင်သီးနှံများ ယှဉ်ပြိုင်စိုက်ပျိုးစေခြင်း ဆောင်ရွက်ပေး

**ဘားအံ ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာရှိ လှာကဒေါင်သဘာဝအင်းပေါင်ပေါ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းပိတ်ထားချိန် ကျောင်းသားလူငယ်များအား စားဖိုဆောင်သီးနှံ စိုက်ပျိုးနည်းပညာများရရှိရေးနှင့် ရရှိလာသည့်သီးနှံများအား ကျေးရွာအတွင်း လိုအပ်သူများအတွက် ဝေငှစားနိုင်ရေးအတွက် ရည်ရွယ်ကာ စိုက်ပျိုးသည့် ကျောင်းသားလူငယ်များ ယှဉ်ပြိုင်စိုက်ပျိုးစေခြင်းကို ဇန်နဝါရီလမှ စတင်စီစဉ်စိုက်ပျိုးခဲ့ရာ သီနှံများ စတင်ခူးဆွတ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ကျေးရွာမှ တာဝန်ရှိသူ ဦးစောကျော်ဇင်မင်းက "ကျေးရွာပိုင်အင်းကြီး စိမ်းလန်းစိုပြည်ဖို့အဓိကပါ။ ကျေးရွာအုပ်စုအတွင်း တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်တွေ တွင်ကျယ်စွာစိုက်ပျိုးလာနိုင်အောင် ကျောင်းသားလူငယ်တွေလည်း အားနေချိန်မှာ စိုက်ပျိုးရေးအသိပညာရစေဖို့ပါ။ အင်းပတ်လည်မှာ အခြား ဘူးသီး၊ ပဲလင်းမြွေသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ကြက်ဟင်းခါးသီး၊ ခဝဲသီး၊ ရွှေဖရုံသီး စတဲ့ သီးနှံတွေကို ကြိုတင်စိုက်ပျိုးပြသပေးထားတာလည်းရှိပါတယ်။ စိုက်ပျိုးရေးနည်းပညာကတော့ ဘားအံဒေသခံ စိုက်ပျိုးရေးကျောင်းဆင်း၊ စင်ကာပူမှာ စိုက်ပျိုးရေးဒီပလိုမာရရှိခဲ့တဲ့ နော်ထိဖောင်ကို နည်းပညာဖြန့်ဝေပေးဖို့ အကူအညီတောင်းထားတာပါ။ စိုက်ပျိုးရေးဦးစီးဌာနကလည်း လာရောက်ကြပ်မတ်ကူညီ ပေးတာရှိပါတယ်။ ရလာတဲ့သီးနှံတွေကို ကျေးရွာအတွင်းဝေစားမယ်။ ပိုရင် ပရဟိတကျောင်းတွေ လှူမယ်"ဟု ပြောသည်။

အဆိုပါကျေးရွာသဘာဝအင်းမှာ ဧက ၄၀ ခန့်ရှိပြီး အင်းပေါင်ပတ်လည်တွင် လိုအပ်သည့်ကုန်ကျမှုများအား ကျေးရွာတာဝန်ရှိသူများ၏ ဦးဆောင်မှုဖြင့် ကျောင်းသားလူငယ်များအား ခဝဲသီး၊ ကြက်ဟင်းခါးသီး၊ သခွားသီး၊ ပဲပုစွန်သီး၊ ပဲတောင့်ရှည်၊ ခရမ်းချဉ်သီး စသည့် စားဖိုဆောင်သီးနှံများကို အုပ်စုလိုက် စိတ်ကြိုက်သီးနှံများကို ယှဉ်ပြိုင်စိုက်ပျိုးစေကာ ဆုများပေးသွားမည့် အစီအစဉ်များကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ပခုက္ကူဈေးကွက်သို့ ကမ္ဘ၊ မြစ်ခြေနယ်ဘက်မှ မိုးကြက်သွန်နီများ တစ်ရက်လျှင် ပိဿာချိန် တစ်သိန်းခန့်ဝင်ရောက်

**ပခုက္ကူ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ကမ္ဘ၊ မြစ်ခြေဒေသမှထွက်ရှိသည့် မိုးကြက်သွန်နီများ တစ်ရက်လျှင် ပိဿာချိန်တစ်သိန်းခန့်ထိ လာရောက်ရောင်းချလျက်ရှိကြောင်း ကြက်သွန်နီပွဲစားများထံမှ သိရသည်။

ယခုဝင်ရောက်လာသည့် ကြက်သွန်နီများသည် ဥပြန်စိုက်ကြက်သွန်ခေါ် ဇော်မွှားစိုက်ကြက်သွန်နီများဖြစ်ကြောင်း၊ မိုးကြက်သွန်နီဟု ခေါ်ကြကြောင်း မြစ်ခြေဒေသမှ မိုးကြက်သွန်စိုက်တောင်သူ ဦးထွန်းမြင့်က ပြောသည်။ ဥပြန်စိုက်ကြက်သွန်စိုက်ပျိုးခြင်းအား တန်ဆောင်မုန်းလတွင် အများဆုံးစိုက်ပျိုးကြပြီး အချိန်နှစ်လခွဲတွင် ကြက်သွန်ပေါ်ကာ ရောင်းချငွေပေါ်ကြောင်း၊ ကြက်သွန်စိုက်ပျိုးချိန်သုံးလေးခါသာ ရေသွင်းရပြီး ဆောင်းကြက်သွန်ခေါ် လှောင်ကြက်သွန်ရှားပါးချိန်တူးဖော်ရောင်းချသဖြင့် ဈေးကောင်းရရှိကြကြောင်း သိရသည်။ ယခုနှစ် ကြက်သွန်ပေါ်ကာစတွင် ငါးရာကျပ်ဖြင့်ရောင်းချရပြီး ယခုအချိန်တွင် နှစ်ရာ့သုံးဆယ်ကျပ်သာ ရရှိသဖြင့် အချို့တောင်သူများ လုပ်အားခနှင့်မကိုက်ခြင်းကြောင့် မတူးဖော်တော့ကြောင်း သိရသည်။ ဥပြန်စိုက်ကြက်သွန်များသည် နှစ်လ၊ သုံးလသာအထားခံပြီး ဆောင်းကြက်သွန်သည်တစ်နှစ်ပတ်လုံး အထားခံကြောင်း၊ ရေစကြိုမြို့နယ် ဗလဗကျေးရွာများဘက်တွင် စရိတ်စကမကာမိခြင်းကြောင့် စိုက်ခင်းထဲ မတူးဖော်ဘဲထားကာ ဈေးကောင်းလျှင် ပြန်လည်တူးဖော် နုတ်ယူရောင်းချနိုင်သေးကြောင်း၊ ကမ္ဘ၊ မြစ်ခြေဘက်မှ တစ်ရက်လျှင် မိုးကြက်သွန် ပိဿာချိန် တစ်သိန်းခန့် ဝင်ရောက်လာနေကာ တစ်ပိဿာနှစ်ရာ့သုံးဆယ်ကျပ်သာ ရောင်းချရခြင်းကြောင့် စိုက်စရိတ်မကာမိကြောင်းလည်း လာရောက်ရောင်းချသည့် မိုးကြက်သွန် စိုက်ပျိုးတောင်သူများကပြောသည်။

**ဝတီ**





# မြန်မာ့ဗိသုကာပညာကို သက်သေပြနေသော မင်းကွန်းမြေမှ ခြင်္သေ့ကြီးနှစ်ကောင်

**မင်းကွန်း ဖေဖော်ဝါရီ ၂၀**

ဧရာဝတီမြစ်အတွင်းမှ မင်းကွန်းဘက်သို့ ကြည့်လိုက်သည်နှင့် ခြင်္သေ့ကြီးနှစ်ကောင်မှာ ထုထည်ကြီးမားစွာဖြင့် အံ့သြမင်သက်ဖွယ် တွေ့မြင်နေရသည်။ ထုထည်ကြီးမားသော ပုထိုးတော်ကြီး၏အရွယ်နှင့် လိုက်ဖက်ညီအောင် တည်ဆောက်ထားခဲ့သည့်အတွက် မင်းကွန်းမြေမှထင်ရှားသော ဗိသုကာလက်ရာအဖြစ်တည်ရှိနေသည်။ မင်းကွန်းမြေရောက်သူတိုင်း ခြင်္သေ့ကြီးနှစ်ကောင်ကို စိတ်ဝင်တစားလေ့လာလေ့ရှိသည်။ ယခုအခါ ရှေ့ပိုင်းပြိုပျက်သည့်အနေအထားကိုတွေ့မြင်နေရသော်လည်း ဟန်ပန်နှင့်တည်ဆောက်ထားသည့်လက်ရာမှာ ဧရာဝတီမြစ်ရေပြင်ကို ကျော်လွှားကာ ခုန်အုပ်မည့်အလား မာန်ဖီထားလျက်ပုံဆောင်နေသည်။



**မြေခပြိုပျက်ခဲ့**

လက်ရာမြောက်ခြင်္သေ့ကြီးနှစ်ကောင်ကို ဘိုးတော်ဘုရားလက်ထက် ၁၁၅၅ ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး အုတ်ချပ်ပေါင်းရှစ်သိန်းကုန်ကျခဲ့သည်။ အသုံးပြုထားသော အုတ်အရေအတွက်၊ မြင့်မားသော အနေအထားနှင့် မြန်မာ့ဗိသုကာပညာများကြောင့် ယနေ့တိုင်ထင်ရှားနေသည်။ လုပတင့်တယ်သော ခြင်္သေ့ကြီးနှစ်ကောင်မှာ ၄၅ နှစ်တာအထိ အကောင်းပကတိတည်ရှိပြီး ငလျင်ဒဏ်ကြောင့် ၁၂၀၀ ပြည့်နှစ် တန်ခူးလဆန်း ၇ ရက်၊ ၈ ရက်တွင် ခြင်္သေ့အရှေ့ပိုင်းများ မြေခပြိုပျက်ခဲ့ကြောင်း သိရသည်။

ထူးခြားသော ခြင်္သေ့များ၏ခြေသည်း၊ လက်သည်းများကို စကျင်ကျောက်သားဖြင့် ပြုလုပ်ထားသည်။ မျက်လုံးအဖြစ်ပြုလုပ်ခဲ့သော စကျင်ကျောက်အဝန်းမှာ အဝန်းကိုးပေအချင်းသုံးပေရှိသည်။ ရှေးအခါက ထိုခြင်္သေ့မျက်လုံးများ မည်သို့တပ်ဆင်ခဲ့သည်မှာ တွေးဆအံ့သြဖွယ်ပင်ဖြစ်နေသည်။ စနစ်တကျဖြင့် လှပစွာတည်ဆောက်ခဲ့သော မင်းကွန်းမြေမှ ခြင်္သေ့ကြီးနှစ်ကောင်အား လေ့လာသမျှ မြန်မာ့ဗိသုကာပညာကို သြချရလောက်သည်ဟု ညွှန်းဆိုထားသည်။ ခြင်္သေ့အရပ်ဦးခေါင်းထိပ်အစွန်းအထိ အတိုင်းအတာမှာ ၉၅ ပေရှိသည်ဟု သိရသည်။ တိုင်းတာမှုမှတ်တမ်းများအရ အထက်သွား၊ အောက်သွားတို့မှာ နှစ်ပေသုံးလက်မ၊ ပါးစပ်အဖွင့် သုံးပေနှင့် အောက်မေးအဖွင့် သုံးပေ ခြောက်လက်မဖွင့်ထားသည့်အတွက် မာန်ပါသောခြင်္သေ့ကြီးများအဖြစ် မှန်းဆတွေးမြင်နိုင်သည်။

ခြေသည်း၊ လက်သည်း၊ လုံးပတ် လေးပေ ခြောက်လက်မ၊ ခြေသည်း၊ လက်သည်း အလျား ငါးပေ ခြောက်လက်မရှိကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

# နေပြည်တော်၊ ဒက္ခိဏခရိုင်၊ သပြေကုန်းလမ်းဆုံအနီး ဖေဖော်ဝါရီ ၉ ရက်တွင် ဖြစ်ပွားခဲ့သော ဆူပူဆန္ဒပြမှုဖြစ်စဉ်၌ အမျိုးသမီးတစ်ဦး ဦးခေါင်းသေနတ်ထိမှန်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၄)ရက်နေ့မှစ၍ ဆူပူဆန္ဒပြသူများသည် ဝန်ထမ်းများ ရုံးမတက်နိုင်စေရန် ရည်ရွယ်၍ အချက်အချာကျသည့် သပြေကုန်းလမ်းဆုံအဝိုင်းတွင် ပိတ်ဆို့ရန် ဆောင်ရွက်လာသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးရယူပြီး ရုံးတက်/ရုံးဆင်း ယာဉ်များအား ချောမွေ့စွာသွားလာနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၉)ရက်နေ့တွင် ဆူပူဆန္ဒပြသူများသည် နံနက်(၆)နာရီခန့်မှစတင်၍ သပြေကုန်းအဝိုင်းသို့ စုဝေးရောက်ရှိခဲ့ပြီး တဖြည်းဖြည်းများပြားလာကာ ဝန်ထမ်းကြို/ပို့ယာဉ်များအပါအဝင် အများပြည်သူတို့၏ယာဉ်များကိုလည်း သွားလာ၍မရအောင် လမ်းပိတ်ဆို့မှုများ ပြုလုပ်ခဲ့သဖြင့် သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့မှ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၄ အမိန့်ထုတ်ပြန်ပြီးဖြစ်သဖြင့် ဥပဒေနှင့်ဆန့်ကျင်သော လူစုလူဝေးဖြစ်သည့်အတွက် လူစုခွဲရန်၊ လူစုမခွဲပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၂၇၊ ၁၂၈ တို့အရ ဥပဒေနှင့်အညီ အင်အားသုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းကြေညာခဲ့ပါသည်။

နံနက် ၀၉၀၀ အချိန်တွင် လူအင်အား ၅၀၀၀ ကျော်ခန့်ဖြစ်ပေါ်လာ၍ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဇမ္ဗူသီရိမြို့နယ်အုပ်ချုပ်ရေးမှူးတို့ပါသော ဖြေလျှော့ရေးအဖွဲ့မှ လူစုလူဝေးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ပြီးဖြစ်၍ လူ ၅ ဦးထက်ပိုစုဝေး၍မရပါကြောင်း၊ နေအိမ်သို့ပြန်ကြရန် ဖြေလျှော့ဆွေးနွေးခဲ့သော်လည်း လက်မခံဘဲ လူအုပ်စုထဲမှ လက်ကိုင်ဖုန်း၊ ရေသန့်ဘူးများဖြင့် ပစ်ပေါက်ခဲ့ကြပါသည်။

နံနက် ၁၀၀၀ အချိန်တွင် လူအင်အား ၁၀၀၀၀ ခန့်ရှိလာပြီး ဥပဒေနှင့်ဆန့်ကျင်သော ဆန္ဒပြလူအုပ်စုအား လူစုခွဲရန် လုံခြုံရေးရဲတပ်ဖွဲ့က ရေအမြောက်ယာဉ်အသုံးပြု လူစုခွဲခဲ့သော်လည်း လူစုခွဲထွက်ခွာခြင်းမရှိဘဲ ဆက်လက်စုဝေးနေပါသည်။ နေ့လယ် ၁၂၅၀ အချိန်တွင် ဥပဒေနှင့်ဆန့်ကျင်သော လူအုပ်စုအတွင်း ဝင်ရောက်၍ ရဲတပ်ဖွဲ့ဝင်တစ်ဦးဆန္ဒပြနေခဲ့ပါသည်။ နေ့လယ် ၁၃၁၅ အချိန်တွင် အဆိုပါတပ်ဖွဲ့ဝင်အား ပြန်လည်ခေါ်ဆောင်ရန် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက လက်နက်မပါ လူ ၃၅ ဦးစုဖွဲ့၍ တုတ်ဒိုင်းများကာရံပြီး လူအုပ်စုအတွင်း ဝင်ရောက်ခဲ့စဉ် ဥပဒေနှင့်ဆန့်ကျင်သောလူစုလူဝေးမှ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ရှေ့၊ ဘေးဘယ်ညာတို့မှ သံလုံး၊ မူလီခေါင်း၊ ရေပိုက်ခေါင်း၊ ကျောက်စရစ်ခဲလုံးကြီးများ၊ အုတ်ခဲကျိုးများ၊ တုတ်များ၊ ပုလင်းများဖြင့်ပစ်ခတ်၍ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ အသက်အန္တရာယ်ကို ထိခိုက်စေလောက်အောင် အကြမ်းဖက်ဆောင်ရွက်မှုများ ပြုလုပ်လာခဲ့ပါသည်။



သေဆုံးသူ မမြသွဲ့သွဲ့ခိုင်၏ ဦးခေါင်းအတွင်းမှ ခွဲစိတ်တွေ့ရှိရသော ခဲပုပ်ရောင် သတ္တုအပိုင်းအစနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သုံး ခဲယမ်းထိပ်ဖူးတို့ နှိုင်းယှဉ်ထားသည့် ပုံ။

လုံခြုံရေးရဲတပ်ဖွဲ့ဝင်များမှာ ထိခိုက်ဒဏ်ရာရရှိမှုများပြားလာသဖြင့် ဆန္ဒပြရဲတပ်ဖွဲ့ဝင်အား ခေါ်ဆောင်နိုင်ခြင်းမရှိဘဲ မိမိတို့မူလလုံခြုံရေးရယူထားသည့်နေရာသို့ ရေအမြောက်ယာဉ် ၂ စီး ဘေးဘယ် ညာမှကာရံပြီး ပြန်လည်ဆုတ်ခွာနေရာယူခဲ့ပါသည်။ ထိုအချိန်တွင် လူအုပ်စုကြီးမှာ အကြမ်းဖက်တိုက်ခိုက်မှုများကို ဆက်တိုက်ပြုလုပ်လာပြီး တပ်ဖွဲ့ဝင်များနောက် ထက်ကြပ်မကွာလိုက်၍ သံလုံး၊ မူလီခေါင်း၊ ရေပိုက်ခေါင်း၊ ကျောက်စရစ်ခဲလုံးကြီးများ၊ အုတ်ခဲကျိုးများ၊ တုတ်များ၊ ပုလင်းများဖြင့် ပစ်ခတ်ခဲ့ပါသည်။ အဆိုပါအခြေအနေတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှာ မိမိတို့၏ အသက်အန္တရာယ်နှင့် တပ်ဖွဲ့ပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုကို ကာကွယ်နိုင်ရန် အဓိကရုဏ်းနှိမ်နင်းရေးသုံးလက်နက်များဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပါသည်။

အဆိုပါ ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် ၂၈ ဦး ဒဏ်ရာရရှိခဲ့ပြီး ရဲတပ်ဖွဲ့ပိုင်ယာဉ်များနှင့် အသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ဥပဒေနှင့်ဆန့်ကျင်သော အကြမ်းဖက်လူအုပ်စုအတွင်းမှ အမျိုးသမီးတစ်ဦး ဦးခေါင်းသေနတ်ထိမှန်ဒဏ်ရာဖြင့် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံသို့ ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

သေဆုံးသူအမျိုးသမီး မမြသွဲ့သွဲ့ခိုင် ဦးခေါင်း၌ ဒဏ်ရာရသေဆုံးမှုနှင့် ပတ်သက်၍ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ အခင်းဖြစ်နေ့က လူစုလူဝေးဖြစ်ပေါ်မှုမှတ်တမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လူစုခွဲဆောင်ရွက်စဉ် ရိုက်ကူးထားသော မှတ်တမ်းတင်ဗီဒီယိုများကို ပြန်လည်စစ်ဆေးခဲ့ရာ သေဆုံးသူအမျိုးသမီးသည် ဥပဒေနှင့်ဆန့်ကျင်၍ ဆူပူအကြမ်းဖက်သည့် လူစုလူဝေးတွင် ပါဝင်ပြီး ၎င်းကိုယ်တိုင်ကလည်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များထံသို့ ခဲဖြင့်ပစ်ပေါက်မှု ပြုလုပ်နေသည်ကို တွေ့ရှိခဲ့ရပါသည်။

သေဆုံးသူ မမြသွဲ့သွဲ့ခိုင် အား ၁၉-၂-၂၀၂၁ ရက်နေ့ ရင်ခွဲစစ်ဆေးချက်အရ မမြသွဲ့သွဲ့ခိုင်၏ ဦးခေါင်းတွင် တွေ့ရှိသောပစ္စည်းမှာ အလျား 1 cm၊ အနံ 0.8 cm အလေးချိန် 4.8 g ရှိသော ခဲပုပ်ရောင်သတ္တုအပိုင်းအစဖြစ်ကြောင်း သိရှိရပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ကိုင်ဆောင်အသုံးပြုနေသည့် အဓိကရုဏ်းနှိမ်နင်းရေး ခဲယမ်းများ၊ ချေမှုန်းရေးခဲယမ်းများ၏ ကျည်ထိပ်ဖူးနှင့် ကွာခြားမှုရှိနေပြီး အခြားပြင်ပမှ အသုံးပြုသည့် လက်နက်တစ်စုံတစ်ရာကြောင့် ဒဏ်ရာရရှိသေဆုံးခဲ့ရခြင်း ဖြစ်နိုင်ကြောင်း သိရှိရပါသည်။ အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မရဲစခန်းမှ သေမှုသေခင်းရေးဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**သတင်းစဉ်**

# မိုင်းယောင်း၌ မျှစ်ခါးများ ဈေးကောင်းရ

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် မျှစ်ခါးများ ပေါ်ဦးပေါ်ဖျားကာလတွင် ဝယ်ယူသူများပြားပြီး အဖွင့်ဈေးကောင်းရသဖြင့် မျှစ်ခါးရှာဖွေရောင်းချသူများ ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



မျှစ်ခါးကို ဟင်းချိုချက်သောက်၍လည်းကောင်း၊ မီးဖုတ်၍ဖြစ်စေ၊ ပြုတ်ပြီးမှဖြစ်စေ တို့စရာအဖြစ်လည်းကောင်း၊ အသားများနှင့် ကြော်ချက်၍လည်းကောင်း အမျိုးမျိုးချက်ပြုတ်စားသုံးနိုင်သော ဒေသရိုးရာ အစားအစာတစ်မျိုးဖြစ်သည်။

**ရှာဖွေတူးဖော်**

"တောတောင်လျှိုထဲမှာ သဘာဝအတိုင်း ပေါက်ရောက်နေတဲ့ မျှစ်ခါးပင်တွေမှ မျှစ်ခါးတွေကို မြေကြီးထဲ ရှာဖွေတူးဖော်ယူရပါတယ်။ မြေကြီးထဲမှ ရှာဖွေတူးယူရတဲ့ မျှစ်ခါးကို တချို့က မိုးမခမျှစ်ခါးလို့ ခေါ်ဆိုကြပါတယ်။ ပေါ်ဦးပေါ်ဖျားကာလဖြစ်တဲ့အတွက် မျှစ်ခါးတစ်စည်းလျှင် ငွေကျပ် ၂၀၀၀ မှ ၅၀၀၀ အထိ ရောင်းချရပါတယ်"ဟု မျှစ်ခါး ရှာဖွေရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောသည်။

မိုင်းယောင်းမျှစ်ခါးသည် အရသာကောင်းမွန်သဖြင့် ဒေသတွင်း လူကြိုက်များကာ မိုင်းဖြတ်၊ ကျိုင်းတုံ၊ တာချီလိတ်မြို့များသို့ တစ်ဆင့် ဝယ်ယူရောင်းချသူများလည်းရှိကြောင်း၊ တပေါင်းလနှင့် တန်ခူးလတွင် မိုးဦးလေဦး တစ်ကြိမ်၊ နှစ်ကြိမ် ရွာချပြီးပါက တောတောင်လျှိုထဲ သဘာဝအတိုင်း ပေါက်ရောက်နေသော မျှစ်ခါးပင်များမှ မျှစ်ခါးများ လှိုင်လှိုင်ပေါ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# မဟာဓာတ်အားလိုင်း သွယ်တန်းရရှိနိုင်ရန် တိုင်စိုက်ထူခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တောင်ပြိုလက်ဝဲ ဖေဖော်ဝါရီ ၂၀**

ရခိုင်ပြည်နယ် တောင်ပြိုလက်ဝဲမြို့ပေါ်နှင့် မီးတိုက်ကျေးရွာအုပ်စု၊ သဲချောင်းကျေးရွာအုပ်စုတို့၌ မဟာဓာတ်အားလိုင်းရရှိစေရန် တိုင်များစိုက်ထူခြင်းလုပ်ငန်းကို ယနေ့နံနက် ၉ နာရီတွင် မြို့အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ပြိုလက်ဝဲမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးအမ်းဇော်မိုး၊ မြို့နယ်လျှပ်စစ်မှူး ဦးအောင်သိန်းထွန်းနှင့် သက်ဆိုင်ရာအဖွဲ့များက စိုက်ထူထားသည့် တိုင်များ၏ အခြေအနေ၊ သတ်မှတ်ထားသည့် လမ်းဧရိယာနှင့် ကင်းလွတ်မှု ရှိ၊ မရှိ၊ ရပ်ကွက်၊ ကျေးရွာများအတွင်းကြုံတွေ့လာနိုင်မည့် ဘေးအန္တရာယ်များအား စိစစ်ဆောင်ရွက်ကြရာ မီးတိုက်ကျေးရွာရှိ ရွာအဝင်လမ်းနှင့် သာယာကုန်းကျေးရွာအတွင်း စိုက်ထူထားသည့်တိုင်များမှာ ပြန်လည်ရွှေ့ပြောင်းစိုက်ထူရန် လိုအပ်လျက်ရှိသည်ကို စိစစ်တွေ့ရှိရကြောင်းသိရသည်။

**မြင့်ခိုင်(ပြန်/ဆက်)**



# ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမြော်ကြည်ညိုနိုင်ရေး ရပ်ဝေးရှင်လူ ဘုရားဖူးပြည်သူများသို့ ပန်ကြားလွှာ

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပွားနေသည့်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၉-၄-၂၀၂၀ ရက်နေ့မှစ၍ ဘုရားဖူးမြော်ခွင့် ၁၀ လကျော်ကြာ ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအချိန်အခါတွင် COVID-19 ရောဂါကာကွယ်၊ တားဆီးရေး၊ ကုသရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ လူဦးရေကန့်သတ်ချက်များဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ၈-၂-၂၀၂၁ ရက်နေ့မှစ၍ ပြန်လည်ဖူးမြော်ခွင့် ပြုပေးသွားမည်ဖြစ်ပြီး လူစုလူဝေးဖြင့် အလှူအတန်းပြုလုပ်ခြင်းများအား ခွင့်မပြုသေးပါကြောင်း ရပ်ဝေးရှင်လူ ဘုရားဖူးပြည်သူများအား ပန်ကြားအပ်ပါသည်-

## ရပ်ဝေးရှင်လူ ဘုရားဖူးပြည်သူများအား ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့နှင့် ၉-၂-၂၀၂၁ ရက်နေ့များတွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၂) ၁၀-၂-၂၀၂၁ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၃) ၁၁-၂-၂၀၂၁ ရက်နေ့မှစ၍ ရဟန်း၊ ရှင်များနှင့် ပြည်သူများ ဖူးမြော်နိုင်ရေး ခွင့်ပြုသွားပါမည်၊

(၄) ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရာတွင် နေ့စဉ် နံနက် ၀၆ ၀၀ အချိန်မှ ၀၇ ၀၀ အချိန်အထိလည်းကောင်း၊ နံနက် ၀၈ ၀၀ အချိန်မှ ၀၉ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၁၀ ၀၀ အချိန်မှ မွန်းလွဲပိုင်း ၁၁ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲပိုင်း ၁၃ ၀၀ အချိန်မှ ၁၄ ၀၀ အချိန်အထိလည်းကောင်း၊ မွန်းလွဲပိုင်း ၁၅ ၀၀ အချိန်မှ ၁၆ ၀၀ အချိန်အထိလည်းကောင်း၊ ညနေ ၁၇ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်ထိလည်းကောင်း၊ မွန်းလွဲပိုင်း ၃ ကြိမ် ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ကြိမ်လျှင် ၅၀၀ ဦးနှုန်းဖြင့် တစ်ရက်လျှင် ၆ ကြိမ် စုစုပေါင်း ၃၀၀၀ ဦး ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပါသည်၊

(၅) တစ်ကြိမ်လျှင် အရှေ့ဘက်စောင်းတန်းမှ ၂၀၀ ဦး၊ အနောက်ဘက်စောင်းတန်းမှ ၁၅၀ ဦး၊ တောင်ဘက်စောင်းတန်းမှ ၅၀ ဦးနှင့် မြောက်ဘက်စောင်းတန်းမှ ၁၀၀ ဦး၊ တစ်ကြိမ်လျှင် စုစုပေါင်း ၅၀၀ ဦး ဖူးမြော်နိုင်မည်ဖြစ်ပါသည်၊

(၆) သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပ ဓာတ်လှေကားဖြင့် တက်ရောက်ခြင်း ခွင့်မပြုသေးပါ၊

(၇) ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ချိန်အဖြစ် ဘုရားဖူးရန် တစ်ကြိမ်လျှင် ၁ နာရီ ခွင့်ပြုမည်ဖြစ်ပါသည်၊

(၈) ဘုရားဖူးပြည်သူများသည် အသင့်ပြုလုပ်ထားသော Form များတွင် ကိုယ်ရေးအကျဉ်း (အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ) အား ဖြည့်စွက်ပေးရမည်ဖြစ်ပါသည်၊ ပိုမိုမြန်ဆန်စေရေးအတွက် ၎င်းကိုယ်ရေးအကျဉ်းကို မိမိအစီအစဉ်ဖြင့် ကြိုတင်ရေးသားယူလာနိုင်ပါသည်၊

(၉) ဘုရားဖူးပြည်သူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်လာသည့် မုခ်ဦးများမှသာ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

## ရပ်ဝေးရှင်လူ ဘုရားဖူးပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁) ဖျားခြင်း (ကိုယ်အပူချိန် ၁၀၀.၄°F / ၃၈°C ထက်ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည့် COVID-19 သံသယလက္ခဏာတစ်ခုခုရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ၊

(၂) ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ တပ်ဆင်လာရမည်၊ အသက်(၆၀) အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုး စသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် မျက်နှာအကာ(Face Shield)များကိုပါ တွဲဖက်၍ တပ်ဆင်လာရပါမည်၊

(၃) ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို သတ်မှတ် Form များနှင့် မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းတင်ထားရှိခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်၊

(၄) ဘုရားဖူးပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာရမည်၊

(၅) ဘုရားသို့ စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကို ကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးသည့်အခါ) နှင့် ဘုရားဖူးပြီး၍ ဘုရားမှ ထွက်သည့်အခါတွင် စောင်းတန်းအဝင်ဝ၊ ဘုရားရင်ပြင်နှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀) ကြာအောင် စနစ်တကျဆေးကြောခြင်း(သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါ၊

(၆) ဘုရားရှိခိုးပြီးတိုင်း (လက်ကိုကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးတိုင်း) လက်ကို စနစ်တကျချက်ချင်း ပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ် အနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) ဗူးသေးများ ယူဆောင်လာ၍ အသုံးပြုရမည်၊

(၇) စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်၊

(၈) ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ ထွက်ပေါက်များနှင့် ရင်ပြင်ပေါ်တို့တွင် တစ်ဦးနှင့်တစ်ဦး (၆) ပေအကွာ တက်ရောက်/ ဖူးမြော်နိုင်ရေး သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ တိကျစွာလိုက်နာရမည်၊

(၉) ဘုရား၊ ပုထိုး၊ စေတီများ၏ ပရိဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်၊

(၁၀) ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများကို အဖုံးပါသော အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်ရမည်၊

(၁၁) ဘုရားပုထိုးစေတီများသို့ ကုသိုလ်ယူသွားရောက်ခဲ့ပြီးနောက် (၇) ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။

## တိုင်းဒေသကြီး / ပြည်နယ်ရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်နိုင်မည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများကို ဖူးမြော်ကြည်ညိုခွင့်ပြုသွားမည်ဖြစ်ပါသည်၊

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုရမည်ဖြစ်ပါသည်၊

(၃) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ဆောင်ရွက်ရမည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(၄) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ဘုရားပုထိုးစေတီ ဂေါပကအဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ၃၃ ချက်အား ဂေါပကအဖွဲ့များက တာဝန်ယူဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရမည်ဖြစ်သည်၊

(၅) သက်ဆိုင်ရာ ဘုရားပုထိုးစေတီဂေါပကအဖွဲ့များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန






# ပင်းတယမြို့ရှိ ကျေးဇူးရှင် ကုံလုံကျောင်းဆရာတော်ရုပ်ကလာပ်တော်ထားရှိရာ စဉ့်ကျောင်းတော်အား ပြန်လည်ဖွင့်လှစ်

**ပင်းတယ ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ထယ်သွန်းကျေးရွာအနီး ကုံလုံကျောင်းတိုက်ရှိ ကျေးဇူးရှင် ကုံလုံကျောင်းတိုက်ဆရာတော်၏ ရုပ်ကလာပ်တော်ထားရှိရာ စဉ့်စံကျောင်းတော်အား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း ယာယီပိတ်ထားခဲ့ရာမှ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်သည့် အခမ်းအနားတွင် ကုံလုံဆရာတော်ကြီး၏ ရုပ်ကလာပ်ထားရှိရာ စဉ့်စံကျောင်းတော်အနီး ဓမ္မာရုံတွင် ပင့်ဖိတ်၍ ကြွရောက်တော်မူလာကြသော မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွာငယ်ကျောင်းသစ်ကျောင်းဆရာတော် အရှင်စန္ဒောဘာသနှင့် ပင့်သံဃာတော် ၁၉ ပါး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးဇော်နှင့် အဖွဲ့ဝင်များ၊ ကုံလုံစဉ့်စံကျောင်းဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးချစ်စိန်နှင့် အဖွဲ့ဝင်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကြသည်။

ယင်းနောက် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား ကန်တော့ကြကာ ဆရာတော်အရှင်စန္ဒောဘာသထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက စဉ့်စံကျောင်းတော်အား အန္တရာယ်ကင်းပရိတ်တရားတော်မြတ်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်၍ လှူဒါန်းမှုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ကုံလုံဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ထားရှိရာ စဉ့်စံကျောင်းတော်နှင့်အတူ ဆရာတော်ပုံတူရုပ်တုတော်ထားရှိရာ သိရိစကြာရတနာကျောင်းတော်၊ မဟာသီရိမင်္ဂလာ မြတ်စွာဘုရားဆင်းတုတော်၊ ပြည်တော်အေးဆုတောင်းပြည့်စေတီတော်၊ မြတ်ရတနာ နဂါးရုံကျောင်းတော်၊ ပြည်တော်ငြိမ်းအေးစေတီတော်တို့အား ၂၀၂၀ ပြည့်နှစ်အတွင်း ယာယီပိတ်ထားခဲ့ရာမှ ယခုအခါ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ အများပြည်သူများ လာရောက်ဖူးမြော်နိုင်ပြီဖြစ်ကြောင်း သိရသည်။



**မြို့နယ်**
**(ပြန်/ဆက်)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးများ လာရောက်ဖူးမြော်



**ညောင်ဦး ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးခရီးသွားများ လာရောက်ဖူးမြော်လျက်ရှိကြောင်း ထီးလိုမင်းလို ဂေါပကဥက္ကဋ္ဌ ဦးတင်လှဦးက ပြောကြားသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ နယ်ပယ်စုံမှ လာရောက်ဖူးမြော်လျက်ရှိရာ ဘုရားဖူးလာရောက်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဖူးမြော်ခွင့်ပြုထားပြီး ဘုရားရင်ပြင်တော်ပရိဝုဏ်အကျယ်အဝန်းပေါ်မူတည်ပြီး ဘုရားဖူးဝင်ရောက်ခွင့် သတ်မှတ်ထားရာ ဘုရားဖူးလာပြည်သူများကလည်း စည်းကမ်းလိုက်နာ ဖူးမြော်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားချိန်မှစတင်ပြီး ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပုဂံရှေးဟောင်းဒေသကို ပိတ်ထားခဲ့ရာ ယခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ ပုဂံဒေသရှိ အထင်ကရ သမိုင်းဝင်ဘုရားကြီး ၁၉ ဆူတို့အား ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ကြကာ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ ပြန်လည်ဖွင့်လှစ်ချိန်မှစတင်ကာ ပြည်တွင်းဘုရားဖူး လေ့လာရေးခရီးသွားများ လာရောက်လျက်ရှိရာ ဂေါပကအဖွဲ့ထားရှိသည့် ဘုရား ၁၉ ဆူသာ ဘုရားဖူးလာရောက်မှု မှတ်တမ်းထားရှိကြောင်း သိရသည်။

ရွှေစည်းခုံဘုရားကြီးသို့ ဘုရားဖူးလာရောက်သည့် မှတ်တမ်းအရ မန္တလေး၊ မိုးကုတ်၊ ရန်ကုန်၊ မြင်းခြံ၊ တံတားဦး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ မကွေး၊ ချောက်၊ ပခုက္ကူမြို့များမှ လာရောက်ဖူးမြော်ကြပြီး ဖွင့်လှစ်ပြီးဟု သိချိန်မှစတင်ကာ တစ်ရက်ထက်တစ်ရက် ဘုရားဖူးဝင်ရောက်လာမှုများလာကြောင်း၊ တစ်ရက်လျှင် ၅၀ မှ ၁၇၅ ဦးထိ ဘုရားဖူးလာရောက်လျက်ရှိကြောင်း သိရကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတွင် ဘုရား၊ စေတီ၊ ပုထိုး၊ ဂူဘုရား၊ သာသနိကအဆောက်အအုံ ၃၈၀၀ ခန့်ရှိကြောင်းလည်း သိရကာ ကျန်းမာရေးဦးစီးဌာန လမ်းညွှန်ချက်များနှင့်အညီ ဝင်ရောက်ဖူးမြော်ခွင့်ပြုထားရာ လာရောက်သည့် မြို့၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ ကားနံပါတ်၊ နေရပ်လိပ်စာ၊ အပြည့်အစုံ စာရင်းယူမှတ်တမ်းထားကြောင်းလည်း သိရသည်။

**ကိုထိန်**
**(KPD)**

# (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပ

**ဖလမ်း ဖေဖော်ဝါရီ ၂၀**

၂၀၂၁ ခုနှစ် (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၇ နာရီက ချင်းပြည်နယ် ဖလမ်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သိက္ခာတော်ရဆရာတော် Denial Vai Lian Zul က အဖွင့်ဆုတောင်းဆက်ကပ်ပေးပြီး တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ချင်းပြည်နယ်အလံကို အလေးပြုကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြားအွယ်က ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ ဘာသာရေးဆရာတော်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးကုသမှုခံယူနေသော ပြည်သူများအား အစားအသောက်များပေးဝေ

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကာလအတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့ ပြည်သူ့ဆေးရုံ၌ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများကို ဖေဖော်ဝါရီ ၁၉ ရက်က သွားရောက်ပေးဝေခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ယင်းကဲ့သို့ သွားရောက်ပေးဝေရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်ဦး၊ စီမံကိန်းဦးစီးရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆေးယျ၊ မိုင်းယုမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုးနှင့် တာဝန်ရှိသူများက အာဟာရမုန့်၊ အားဖြည့်အချိုရည် စသည့်စားသောက်ဖွယ်ရာများကို တာဝန်ထမ်းဆောင်နေသော သူနာပြုဆရာမကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများအား အသီးသီးပေးဝေခဲ့ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

# မကွေးမြို့နယ်၌ သောက်သုံးရေရရှိရေးအတွက် ကန်ပြုပြင်ခြင်းလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီး

**မကွေး ဖေဖော်ဝါရီ ၂၀**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေ(သာမန်) ကျပ်သန်း ၂၄၁ ဒသမ ၂၅၄ ဖြင့် မကွေးမြို့နယ် တွင် သောက်သုံးရေကန် (မြေသားရေကန်) ၁၃ ကန်နှင့် စက်ရေတွင်းတစ်တွင်းတူးဖော်ပေးခဲ့ရာ လုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မကွေးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေငွေဝင်းထံမှ သိရသည်။

"မကွေးမြို့ပေါ် ကန်သာကန်ကြီးမှာ လေးလက်မစက်ရေတွင်းတစ်တွင်း တူးဖော်ပေးခဲ့ပါတယ်။ ကျေးရွာပေါင်း ၁၃ ရွာမှ ရေကန် ၁၃ ကန်ကို ပြုပြင်ခြင်း၊ တူးဖော်ခြင်း၊ ရေပိုလျှံပြုလုပ်ခြင်း စတဲ့လုပ်ငန်းတွေနဲ့ သောက်သုံးရေလိုအပ်တဲ့ရွာတွေက ကန်ဟောင်းတွေကို ပြုပြင်ပေးနေပါတယ်။ အဓိက သောက်ရေ ရရှိစေဖို့ပါပဲ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရေအရင်းအမြစ်များထိန်းသိမ်းရေး၊ ပတ်ဝန်းကျင် စိမ်းလန်း စိုပြည်ရေးတို့ကိုလည်း တစ်ပါတည်းအလိုလို ဆက်စပ်ပါဝင်သွားတာပေါ့။ တိုင်းဒေသကြီး ရန်ပုံငွေ(သာမန်) နဲ့ကျပ်သန်း ၂၄၀ ကျော်နဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ၎င်းကပြောကြားသည်။

မကွေးမြို့နယ်အတွင်းရှိ အဆိုပါ ကျေးရွာများမှာ မကွေးမြို့ပေါ်ရှိ ကန်သာကန်ကြီးတွင် လေးလက်မစက်ရေတွင်း တူးဖော်ခြင်း၊ ကန်ရွာလေးကျေးရွာ၊ ခင်ပြန့်ကြီးကျေးရွာတွင် ရေပိုလျှံပြုလုပ်ခြင်း၊ ကျွန်းတော်ကျေးရွာ၊ ကြိုးကြာကန်ကျေးရွာ၊ ကန်ပြား၊ စမ်းရိုးကြီး၊ ထုံးပေါက်တော၊ သမန်းတော၊ ဖလံတော၊ ညောင်ပင်ကြီး၊ နတ်ကန်၊ လွန်ပြတ်ကန်၊ ကြာကန်ကျေးရွာ စုစုပေါင်း မြို့ပေါ်အပါအဝင် ၁၄ ကန်တို့အား ဆက်လက်ဆောင်ရွက်ပေးရန်ရှိကြောင်း သိရသည်။

**မကွေး**
**(ဝင်းမောင်)**



## အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော နိုင်ငံ့ဝန်ထမ်းများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ ဝန်ထမ်းများသည် အလုပ်ချိန်နှင့်သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့် သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကိုလည်း လိုက်နာရပါသည်။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ပါသည်။ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရပါသည်။

၂။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် နှိုးဆော်နေသည့်ကာလအတွင်း မိမိတို့၏လုပ်ငန်းခွင်များသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံအားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့်အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဒေသဖွံ့ဖြိုးရေးအရအသုံးဆိုင်ရာကိစ္စရပ်များနှင့် စည်ပင်သာယာရေးအဖွဲ့၏ အရပ်ရပ်လေလံဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀**

ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဒေသဖွံ့ဖြိုးရေးအရအသုံးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ အရပ်ရပ်ဆိုင်ရာလေလံကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်နယ်ကောင် စီအဖွဲ့ဝင်များက သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ နံနက် ၁၀ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဒေသဖွံ့ဖြိုးရေးအရအသုံးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်နယ်ကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိတို့ကောင်စီအနေဖြင့် ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နေသကဲ့သို့ ယခင်အစိုးရလက်ထက်က လုပ်ငန်းများကိုလည်း ပုံမှန်အတိုင်း အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျင်မြန်စွာဆောင်ရွက်သွားနိုင်ရေးကို အလေးထားဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်နယ်ကောင်စီရုံး ညွှန်ကြားရေးမှူး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူး၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအရအသုံးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သည့် ဥပဒေ၊ ညွှန်ကြားချက်များ၊ စာရင်းစစ်ချုပ်ဥပဒေပါ ညွှန်ကြားချက်များ၊ ဒေသန္တရစီမံကိန်းရေးဆွဲရေးကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်လင်းအောင်၊ ဦးမျိုးဆွေနှင့် ကောင်စီအတွင်းရေးမှူး ဦးခင်မောင်လေးတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ အရပ်ရပ်အခွင့်အရေးလိုင်စင်ကိစ္စနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဝင်ငွေနှင့် အသုံးစရိတ်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၏ အရပ်ရပ်အခွင့်အရေးလိုင်စင်တွင် ပြည်နယ်အတွင်း မြို့နယ်များအလိုက် လိုင်စင်အရပ်ရပ်ခွင့်ပြုပေးမှုအခြေအနေ၊ စည်ပင်သာယာရေးအဖွဲ့၏ ဝင်ငွေရရှိမှုအခြေအနေနှင့် အသုံးစရိတ်များရေးဆွဲ၍ လုပ်ငန်းဆောင်ရွက်မှုအပိုင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုင်စင်များကို မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိအောင် ခွင့်ပြုဆောင်ရွက်သွားရေး၊ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများကိုဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆုံးဖြတ်ပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)



## မိုင်းယောင်းမြို့နယ်၌ တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေသော တည်ဆောက်ရေး လုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမက(ဝမ်တပ်) ကျောင်းဆောင်သစ်၊ အထက(မိုင်းယု) သိပ္ပံဆောင်သစ်၊ စည်ပင် ကွန်ကရစ်လမ်းခင်းနေမှု၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးသစ်ဆောက်လုပ်နေမှု စသည့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီစေရေး၊ အချိန်မီပြီးစီးရေးနှင့် အဆောက်အအုံ အရည်အသွေး ပြည့်မီစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းမှ ကုမ္ပဏီတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ရွာသစ်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရွာသစ် ဖေဖော်ဝါရီ ၂၀**

ကယားပြည်နယ် ရွာသစ်မြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

ရှေးဦးစွာ ရွာသစ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေအေးက ကိုဗစ်-၁၉ ကာလအတွင်း အသိပညာပေးလုပ်ငန်းများကို အွန်လိုင်းမှ တစ်ဆင့် ရိုက်ကူးထုတ်လွှင့်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားပြီး ရွာသစ်နယ်မြေ မီးသတ်စခန်းလက်ထောက် မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဇော်က နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ပြည်သူများအား မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ရန်လိုကြောင်း၊ မီးဘေးအန္တရာယ် မဖြစ်စေရေး အသိပညာပေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောမီးမှတစ်ဆင့် မြို့နယ်နိမိတ်အား ကူးစက်လာမှုမရှိစေရေး ကြိုတင်ကာကွယ်ရေး အနေဖြင့် မီးတားလမ်း ဆောင်ရွက်ရန်လိုကြောင်း၊ မြို့အနေဖြင့် လျှပ်စစ်မီးရရှိပါသော်လည်း ဒေသအနေအထားအရ ထင်းမီးကိုသာ သုံးစွဲကြသည်ကို တွေ့ရသောကြောင့် အထူးဂရုစိုက်စေချင်ကြောင်း စသည်များကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နန်းဆွေဆွေအေး(ပြန်/ဆက်)**

## ကျိုက်မရောမြို့နယ်၌ အခြေခံပညာမူလတန်းလွန်ကျောင်းဆောင်သစ် ဆောက်လုပ်

**ကျိုက်မရော ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ အခြေခံပညာမူလွန်(၁) ကျောင်းဆောင်သစ်ကို ဖေဖော်ဝါရီ ၅ ရက်မှ စတင်ဆောက်လုပ်လျက်ရှိရာ ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ ယခင်အန္တရာယ်ရှိကျောင်းဆောင်အဟောင်းကို ဖျက်သိမ်း၍(အလျား ပေ ၄၀ x အနံ ပေ ၃၀) RC နှစ်ထပ်ဖြစ်ပြီး ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၆၁၄ သန်း အကုန်အကျခံကာ ပြုံးပန်းဝေကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ချိုချို(ပြန်/ဆက်)**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၀**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ တောင်သူများ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားရှိသော ကုလားပဲသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ကုလားပဲ သီးနှံရိတ်သိမ်းသည့်အချိန်တွင် ဈေးကောင်းရရှိရန် မျှော်လင့်နေကြကြောင်း ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာနေ ဒေသခံတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်သည် ကျေးရွာအုပ်စု ၅၆ အုပ်စု၊ ကျေးရွာပေါင်း ၂၀၄ ရွာရှိကာ ဒေသခံကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း အချို့ကျေးရွာများတွင် ဥယျာဉ်ခြံမြေများ ပြုစုပျိုးထောင်ပြီး စားပင်သီးနှံမျိုးစုံနှင့် နှစ်ရှည်သီးနှံများဖြစ်သည့် သရက်၊ လျှော်ဖြူ၊ သနပ်ခါး၊ မန်ကျည်းရှား၊ ဆီး စသဖြင့် စိုက်ပျိုးကြကြောင်းနှင့် ကျေးရွာအများစုတွင် စိုက်ပျိုးရေဖူလုံစွာ သုံးစွဲနိုင်သည့်အတွက် ၁၂ လရာသီ သီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းရာသီတွင် စိုက်ပျိုးထားသည့် ကုလားပဲသီးနှံစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကာ အထွက်နှုန်း တိုးတက်ကောင်းမွန်ရေးအတွက် ပိုးမွှားရောဂါကြိုတင်ကာကွယ်နှိမ်နင်းနိုင်ရေး ပိုးသတ်ဆေးဖျန်းခြင်းနှင့် သီးနှံအောင်ရန် ရေဖျန်းခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက် လုပ်ကိုင်နေကြကြောင်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မှာ ဆောင်းသီးနှံအဖြစ် ကုလားပဲသီးနှံကို အားထားစိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ကုလားပဲသီးနှံစိုက်ပျိုးရာမှာ ကုလားပဲဖြူအလုံးကြီးနဲ့ ကုလားပဲဖြူအလုံးသေး နှစ်မျိုးရှိပါတယ်။ ကျွန်တော်တို့ဒေသမှာ အများဆုံးစိုက်ပျိုးတာကတော့ ကုလားပဲဖြူအလုံးကြီးကို စိုက်ပျိုးကြပါတယ်။ ဒီနှစ်မှာတော့ တောင်သူတွေစိုက်ပျိုးတဲ့ ဆောင်းသီးနှံ ကုလားပဲ စိုက်ခင်းတွေဟာ အောင်မြင်ဖြစ်ထွန်းမှုရှိတဲ့အတွက် ရိတ်သိမ်းချိန်မှာ ဈေးကောင်းရရှိဖို့အတွက် တောင်သူတွေက မျှော်လင့်နေကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာမှ တောင်သူ ဦးကျော်ဆန်းက ပြောကြားသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**

# ကနီမြို့နယ်ထွက် ဆီးသီးများ ဈေးကောင်းမရ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်မှထွက်သည့် ဆီးသီးများ ဈေးကောင်းမရဖြစ်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က ကနီမြို့နယ်ထွက်ဆီးသီးတွေ စပေါ်ခါစက တစ်ပိဿာကျပ် ၃၅၀ အထိရခဲ့တယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် ဈေးတဖြည်း ဖြည်းကျလာတာ ကျပ် ၁၀၀ အထိဖြစ်ခဲ့တယ်။ သဲတောဆီးသီးက အထွက် ကောင်းပါတယ်" ဟု ကနီမြို့နယ်မှ ဆီးသီးခြံပိုင်ရှင် ဦးစံဝင်းက ပြောကြားသည်။

ကနီမြို့နယ်အတွင်းမှထွက်ရှိသောဆီးသီးများကို မုံရွာ၊ မန္တလေးနှင့် ရန်ကုန်မြို့တို့ကို တင်ပို့ရောင်းချကြပြီး အဓိကထားတင်ပို့ရောင်းချသည့်မြို့မှာ ယိုလုပ်ငန်းလုပ်ကိုင်သည့် ရန်ကုန်မြို့ဖြစ်ကြောင်း သိရသည်။

ကနီမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၄၀ အုပ်စုရှိရာ ကျေးရွာအုပ်စု ၃၀ ခန့်သည် ဆီးသီးစိုက်မှုများကြောင်း၊ ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ခုနှစ်က ဆီးသီးဈေးမကောင်းသောကြောင့် ဆီးသီးစိုက်တောင်သူများသည် ဆီးပင်များ ခုတ်လှဲ၍ မုံရွာမြို့နယ် ကျောက္ကာရေနံချက်စက်ရုံများသို့ ထင်းအဖြစ်တင်ပို့ရောင်းချခဲ့ကြောင်း ဆီးသီးခြံပိုင်ရှင်များထံမှ သိရသည်။ **လူလေး**



# အမရပူရမြို့နယ်တွင် နွေဦးဈေးကွက်ကိုချိန်ဆကာ ဂေါ်ဖီထုပ်များ စိုက်ပျိုးလာ

**အမရပူရ ဖေဖော်ဝါရီ ၂၀**
စိုက်ပျိုးရေးနည်းပညာ တိုးတက်လာသောကာလတွင် တောင်သူများမှာ ဈေးကွက်ကိုခန့်မှန်းကာ စိုက်ပျိုးသီးနှံကို ရွေးချယ်စိုက်ပျိုးလျက်ရှိရာ အမရပူရမြို့နယ်တွင် နွေကာလအမီ ဂေါ်ဖီထုပ်များကို တွင်ကျယ်စွာစိုက်ပျိုးနေကြကြောင်း သိရသည်။

ဆောင်းတွင်းကာလတွင် သီးနှံစုံအပြိုင်ပေါ်သည့်အတွက် နောက်ပိုင်းတွင် ဈေးကွက်ကျသွားသည်များနှင့် ကြုံတွေ့ကြရသဖြင့် ဆောင်းအကုန် နွေအကူးအတွက် သီးနှံများကို ချိန်ဆစိုက်ပျိုးလာကြခြင်းဖြစ်သည်။

ဂေါ်ဖီထုတ်စိုက်ပျိုးရာတွင် လိုအပ်သလို ထယ်ထွန်ပြီးသည်နှင့် ပေါက်ပြားဖြင့် ငါးပွင့်ဆိုင်ကျင်းယက်ထားကြသည်။ စိုက်ခါနီးတွင် ရေတင်ကာ မြေအစိုတွင် ထိုးစိုက်သည့်စနစ်ကို အသုံးပြုလာကြသည်။ စိုက်ပျိုးရန်အတွက် ဂေါ်ဖီထုပ်ပျိုးပင်ကို သီးသန့်ပျိုးထောင်ကာ စိုက်ပျိုးကြရသည်။ တစ်ကေစိုက်ပျိုးရန်အတွက် မျိုးစေ့အထုပ် ၂၀ ခန့် ပျိုးထောင်ကြရသည်။

အများအားဖြင့် တစ်ကေလျှင် ဂေါ်ဖီထုပ်အပင် အနည်းဆုံး ၈၀၀၀ မှ ၁၀၀၀၀ ကျော်အထိ အပင်အစိပ်အကျဲအလိုက် စိုက်ပျိုးကြကြောင်း၊ စတင်စိုက်ပျိုးသည်မှစကာ မြေဆီကျွေးခြင်း၊ ရေတင်ခြင်း၊ ဆေးဖျန်းခြင်းများကို စနစ်တကျ ပြုလုပ်ပေးကြရကြောင်း၊ စတင်စိုက်ပျိုးပြီး သုံးလခန့်ကြာလျှင် ဂေါ်ဖီထုပ်ကို ခုတ်ယူရောင်းချနိုင်ကြောင်း၊ သုံးလအတွင်း ရာသီဥတုအခြေအနေအလိုက် ရေတင်ခြင်းကို အနည်းဆုံး ငါးကြိမ်မှ ခြောက်ကြိမ်အထိ တင်ကြရကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

# စမုံစပါးပင်စိုက်ပျိုးရောင်းချသူများ အဆင်ပြေလျက်ရှိ

**မြင်းမူ ဖေဖော်ဝါရီ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများမှာ ယခုအခါ ဈေးကွက်ဝယ်လိုအားရှိသည့်(စမုံမျိုး) စမုံစပါးပင်များ စိုက်ပျိုးရောင်းချခြင်းဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စမုံစပါးပင်စိုက်ပျိုးလုပ်ကိုင်ရာတွင် စိုက်ပျိုးစရိတ်သက်သာပြီး အခြားသီးနှံများကဲ့သို့ အလုပ်မများကြောင်း၊ ပင်ကြားတန်းကြား တစ်ပေစီထားကာ စိုက်ပျိုးနိုင်ကြောင်း၊ ကျင်းတစ်ကျင်းလျှင် မျိုးစေ့ခုနစ်စေ့ခန့်ထည့်သွင်းစိုက်ပျိုးကာ အပင်များစတင်ထွက်ရှိချိန် အပင်များရင့်မာချိန်တွင် ရေပေးရန်လိုအပ်ကြောင်း၊ မြေနှစ်ကေခွဲအတွက် မျိုးစေ့ခုနစ်ပြည်လိုအပ်ပြီး အပင်ရေအားဖြင့် ၁၅၀၀၀ ခန့် စိုက်ပျိုးနိုင်ကြောင်း၊ ကုန်ကျငွေအဖြစ် ကျပ် ၂၀၀၀၀ ရှိကာ စိုက်ပျိုးပြီး လေးလကျော်တွင် အပင်များအား အစေ့ထုတ်ရန်မလိုဘဲ ရိတ်သိမ်းရောင်းချကြကြောင်း၊ ဝင်ငွေအနေဖြင့် ကျပ် ၄၀၀၀၀၀ ခန့်ရရှိကြောင်း အလ္လကပ္ပကျေးရွာမှ စမုံစပါးစိုက်ပျိုးရောင်းချနေသူ ဦးချိုဝင်းထံမှ သိရသည်။

တိုင်းရင်းဆေးဝါးသုံး စမုံစပါးပင်များကို မြင်းမူမြို့နယ်အတွင်းရှိ အလ္လကပ္ပကျေးရွာ၊ ကျော့မင်းကျေးရွာနှင့် ခြေယာတော်ကျေးရွာများတွင် အဓိက စိုက်ပျိုးလုပ်ကိုင်ကြပြီး မန္တလေး၊ မုံရွာ၊ ရွှေဘိုနှင့် အနယ်နယ်အရပ်ရပ်ရှိမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**



# မြဝတီမြို့နယ်၌ ပန်းများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိ

**မြဝတီ ဖေဖော်ဝါရီ ၂၀**
ကရင်ပြည်နယ် မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာ၌ ပန်းစိုက်တောင်သူ ဦးနေမင်းထွန်း၏ မိမိခြံဝင်းအတွင်း ပန်းများတစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုစားဝတ်နေရေးအတွက် ပုံမှန်ဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

အဆိုပါပန်းစိုက်ခင်းတွင် မေမြို့ပန်းအမျိုးအစားဖြစ်သည့် ရွှေတောင်ပန်း၊ ရွှေစိမ်ပန်း၊ ရွှေဒင်္ဂါးပန်းနှင့် ကိုရီးယားပန်းအဖြူ/အပြာ စသည့် ပန်းမျိုးအစားများကို လေးလကြာ စိုက်ပျိုးရပြီး ပန်းများကို တစ်ပင်လျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် မိမိတို့ရွာပတ်ဝန်းကျင်တွင် ရောင်းချသလိုမြို့ဈေးကွက်ဒိုင်များထံသို့ တင်သွင်းရောင်းလျက်ရှိကြောင်း သိရသည်။



အဆိုပါ တင်သွင်းရောင်းချသည့် ပန်းအမျိုးအစားပေါ်မူတည်ပြီး ဈေးနှုန်းများကွာခြားကာ တစ်နှစ်လျှင် ပန်းရောင်းရငွေကျပ်အနည်းဆုံး သိန်း ၃၀ ခန့် အကျိုးအမြတ် ရရှိသည့်အတွက် ပန်းများကို တစ်နိုင်တစ်ပိုင်စီးပွားရေးအဖြစ် စိုက်ပျိုးလုပ်ကိုင်ခြင်းဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**

# ပြောင်းဖူးရောင်းချခြင်းဖြင့် အပိုဝင်ငွေရှာဖွေ

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းဒေသတွင် ဆောင်းသီးနှံဖူးစားပြောင်း စိုက်ပျိုးသည့် တောင်သူများသည် ယခုအခါ ပြောင်းဖူးများခူးဆွတ်ရောင်းချခြင်းဖြင့် စားဝတ်နေရေးအတွက် နေ့စဉ်ဝင်ငွေရှာဖွေနေကြကြောင်း သိရသည်။

ခူးယူရရှိလာသည့် ခြံထွက်ပြောင်းဖူးများအား ကျက်အောင်ပြုတ်ပြီး လေးလက်မပတ်လည်ခန့်ရှိ ဖူးစားပြောင်းလေးဖူးကိုအစည်းလိုက်ချည်ကာ ပြောင်းဖူးတစ်စည်းလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချရကြောင်း၊ လယ်ယာလုပ်ငန်းခွင်များရိတ်သိမ်းပြီးချိန်တွင် ဖူးစားပြောင်းများကို ဆက်လက် စိုက်ပျိုးကြကြောင်း၊ ယာခင်း၌ ဖူးစားပြောင်းစိုက်ပျိုးသည့်တောင်သူများအနေဖြင့်ယခုအခါ မိသားစုအပိုဝင်ငွေရရှိရေးအတွက် ဖူးစားပြောင်းများခူးဆွတ်ရောင်းချနေကြကြောင်း၊ စီးပွားဖြစ်မဟုတ်သော်လည်း မိသားစုစားသောက်ရေးအတွက် အပိုဝင်ငွေလည်းရရှိကြောင်း ပြောင်းဖူးရောင်းသည့် အမျိုးသမီးတစ်ဦးက ပြောသည်။

**အားချာ**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။



ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း



ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း



စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း



အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျဲန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း



ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း




အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ




အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်

# နှစ်ပေါင်း ၂၀၀၀ ကျော်ရှိ ဒလမြို့မှ ရွှေစာရံစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်နိုင်



ရန်ကုန်မြို့နှင့်တစ်ဖက်ကမ်း တောင်ပိုင်းခရိုင်အတွင်းပါဝင်သော ဒလမြို့နယ်တွင် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးစေတီတော်တစ်ဆူဖြစ်သည့် ရွှေစာရံစေတီတော်မြတ်ကြီး တည်ရှိလျက်ရှိပြီး သာသနာနှစ် ၂၃၈ ခုနှစ်တွင် ဘောဂသေနမင်း (ခေါ်) ဒဂုံမင်း (ခေါ်) သီဟဒီပမင်းက တည်ထားပူဇော်ခဲ့ကြောင်း သိရပြီး ရဟန်းရှင်လူပြည်သူများအနေဖြင့် လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် မြတ်စွာဘုရားရှင်သည် တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့အား ဆံတော်ရှစ်ဆူအား ပေးသနားတော်မူခဲ့ပြီး ဒလ-အံ့ကြီးနယ် ဆပုကန် ၁၂ ရွာ၊ တောကြီးတန်းတစ်လျှောက် ဆံတော်ကြိုစေတီတော်များ တည်ထားခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့တွင် ဥက္ကလာပမင်းကြီးဦးစီးကာ ကုန်သည်ညီနောင်ထံမှရရှိသည့် ဆံတော်များအား ဌာပနာ၍ ရွှေတိဂုံစေတီတော်ကြီးအား တည်ထားတော်မူခဲ့သည်။

ရာမညတိုင်း သထုံပြည် သီဟရာဇာမင်းသည် ဘဝဟောင်းမှ ညီနောင်တော်စပ်ခဲ့ဖူးသည့် ရဟန္တာအရှင် ဂဝံပတိအား မြတ်စွာဘုရားရှင်အားဖူးမြင်လို၍ လျှောက်ထားရာ ရဟန္တာအရှင် ဂဝံပတိ၏ ပင့်လျှောက်ချက်အရ မဟာသက္ကရာဇ် ၁၁၀ ခုနှစ် မြတ်စွာဘုရားရှင် ရှစ်ဝါမြောက်တွင် ဘုရားရှင်သည် သံဃာတော် ၂၀၀၀၀၊ (သာသနာလင်္ကာရသံဃာတော် ၅၀၀) နှင့်အတူ ကောင်းကင်ခရီးဖြင့် ရာမညတိုင်း သုဝဏ္ဏဘုမ္မိ သထုံမြို့သို့ ကြွလာတော်မူသည်။ ဘုရားရှင်သည် မင်းနှင့် ပြည်သူအပေါင်းအား သရဏဂုံသီလ၌တည်စေခဲ့ပြီး ဘုရားရှင်အား ဖူးမြော်ကြည်ညိုရန် ရောက်ရှိလာကြသော ရသေ့နှစ်ကျိပ်လေးဦးတို့အား ဘုရားရှင်ကိုယ်စား ကိုးကွယ်ရန် ဆံတော်များအား ပေးသနားတော်မူခဲ့သည်။

ရသေ့နှစ်ကျိပ်လေးဦးတို့၏ အကြီးအကဲမှာ သီဟဒီပကျွန်း ဥတ္တရဂ်ကုန်းနေ ရသေ့ခေါက် (ခေါ်) တိဿရသေ့ဖြစ်သည်။ ထိုအချိန်တွင် သီဟဒီပ၌ သီတင်းသုံးနေထိုင်တော်မူသည့် ဒလဒီပရသေ့သည် မြတ်စွာဘုရားရှင်အား ဖူးမြော်ခွင့်မရသဖြင့် ဘုရားရှင်ထံမှ ကိုးကွယ်ရာ တစ်စုံတစ်ရာရရှိသော် ကောင်းလေစွဟု ရည်ရွယ်ကာ မြစ်ကမ်းခြေတောစပ်တစ်နေရာမှ ဘုရားရှင်အား အာရုံပြုနေလေသည်။ ထိုအခါ ဘုရားရှင်နှင့်တကွ ရဟန္တာတို့သည် ကောင်းကင်ခရီးဖြင့် သုဝဏ္ဏဘုမ္မိ မဇ္ဈိမဒေသသို့ ပြန်လည်ကြွချီတော်မူခဲ့ရာ ဒလဒီပရသေ့၏ ရှေ့တော်မှောက်၌ ဘုရားရှင်၏အရိပ်တော်သည် ထင်ရှားလေသည်။ ဒလဒီပရသေ့သည် ကြည်ညိုသဒ္ဓါပွားများကာ မြတ်စွာဘုရားရှင်အားလည်းကောင်း ရဟန္တာအရှင်မြတ်များအားလည်းကောင်း မြစ်ကမ်းခြေသောင်စပ်၌ ထင်ရှားစွာပြသည့် ဘုရားရှင်၏ အရိပ်တော်အားလည်းကောင်း အကြိမ်ကြိမ်ဖူးမြော်ရင်း ကျန်ရစ်လေသည်။

ဒလဒီပရသေ့သည် မြတ်စွာဘုရားရှင်၏ အရိပ်တော်ထင်ရှားရာ မြစ်ကမ်းခြေ သောင်စပ်မြေနေရာ၌ သဲပုံစေတီ အမှတ်အသားပြုကာ ပူဇော်အမှုကို ပြုလေသည်။ စေတီတော်အားလည်း ကျိုက်ဆာယာ (ဘုရားရှင်၏အရိပ်) ဟု ဘွဲ့မည်တော် ခေါ်တွင်ခဲ့လေသည်။ (ကျိုက်= ဘုရား၊ ဆာယာ=အရိပ်)

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက် သာသနာနှစ် (၂၃၅) ခုနှစ် တန်ဆောင်မုန်းလတွင် ပါတလိပုတ်ပြည် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာ ၁၀၀၀ တို့သည် တတိယသင်္ဂါယနာတင်ပြီးနောက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြု ကြွလာတော်မူကြကုန်သည်။ သာသနာနှစ် (၂၃၆) ခုနှစ် နယုန်လပြည့်နေ့တွင် အရှင်မဟာမဟိန္ဒသည် သီဟိုဠ်ကျွန်းသို့ သာသနာပြုရန် ကြွရောက်တော်မူလာခဲ့သည်။

သုံးနှစ်ခန့်အကြာ သီဟိုဠ်ကျွန်း၌ ရေလွှမ်းမိုးခဲ့ရာ မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်အရ ရေစားမှုဒဏ်မှကာကွယ်ရန် တန်ခိုးကြီး ဝေပုလ္လတောင်ထွတ်ရှိ ပတ္တမြားအားတောင်းခံရန် အရှင်ယသ၊ အရှင်သုစီအမှူးရှိသည့် ရဟန္တာရှစ်ပါးတို့သည် ဓာတ်တော် ၃၃ ဆူ၊ ဆံတော် ၂၄ ဆူနှင့်တကွ သီဟဒီပကျွန်းဘုရင် ဘောဂသေနမင်းထံ ကြွလာကုန်၏။

ဘောဂသေနမင်းသည် ပတ္တမြားရတနာကို ဖော်ထုတ်၍ ရဟန္တာတို့ထံပေးအပ်ပြီး ရဟန္တာတို့မှလည်း ဆံတော်၊ ဓာတ်တော်များအား မင်းကြီးထံ ပေးအပ်ကြလေသည်။ ဘောဂသေနမင်းသည် ရဟန္တာအရှင်မြတ်တို့၏ အစီအရင်ဖြင့် ဆံတော်၊ ဓာတ်တော်များကို ဌာပနာကာ စေတီပေါင်း ၁၁ ဆူနှင့် သိမ်တော်ကြီးကိုးလုံးကို ဒါယကာပြုတော်မူခဲ့လေသည်။ သာသနာနှစ် (၂၃၈) ခုနှစ် တန်ဆောင်မုန်းလတွင် ဘောဂသေနမင်းသည် ရဟန္တာအရှင်မြတ်တို့နှင့် ရသေ့ ၄၀ တို့မှ ထပ်မံရရှိသော ဆံတော်များကို ဌာပနာ၍ ဒဂုံ၊ ဒလ၊ ပဲခူး၊ ဟံသာဝတီ၊ သန်လျင်မြို့နယ်များတွင် စေတီပေါင်း ၃၆ ဆူအား ထပ်မံတည်ထားခဲ့သည်။

ဘောဂသေနမင်းသည် ရဟန္တာများပေးအပ်သည့် ဓာတ်တော်၊ ဆံတော်များကို ဆီမီး ၁၀၀၀ ဖြင့် ထွန်းညှိပူဇော်ထားစဉ် အိပ်မက်အရ ကျိုက်ခေါက်စေတီတော်ကြီးတွင် ဓာတ်တော်အချို့ကို ဌာပနာ၍ ဒုတိယအကြိမ် ထပ်မံပူဇော်ထားပြီးအပြန်တွင် ယခင် ဘုရားအရိပ်ထင်ရာ အရပ်ဒေသမြတ်ဖြစ်သည့် (ယခု ဒလမြို့) နေရာအရောက်တွင် "ဤအရပ်တွင် သာသနာတော် တည်မည်မှန်ခဲ့သော် ထင်ရှားသော နိမိတ်ပြပါစေသတည်း" ဟု အဓိဋ္ဌာန်လိုက်ရာ ဇမ္ဗူဒီပါတောင်ကျွန်းကြီးသည် တော်လည်းသံများမြည်ဟည်းကာ တုန်လှုပ်လေသည်။ ထိုအခါ နတ်ပြည်ရှိ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာတင်းရာ လူ့ပြည်သို့ ဆင်းသက်လာပြီး သီတင်းသုံးရာဌာန ဓာတ်တော်မွေတော်များရှိကြောင်း ညွှန်ပြပြောဆိုလေသည်။

ထိုအခါ ဘောဂသေနမင်း(ခေါ်)ဒဂုံမင်း(ခေါ်) သီဟဒီပမင်းသည် ဆံတော်သုံးဆူနှင့် ဓာတ်တော်များအား ဌာပနာကာ စေတီတည်ထားလေသည်။ ဘွဲ့မည်တော်ကိုလည်း ကျိုက်တလဲ့စေတီတော်ဟု သမုတ်တော်မူခဲ့သည်။ ကျိုက်တလဲ့ဟူသည်ကား မွန်အမည်ဖြစ်ကာ ကျိုက်သည် ဘုရား၊ တလဲ့သည် သခင်ဟု အဓိပ္ပာယ်ရ၍ သခင်ဘုရားဟု အဓိပ္ပာယ်ရကြောင်း ခေတ်ကာလပြောင်းလဲလာသည်နှင့် ကျိုက်တလဲ့မှ ကျိုက်တလ (ဒလ)၊ ထိုမှတစ်ဆင့် ကျိုက်ဆာယာမှ ရွှေစာရံဟု ပြောင်းလဲခေါ်ဆို လူသိများလာခဲ့ခြင်း ဖြစ်သည်။

ဒလမြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ရွှေစာရံစေတီတော်မြတ်ကြီးသည် ရှေးဘုရင်တစ်ပါးဖြစ်သည့် ဒဂုံမင်းမှ သာသနာနှစ် (၂၃၈) ခုနှစ်တွင် ဆံတော်သုံးဆူနှင့် ဓာတ်တော်များအား ဌာပနာကာ တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းသမိုင်းဝင်စေတီတော်ကြီးတစ်ဆူဖြစ်ပြီး နှစ်ပေါင်း ၂၃၂၆ နှစ် သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သည်။

**မင်းရဲမာန်**

ကျမ်းကိုး - ***ဦးပညာဝံသ (နာယကဆရာတော်၊ မြို့မဇေယျဝတီစာသင်တိုက်၊ ဒလမြို့ ရန်ကုန်တိုင်းဒေသကြီး) ရေးသားပြုစုသည့် သမိုင်းဝင်ဆံတော်ရှင် ရွှေစာရံစေတီတော်မြတ်ကြီး သမိုင်းအကျဉ်းချုပ်။)***

# တောင်ပေါ်ဒေသအင်ရွက်ကြွေချိန် အင်ဖက်အမိုးပြုလုပ်ရောင်းချရသဖြင့် မိသားစုအပိုဝင်ငွေရရှိ

**မယ်စဲ့ ဖေဖော်ဝါရီ ၂၀**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် တောင်ပေါ်ဒေသ၌ အင်ရွက်ကြွေချိန် ဒေသခံပြည်သူများ အင်ဖက်အမိုးပြုလုပ်ရောင်းချရသဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း အင်ဖက်အမိုးပြုလုပ်သူများထံမှ သိရသည်။

မယ်စဲ့မြို့သည် တောင်ကုန်းတောင်တန်းများပေါမှားသည့် မြို့တစ်မြို့ဖြစ်သည့်အားလျော်စွာ တောင်ပေါ်ရှိအင်ပင်များတွင် ယခုအခါ အင်ရွက်များ ကြွေကျချိန်ဖြစ်ရာ ဒေသခံများအနေဖြင့် တောမီးမဝင်ခင် ဖေဖော်ဝါရီလတွင် အင်ရွက်များကို စတင်ကောက်ယူကြသည်။

တောင်ပေါ်သို့ နံနက် ၅ နာရီအရောက် သွားရောက်မှသာ အင်ဖက်ကောက်ယူရာတွင် အဆင်ပြေပြီး နေပူပါက အင်ဖက်များကြွပ်ကာ ကြွေကျ၍ ကောက်မရသဖြင့် နံနက်စောစော နှင်းကျချိန်တွင် သွားရောက်ကောက်ယူကြရသည်။ ကောက်ယူရရှိသည့် အင်ဖက်များကို တောင်ပေါ်တွင်ပင် အရိုးဖြတ်၍ အိမ်သို့သယ်ယူကာ ရေဖျန်း၍ နှပ်ထားရသည်။

နှပ်ထားပြီးသောအင်ဖက်များကို ကောက်ညှင်းကျည်တောက်ပြုလုပ်ရာတွင် အသုံးပြုသည့်ဝါးကို အင်ဖက်ပျစ်သည့်အတံ လေးတောင်ခန့်နှင့် နှစ်တောင်ခန့်ရှိ နီးများဖြာ၍ အင်ရွက်နှစ်ရွက်စီကိုထပ်ကာ အင်ဖက်များကို ပျစ်ရသည်။

“အခုလို အင်ဖက်ရာသီချိန်ဆိုရင် တောင်ပေါ်ကိုမိသားစုလိုက် သွားကောက်ကြတယ်။ ကိုယ့်အိမ်အတွက် အမိုးမိုးရသလို ပိုလျှံတဲ့ ပျစ်ပြီးသားအင်ဖက် ၁၀၀ ကိုကျပ် ၁၅၀၀၀ နဲ့ မြို့နယ်အတွင်းရောင်းရတဲ့အတွက် ခုလိုကာလမှာ မိသားစုလည်း အပိုဝင်ငွေရရှိတော့ အဆင်ပြေပါတယ်” ဟု အင်ဖက်အမိုးပြုလုပ်သူတစ်ဦးက ပြောကြားသည်။

**ဝတ်ရည် (ပြန်/ဆက်)**

# မိရိုးဖလာရိုးရာလုပ်ငန်းတစ်ခုဖြစ်သည့် မြန်မာတို့၏ သနပ်ဖက်လုပ်ငန်း

မြန်မာနိုင်ငံသားတို့သည် သနပ်ပင်ကို မြင်ဖူးချင်မှ မြင်ဖူးပေလိမ့်မည်။ သို့သော် သနပ်ဖက်ကိုတော့ မမြင်ဖူးသူရှားပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သနပ်ဖက်ဆေးပေ့ါလိပ်ကို သောက်သုံးသူများသောကြောင့် ဖြစ်သည်။

သနပ်ဖက်သည် တောင်ကလမက်ပင်ကဲ့သို့ မိုရာဂျီနာစီအီးမျိုးရင်းဝင် ပင်စောက်မျိုးဖြစ်သည်။ ရုက္ခဗေဒအမည်အားဖြင့် ယင်းကို ကောဒီယာဒိုင်ခိုတိုမာဟုခေါ်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပွန်နယ်ဒေသ နောင်ဖက်၊ ကောင်းလိုင်၊ ကောင်းယော၊ တောင်ကွဲ၊ နန်းလီ၊ မိုင်းကြင်၊ ပန်လျင်း၊ နန်းမော်မား၊ ဟူမိန်း၊ မိုင်းကြည်၊ နန်းကွပ်၊ ပန်းလင်း စသောအရပ်ဒေသများအပြင် နန်းခုပ်ဒေသများနှင့် ဟိုပုံးဒေသများတွင် အပေါက်များသည်။

သနပ်ဖက်လုပ်ငန်းသည် ရှမ်းပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး တောတောင်များကို ရှင်းလင်းကာ သနပ်ဖက်ပင်များကို စိုက်ပျိုးကြသည်။ သနပ်ပင်တစ်ခြံလျှင် အပင်ရေ ၅၀ မှ ၄၀၀၀ အထိ စိုက်ပျိုးကြသည်။ ရေမဝပ်သောတောင်ခါးပန်းများတွင် စိုက်ပျိုးကြပြီး ပြာသို၊ တပို့တွဲလများတွင် မြေရှင်း မီးရှို့၍ ကဆုန်လတွင် မြေဆွကာ မျိုးကြဲကြသည်။ အပင်ပေါက်များ နှစ်တောင့်ထွာခန့်ရှိသောအခါ နုတ်၍ မူလပင်မမြစ်ရှည်တစ်ခုသာ ထား၍ ဘေးသို့ဖြာထွက်နေသော အမြစ်များ ဖြတ်တောက်ပြီးလျှင် တစ်ပင်နှင့်တစ်ပင် နှစ်ပေခန့်စီခြား၍ စိုက်ပျိုးကြသည်။

သနပ်ပင်စိုက်ပျိုးရာတွင် မြေဩဇာထည့်ပေးခြင်း၊ မြေဆွပေးခြင်း၊ ပေါင်းမြက်များနုတ်ပေးခြင်းတို့ ပြုလုပ်နိုင်လျှင် ပို၍ကောင်းသည်။ အပင်များ အပေါ်တက်၍ အကိုင်းအခက်များ ဝေဖြာလာသောအခါ ပင်မကိုင်းကြီး နှစ်ကိုင်းသုံးကိုင်းသာချန်၍ ကျန်ကိုင်းများကို ရှင်းပေးရပြီး အရွက်များပိုးမစားစေရန် ပိုးသတ်ဆေးအကြိမ်ကြိမ် ဖျန်းပေးရသည်။ အပင်ဖြစ်ထွန်းလျှင် သုံးနှစ်သားမှစ၍ အရွက်များခူးရပြီး စိုက်ပျိုးသည့်မြေညံ့လျှင် လေးနှစ်သားကျမှ အရွက်များခူးရသည်။ သနပ်ပင်တစ်ပင်လျှင် အရွက်ရေ ၃၀ မှ ၄၀ အထိ ထွက်သည်။ သနပ်ဖက်ကို ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် ခူးရပြီး တစ်နှစ်လေးကြိမ်ခူးရသည်။



သနပ်ဖက်ကို ဆေးလိပ်လိပ်ရာတွင် အရွက်အစိမ်းအတိုင်း အသုံးမပြုရပေ။ ဦးစွာ ဖက်ခူးအရွက်မှောက်၍ အကြောကလေးများကို တစ်ရွက်ချင်း သင်ပေးရသည်။ အကြောသင်ပြီးဖက်များကို မြေလုံဖိုရှည်ကြီးပေါ်၌ တင်ထားသော အပတ်ဝိုင်းထားသည့် ဒယ်ပြားထဲ ထည့်၍ လှော်ရသည်။ တစ်ဖိုတွင် ၁၀ ဒယ်မှ ၁၂ ဒယ်အထိရှိပြီး တစ်ဒယ်တွင် ဖက်ရွက် ၁၅ ရွက်ခန့်စီကာ အပေါ်မှ သဲထုပ်ဖိ၍ လှော်ရသည်။ လှော်ပြီးသားဖက်ရွက်များကို အကြီးအသေးခွဲခြားပြီး ကျကျနနထုပ်ပိုးပြီးပါက ပွဲရုံများသို့ ရောင်းချနိုင်သည်။ တစ်ပိဿာလျှင် ဖက်ရွက်အသေး ကျပ် ၆၀၀၀ နှင့် အကြီး ကျပ် ၇၀၀၀ ရောင်းချရကြောင်း သိရသည်။ တစ်နှစ်လျှင် သနပ်ဖက်ပိဿာချိန် ၁၂၀၀ အထိ ထွက်ရှိပြီး ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်တွင် အများဆုံးစိုက်ပျိုးကာ ဧကပေါင်း ၇၀၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။

**ဇေယျာထက် (မင်းဘူး)**

## ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ

**(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)**

၁။ နံနက်ခင်း ရုံးသို့ လာရောက်စဉ်နှင့် ရုံးတက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအမြင်အားဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲလွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

(က) ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် အချင်းချင်းသတိပေးပြောကြားရန်-

- အိမ်အပြင်သို့ ထွက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များကို စောင့်ဆိုင်းသည့်စုရပ်တွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာနေပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင်စီးနင်းရာ၌ ထိုင်ခုံတစ်ခုတွင် တစ်ယောက်ချင်းစီသာ ဖားလွယ်ခုတ် အနေအထားဖြင့် ခပ်ခွာခွာထိုင်ပါ၊ ထိုင်ခုံတစ်ခုတည်းတွင် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ မထိုင်ရပါ။

(**မှတ်ချက်**။ အများသုံးယာဉ်များအသုံးပြုပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေပါ၊ အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို မကြာခဏ အသုံးပြုပါ။)

**(ခ) ရုံး/ဌာနသို့ ရောက်ရှိချိန်နှင့် ရုံးချိန်အတွင်းတွင် အချင်းချင်းသတိပေးပြောကြားရန်-**

- ရုံး/ဌာနသို့ ဝင်ရောက်သည့်အခါ (Physical Distancing) မှုနှင့်အညီ တစ်ဦးနှင့် တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာ ဝင်ရောက်ပါ။
- ရုံး/ဌာနအတွင်းသို့ မဝင်မီ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် လက်ဆေးပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ရုံးဝင်ပေါက်နေရာများတွင် Non-touch thermometer အသုံးပြု၍ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါ။ ပုံမှန် ကိုယ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်အောက်) ရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ပါ။
- ရုံးချိန်အတွင်း ဧည့်သည်လက်ခံခြင်း မပြုရပါ။
- ရုံးချိန်အတွင်းတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စွန့်ပစ်သည့်အခါ အဖုံးပါသည့် အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။
- ရုံးတွင်း/ရုံးပြင် စာပေး/စာယူဌာနများတွင် တာဝန်ကျသူများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield)၊ လက်အိတ် (Glove) တို့ကို စနစ်တကျ ဝတ်ဆင်ရပါမည်။
- အလုပ်ခွင်၌ ဝန်ထမ်းတစ်ဦးနှင့် တစ်ဦးအကြား (၆)ပေခွာ၍ အလုပ်လုပ်ပါ၊ တတ်နိုင်သမျှ မျက်နှာချင်းဆိုင်မနေရပါ။ ဖြစ်နိုင်ပါက တစ်ဦးနှင့် တစ်ဦးအကြား စားပွဲတင်ပလတ်စတစ်အကာ (Plastic Cover) အသုံးပြုပါ။
- အခြားသူများနှင့် ထိတွေ့မှု အများဆုံးရှိနိုင်သည့် မျက်နှာပြင်များ (ဥပမာ-အလုပ်စားပွဲမျက်နှာပြင်များ)ကို မကြာခဏ ပိုးသတ်သန့်စင်ပါ။
- ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်း ပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံအောင် ဖုံးအုပ်ပါ။ အသုံးပြုပြီးတစ်ရှူးကို အဖုံးပါသည့်အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ၊ ပြီးလျှင် လက်ကို စနစ်တကျ ဆေးကြောပါ။
- ရုံးချိန်အတွင်းတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။

- လုပ်ငန်းခွင်အတွင်း လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ ဆက်ဆံပြောဆိုခြင်း မရှိစေရန် အချင်းချင်းအထူးသတိပေးပါ။

၂။ ထမင်းစားချိန်တွင်-

- ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။
- အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။

၃။ ညနေခင်း ရုံးဆင်းချိန်နှင့် အိမ်ပြန်ရောက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

**(က) ရုံးဆင်းချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ**

- ရုံး/ဌာနမှပြန်ချိန်တွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေ အကွာ နေထိုင်ခြင်း (Physical Distancing) မှုကို လိုက်နာပါ။
- ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။

- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာနှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြားနေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝ မပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ် အကြောင်းကြားပါ။

- ဝန်ထမ်းကြို/ပို့ယာဉ်များ (သို့မဟုတ်) အများပြည်သူသုံးယာဉ်များကို စီးနင်းချိန်တွင် (၁-က) တွင် ဖော်ပြထားသည့် လိုက်နာရန်အချက်များကို ပြန်လည်သတိပေး ပြောကြားပေးပါ။

**(ခ) အိမ်ပြန်ရောက်ချိန်တွင်လိုက်နာရန်ပြောကြားရမည့်အချက်များ**

- အိမ်သို့ပြန်ရောက်ပါက ဆပ်ပြာနှင့်ရေကို အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် လက်ဆေးပါ၊ အဝတ်အစားများကို ဆပ်ပြာဖြင့် မိနစ်(၃၀)စိမ်ပြီးနောက် လျှော်ဖွပ်ပါ၊ ဆပ်ပြာဖြင့် ရေချိုးပါ။
- ကိုယ်လက်သန့်စင်ခြင်းမပြုမီ နေအိမ်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အနီးကပ် ထိတွေ့ခြင်းမပြုရပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ညောင်တုန်းမြို့၌ အတုလမာရဇိန်ဘုရားကြီးနှင့် ဘုရားစေတီပုထိုးများဖူးမြော်နိုင်ရန် ဖွင့်လှစ်ထား

**ညောင်တုန်း ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၂)ရပ်ကွက်ရှိ အတုလမာရဇိန်ဆုတောင်းပြည့်သွန်းဘုရားကြီးအား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ယာယီပိတ်ထားရာမှ ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်၍ ပြန်လည်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**ဖွင့်လှစ်**

ထိုသို့ပြန်လည်ဖွင့်လှစ်ရာတွင် အနယ်နယ်အရပ်ရပ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေ့စဉ်နံနက် ၆ နာရီမှ ည ၇ နာရီအထိ လာရောက်ဖူးမြော်နိုင်ရေးအတွက် ဖွင့်လှစ်ပေးထားကြောင်း အတုလမာရဇိန်သွန်းဘုရားကြီးဂေါပကအဖွဲ့မှ ဦးမျိုးအောင်က ပြောသည်။ အတုလမာရဇိန်သွန်းဘုရားကြီးကို ၁၂၅၃ ခုနှစ်က စတင်တည်ထားခဲ့ရာ နှစ်ပေါင်း(၁၂၉)နှစ်ခန့်ရှိသော ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ဘုရားကြီးဖြစ်သည်။

ညောင်တုန်းမြို့တွင် သမိုင်းဝင် မြို့ဦးမိုးဟုပ်စေတီတော်၊ နိုင်ငံအေးဘုရားကြီး၊ ဥသျှစ်လှစေတီတော်များကိုလည်း ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်၍ဖွင့်လှစ်ခဲ့ပြီး ရဟန်းရှင်လူ၊ ပြည်သူများ ကိုဗစ်-၁၉ ရောဂါစည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဘုရားဖူးသူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

■



# ချင်းတွင်းမြစ်ရေနည်းပါးချိန်တွင် ရေယာဉ်များ ရေယာဉ်သောင်တင်ခြင်း မဖြစ်ပေါ်ရန် သတ်မှတ်ရေကြောင်းများမှ မောင်းနှင်ကြရန် လိုအပ်

**မုံရွာ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ဖြတ်သန်း စီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ကြောင်း တစ်လျှောက် ပြေးဆွဲလျက်ရှိသော ကုန်တင်ရေယာဉ်များအနေဖြင့် ရေနည်းကာလအတွင်း ရေကြောင်းပြအမှတ်အသားများ ပြသထားသည့် ရေလမ်းကြောင်းများအတိုင်း စနစ်တကျမောင်းနှင်ကြရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရေလမ်းသတ်မှတ်ရေး)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်း၏ ပြောကြားချက်များအရ သိရသည်။



မြစ်ရေနည်းပါးချိန်တွင် ချင်းတွင်းမြစ်အထက်ပိုင်းဒေသများရှိ အချို့ရေလမ်းကြောင်း နေရာများ၌ မြစ်ကြောင်း ကျပ်တည်းမှုများဖြစ်ပေါ်လျက်ရှိသဖြင့် လမ်းခရီးတွင် ရေယာဉ်များ သောင်တင်မှုမရှိစေရန်အတွက် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရေလမ်း သတ်မှတ်ရေး)မှ ရေနည်းကာလအဖြစ် သတ်မှတ်ပြီး ရေစူးသတိပေးချက်များ ထုတ်ပြန်ပေးထားကြောင်း သိရသည်။

"ရေနည်းကာလကိုတော့ ဒီဇင်ဘာလဆန်းပိုင်းကတည်းက ထုတ်ပြန်ထားပါတယ်။ အခုအခြေအနေမှာ ရေကြောင်းတွေ စကျပ်လာတာဖြစ်တဲ့အတွက် သတိပေးပြောကြားတာဖြစ်တယ်။ မြစ်ကြောင်းက လမ်းကြောင်းမှန်မှန်နဲ့ ကွေးကွေးလေးဆိုရင်တော့ ရေကြောင်းမပျက်စီးဘူး။ နွေရာသီမြစ်ရေနည်းပါးချိန်ဆိုရင် မော်လိုက်မြို့နယ်အောက်ဘက် ရိုးလာရေလမ်းကြောင်း အမြဲတမ်းလိုပဲရေကြောင်းကျပ်ပါတယ်။ နောက်တစ်ခုက ဟုမ္မလင်းမြို့ အောက်ဘက်ခြမ်းက ကက်သာဆင်းရေကြောင်းလည်း ကျပ်ပါတယ်။ ရေကြောင်းကျဉ်းလာရင် ပိုပြီးပျက်စီးတယ်။ ရေကြောင်းကျပ်တဲ့နေရာတွေမှာ ရေကြောင်းပြအမှတ်အသားတွေ ထားရှိပါတယ်။ နွေရာသီမြစ်ရေနည်းချိန်မှာ သတ်မှတ်ပေးထားတဲ့ ရေလမ်းကြောင်းအတိုင်း မောင်းမယ်ဆိုရင် ရေလမ်းကြောင်း ရေရှည်ခိုင်မယ်။ ဒါကြောင့် သတ်မှတ်ပေးထားတဲ့ ရေလမ်းကြောင်းက မောင်းနှင်ကြဖို့လိုပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်းက ပြောသည်။

ရေနည်းကာလတွင် ရေလမ်းကြောင်း အခြေအနေပေါ်မူတည်ပြီး သတ်မှတ်ပေးထားသော ရေစူးကန့်သတ်ချက်များနှင့်အညီ တင်ဆောင်မောင်းနှင်နိုင်ရန် နှစ်စဉ်နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်အထိကို ရေနည်းကာလအဖြစ် သတ်မှတ်ကာ ရေစူးသတ်မှတ်ချက်အဖြစ် ချင်းတွင်းဝမှ မုံရွာအထိရေအနက် သုံးပေ၊ မုံရွာမြို့မှ ကလေးဝမြို့အထိ ရေအနက် သုံးပေ သုံးလက်မ၊ ကလေးဝမြို့မှ ဟုမ္မလင်းမြို့အထိ ရေအနက် သုံးပေနှင့် ဟုမ္မလင်းမြို့မှ ခန္တီးမြို့အထိ ရေအနက် နှစ်ပေ၊ ခြောက်လက်မ သတ်မှတ်ကာ ထုတ်ပြန်ထားကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

# ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ ကြက်သွန်နီစိုက်ပျိုးရာတွင် ဥစိုက်ပျိုးခြင်းအစား အထွက်နှုန်းကောင်းသော ပျိုးပင်စိုက်ပျိုးခြင်းကို အားထားစိုက်ပျိုးလုပ်ကိုင်နေ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများ မိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ကြက်သွန်နီစိုက်ခင်းများ နုတ်သိမ်းချိန်တွင် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းနေသဖြင့် သီးနှံဝင်ငွေအကျိုးအမြတ်နည်းပါးခဲ့သည့်အတွက် နွေရာသီကြက်သွန်နီးဈေးကွက်တွင် ဈေးကောင်းရရှိရေး မျှော်လင့်၍ စီးပွားဖြစ် အားထားစိုက်ပျိုးလုပ်ကိုင်နေကြကြောင်း သိရသည်။ ထိုသို့ ကြက်သွန်နီစိုက်ပျိုးရာတွင် ဥစိုက်ပျိုးခြင်းအစား အထွက်နှုန်းကောင်းသော ပျိုးပင်စိုက်ပျိုးနည်းစနစ်ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း ပွင့်ဖြူမြို့နယ် အင်းနက်ကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို (နွေ၊ မိုး၊ ဆောင်း ) စိုက်ပျိုးလုပ်ကိုင်ကြသည်။ သီးနှံများ စိုက်ပျိုးရာတွင် စပါး၊ နှမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲထောပတ်၊ နေကြာ၊ ကုလားပဲ သီးနှံနှင့် ဟင်းသီးဟင်းရွက် စားပင်သီးနှံမျိုးစုံကို စိုက်ပျိုးကြကြောင်းနှင့် ကြက်သွန်နီသီးနှံအား သုံးရာသီ စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ ယခုနှစ်တွင် တောင်သူများ မိုးရာသီစိုက်ပျိုးခဲ့သည့် ကြက်သွန်နီစိုက်ခင်းများမှာ အောင်မြင် ဖြစ်ထွန်းမှုရှိကာ အထွက်နှုန်းများကောင်းမွန်သော်လည်း လက်ရှိတွင် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းနေ၍ ကြက်သွန်နီစိုက်တောင်သူများ အကျိုးအမြတ်နည်းပါးကာ လုပ်ငန်းအခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မှာ ဒေသခံတောင်သူတွေဟာ မုန်းချောင်းရေနဲ့ ကိုယ်ပိုင် စက်ရေတွင်းတွေနဲ့ ကြက်သွန်နီကို(နွေ၊ မိုး၊ ဆောင်း) သုံးရာသီ စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ဒီနှစ်တော့ မိုးကြက်သွန်နီတွေ လှိုင်လှိုင်ပေါ်ချိန်မှာ ဈေးနှုန်းက တစ်ပိဿာကို ငွေကျပ် ၃၀၀၊ ၄၀၀ လောက်သာ ရောင်းချရလို့ စိုက်ပျိုးစရိတ်နဲ့တွက်ရင် တွက်ခြေမကိုက်ဘူး ဖြစ်နေပါတယ်။ ဒါကြောင့် တောင်သူတွေက နွေရာသီကာလမှာ ကြက်သွန်နီဈေးကောင်းရရှိဖို့အတွက် မျှော်လင့်ပြီးတော့ အားထားစိုက်ပျိုးလုပ်ကိုင် နေကြပါတယ်။ အဲဒီလို စိုက်ပျိုးရာမှာ အရင်နှစ်တွေက ဥစိုက်စနစ်နဲ့ စိုက်ပျိုးကြပြီး အခုနှစ်မှာတော့ တောင်သူအများစုက ကြက်သွန်နီ ပိုပြီးအထွက်တိုးတဲ့ ပျိုးပင်စိုက်နည်းစနစ်နဲ့ ပြောင်းလဲစိုက်ပျိုးလုပ်ကိုင်နေကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် အင်းနက်ကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူ ဦးရဲမင်းက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ကြက်သွန်နီကို အဓိက စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြသည့် ကျေးရွာများမှာ အင်းနက်ကျေးရွာ၊ ညောင်ပင်စောက်ကျေးရွာ၊ မဲဇလီကျေးရွာ၊ ဆည်တော်ကျေးရွာ၊ ကြူဝင်းကျေးရွာ၊ အနောက်လေးအိမ်ကျေးရွာ၊ ထန်းတောကျေးရွာ၊ ညောင်ပင်ဝိုင်းကျေးရွာ၊ ထူးပေါက်ကျေးရွာ၊ ကျွဲခြံကျေးရွာ၊ လယ်မကျေးရွာတို့ဖြစ်ပြီး မုန်းချောင်းတစ်လျှောက်ရှိ ကျေးရွာများတွင်လည်း စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ ထိုသို့ ကြက်သွန်နီစိုက်ပျိုးရာတွင် ဒေသခံတောင်သူများက မိုးရာသီနှင့် ဆောင်းရာသီတွင် အများဆုံးစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

ရဲဝင်းနိုင်(ပြန်/ဆက်)



# လှိုင်းဘွဲ့မြို့နယ် အခြေခံပညာဦးစီးဌာန မိသားစု စုပေါင်းထမနဲထိုး



**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပညာရေးမှူးရုံးတွင် ဝန်ထမ်းများစုပေါင်း၍ စည်းလုံးညီညွတ်မှုအင်အားကို ဖော်ဆောင်မှုအနေဖြင့် မြန်မာ့ရိုးရာ ထမနဲထိုးခြင်းကို ယမန်နေ့ ညနေပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

အဆိုပါထမနဲထိုးပွဲကို အခြေခံပညာဦးစီးဌာနမိသားစုက စုပေါင်း၍ ပြုလုပ်ခြင်းဖြစ်သည်။ မြန်မာတို့၏ စည်းလုံးညီညွတ်မှုနှင့် စေတနာ၊ သဒ္ဓါတရားထက်သန်မှုကို တွေ့မြင်နိုင်သည့် ထမနဲထိုးပွဲကို တပို့တွဲလတွင် ကျင်းပလေ့ရှိသည်။

မြို့နယ်(ပြန်/ဆက်)

■




ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# အိမ်ထောင်သက် ခြောက်နှစ်အကြာမှာ လမ်းခွဲလိုက်တဲ့

## ကင်ကာဒါရှီးရန်းနဲ့ ကန်းရီဝက်စ်



ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ကင်ကာဒါရှီးရန်းနဲ့ ကန်းရီဝက်စ်တို့ဟာ လတ်တလောမှာ တရားဝင်လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အီးအွန်လိုင်းဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ထိပ်တန်းကြယ်ပွင့်စုံတွဲဖြစ်တဲ့ ကင်ကာဒါရှီးရန်းနဲ့ ကန်းရီဝက်စ်တို့ဟာ အိမ်ထောင်သက် ခြောက်နှစ်အကြာမှာ တစ်လမ်းစီလျှောက်ဖို့ရာ ဆုံးဖြတ်ခဲ့ကြကြောင်း ဖေဖော်ဝါရီ ၁၉ ရက်မှာ အတည်ပြုပြောကြားခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ကင်ကာဒါရှီးရန်းက သူနဲ့ကန်းရီဝက်စ်တို့ရဲ့ ရင်သွေးလေးဦးကို မိဘနှစ်ပါးအတူ တရားဝင်စောင့်ရှောက်ခွင့်ရဖို့အတွက် တောင်းဆိုထားပြီး သူတို့နှစ်ဦး လမ်းခွဲလိုက်ရတဲ့အကြောင်းကိုလည်း သူတို့နှစ်ဦးအကြားက ညှိနှိုင်းလို့မရတဲ့ ကွဲပြားခြားနားမှုတွေကြောင့်ဖြစ်ကြောင်းလည်း ကင်က ဆိုပါတယ်။

ကင်ကာဒါရှီးရန်းနဲ့ ကန်းရီဝက်စ်တို့ဟာ ၂၀၁၂ ခုနှစ်အတွင်း ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ကြတာပါ။ ၂၀၁၄ ခုနှစ်အတွင်းမှာတော့ လက်ထပ်ခဲ့ကြပြီး လက်ရှိအချိန်အထိ ရင်သွေးလေး လေးဦးထွန်းကားခဲ့ပါတယ်။ အဆိုပါ ကြယ်ပွင့်စုံတွဲဟာ ယခုလို တရားဝင်လမ်းမခွဲခင်မှာလည်း လပေါင်းများစွာ သီးခြားစီနေထိုင်ခဲ့ကြပြီး ဖေဖော်ဝါရီလအတွင်း အဆက်အသွယ်လုံးဝမရှိတော့ဘဲ အဆုံးမှာတော့ တရားဝင် ကွာရှင်းပြတ်စဲခဲ့ကြတာလည်း ဖြစ်ပါတယ်။

# ဆောင်းဂျွန်ကီရဲ့ ရုပ်ရှင်သစ် Vincenzo စတင်ထုတ်လွှင့်ပြသ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဆောင်းဂျွန်ကီဟာ ဇာတ်လမ်းတွဲ ရုပ်ရှင်သစ် Vincenzo မှာ ပါဝင်ထားပြီး လတ်တလောမှာ ရုပ်ရှင်ဇာတ်ဝင်ခန်းတွေက မင်းသားရဲ့ ပုံရိပ်တွေကို ထုတ်ဖော်ပြသခဲ့ကြောင်း စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၂၀ ရက်မှာ Vincenzo ဇာတ်လမ်းတွဲရုပ်ရှင်ကို အထူးထုတ်လွှင့်မှုပြုလုပ်ခဲ့ပြီး ဆောင်းဂျွန်ကီရဲ့ ဓာတ်ပုံတွေကိုလည်း ထုတ်ဖော်ပြသခဲ့တာပါ။ အဆိုပါ ဇာတ်လမ်းတွဲကို tvN ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ပြီး ဒီဇာတ်လမ်းတွဲမှာတော့ ဆောင်းဂျွန်ကီကို ရှေ့နေတစ်ဦးအဖြစ် မြင်တွေ့ကြရမှာလည်း ဖြစ်ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲမှာ ဆောင်းဂျွန်ကီဟာ ကိုရီးယားနွယ်ဖွား တစ်ဦးဖြစ်ပေမယ့် ငယ်စဉ်ကပင် အီတလီလူမျိုးမိဘနှစ်ဦးရဲ့ မွေးစားခံခဲ့ရပြီး အီတလီမှာ ကြီးပြင်းကာ ရှေ့နေတစ်ဦး ဖြစ်လာခဲ့တာပါ။ ဒါပေမယ့် သူနဲ့အလုပ်လုပ်နေတဲ့ အဖွဲ့အစည်းရဲ့ ပြဿနာကြောင့် တောင်ကိုရီးယားကို ရောက်ရှိလာခဲ့ပြီး ကိုရီးယားရှေ့နေတစ်ဦးနဲ့တွဲဖက်ကာ ဥပဒေကနေ လွတ်နေတဲ့ ဒုစရိုက်သမားတွေကို အပြစ်ပေးဖို့ရာ ကြိုးစားနေသူလည်းဖြစ်ပါတယ်။ ဆောင်းဂျွန်ကီနဲ့ တွဲဖက်သွားမယ့် ကိုရီးယားရှေ့နေအဖြစ် တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ 2PM ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်က ပါဝင်သရုပ်ဆောင်ထားကြောင်းလည်း သိရပါတယ်။

ဖေဖော်ဝါရီ ၂၀ ရက်မှာ အဆိုပါ ဇာတ်လမ်းတွဲရဲ့ ပထမပိုင်းကို စတင်ထုတ်လွှင့်ခဲ့ပြီး ဒီအပိုင်းမှာ ဆောင်းဂျွန်ကီအနေနဲ့ တောင်ကိုရီးယားကို ရောက်ရှိလာကာ အတွေ့အကြုံသစ်တွေ ရရှိခဲ့တဲ့အကြောင်းတွေကို ထည့်သွင်းရိုက်ကူးထားကြောင်း သိရပါတယ်။

# လော့စ်အိန်ဂျလိစ်ကို ပြောင်းရွှေ့လိုကြောင်း လီဆာပြောကြား



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီဆာဟာ ကေပေါ့ပ်တေးသံရှင်တစ်ဦးအဖြစ်လှုပ်ရှားနေတဲ့ ထိုင်းလူမျိုးတေးသံရှင်တစ်ဦးပါ။ ယခင်က ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ သူ့အနေနဲ့ လော့စ်အိန်ဂျလိစ်ကို ပြောင်းရွှေ့နေထိုင်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ဖူးတယ်လို့ ပင့်ခ်ဗီလာဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

BLACK PINK ဟာ ဒေသတွင်းမှာသာမက နိုင်ငံတကာမှာပါ အောင်မြင်တဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ အဆိုပါ တေးဂီတအဖွဲ့ဟာ အင်္ဂလိပ်လူမျိုးတေးသံရှင်တစ်ဦးဖြစ်တဲ့ ဒူအာလီပါနဲ့ တွဲဖက်ကာ တေးသီချင်းထုတ်လုပ်ခဲ့ပြီး အနောက်နိုင်ငံတွေမှာပါ အောင်မြင်မှုရရှိအောင် လုပ်ဆောင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ အနောက်နိုင်ငံတွေမှာ သွားရောက်ဖျော်ဖြေစဉ်မှာ ခံစားချက်တွေနဲ့ နေထိုင်လိုတဲ့မြို့အကြောင်းကို မေးခဲ့ရာမှာတော့ လီဆာက သူ့အနေနဲ့ လော့စ်အိန်ဂျလိစ်မှာ နေထိုင်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

# ကြည့်ရှုမှုနှုန်း များပြားခဲ့တဲ့ The Penthouse 2

လတ်တလောမှ စတင်ပြသခဲ့တဲ့ ကိုရီးယားဇာတ်လမ်းတွဲ The Penthouse 2 ဟာ ပထမဆုံးအပိုင်းမှာပင် ကြည့်ရှုသူရာခိုင်နှုန်းများပြားခဲ့ပြီး ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ ဇာတ်လမ်းတွဲရဲ့ အဖွင့်အကြည့်နှုန်းကို ကျော်လွန်ခဲ့ကြောင်း စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၁၉ ရက်မှာ The Penthouse 2 ကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ပထမဆုံးအပိုင်းမှာ ကြည့်ရှုသူရာခိုင်နှုန်း ၁၆ ဒသမ ၇ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ဖေဖော်ဝါရီ ၂၀ ရက်မှာ ထုတ်လွှင့်ပြသခဲ့တဲ့ ဒုတိယပိုင်းအပြီးမှာတော့ ကြည့်ရှုသူရာခိုင်နှုန်း ၁၉ ဒသမ ၁ ရာခိုင်နှုန်းရရှိခဲ့တာကြောင့်ယခင်နှစ်အတွင်းက ထုတ်လွှင့်ခဲ့တဲ့ The Penthouse 1 ရဲ့ စတင်ထုတ်လွှင့်ချိန်က ကြည့်ရှုသူရာခိုင်နှုန်းကို များစွာကျော်လွန်ခဲ့ကြောင်းလည်း သိရပါတယ်။

ယခင်နှစ်ကထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းတွဲကို ဒေသတွင်းပရိသတ်တွေသာမက နိုင်ငံတကာက ပရိသတ်တွေကပါ အွန်လိုင်းပေါ်ကနေတစ်ဆင့် ကြည့်ရှုခဲ့ကြပြီး အလွန်အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်ခဲ့ပါတယ်။

The Penthouse 2 ကို SBS ရုပ်သံလိုင်းကနေ ထုတ်လွှင့်ချိန်မှာလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြည့်ရှုသူများပြားခဲ့ပြီး ထုတ်လွှင့်တဲ့ရက်ကိုတော့ ပြောင်းလဲခဲ့တာကို တွေ့ရပါတယ်။ The Penthouse 1 ကို တနင်္လာနဲ့ အင်္ဂါနေ့တွေမှာ ထုတ်လွှင့်ခဲ့ပြီး ဇာတ်လမ်းတွဲသစ်ကိုတော့ သောကြာနဲ့ စနေနေ့တိုင်း ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အလားတူ JTBC ရုပ်သံလိုင်းမှ စတင်ပြသခဲ့တဲ့ Beyond Evil ဇာတ်လမ်းတွဲဟာလည်း အဖွင့်မှာ ကြည့်ရှုသူများခဲ့ပြီး အဆိုပါဇာတ်လမ်းတွဲကို ကြည့်ရှုသူ ၄ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်းလည်း သိရပါတယ်။



**အေးပြည့် - စုစည်းသည်**

# အော်ရီဂွန်တေးအယ်လ်ဘမ်စာရင်းမှာ ထိပ်ဆုံးက ရပ်တည်နေတဲ့ BTS



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ လက်ရှိမှာ အော်ရီဂွန်တေးအယ်လ်ဘမ်စာရင်းမှာ ထိပ်ဆုံးမှာ ရပ်တည်နေကြောင်း စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ တေးဂီတအဖွဲ့ဟာ ဖေဖော်ဝါရီ ၁၉ ရက်မှာ အဖွဲ့ရဲ့ ဗားရှင်းသစ်နဲ့ ပြန်လည်ထုတ်လုပ်ထားတဲ့ တေးအယ်လ်ဘမ် BE ကို ထုတ်လွှင့်ပေးခဲ့ပြီး အော်ရီဂွန်ရဲ့ နေ့စဉ်တေးအယ်လ်ဘမ်စာရင်းမှာရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် နံပါတ်တစ်နေရာ ရနေတာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း BTS က အဖွဲ့ရဲ့ တေးအယ်လ်ဘမ် BE ကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး သုံးလအကြာမှာ ဗားရှင်းအသစ်နဲ့ ပြန်ပြောင်းထုတ်လွှင့်ခဲ့တာလည်း ဖြစ်ပါတယ်။

# COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်သော မေးခွန်းနှင့် အဖြေများ(အပိုင်း-၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာစေး/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစားအသောက်ပျက်၊ စိတ်လှုပ်ရှားခြင်း၊ ဝိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# မန်စီးတီးအသင်းက တိုက်စစ်မှူးမက်ဆီကိုခေါ်ယူဖို့ ချိတ်ဆက်မှု မပြုလုပ်ခဲ့ဟုဆို




ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းက စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းရဲ့ တိုက်စစ်မှူးမက်ဆီကို ခေါ်ယူဖို့ ချိတ်ဆက်မှုတွေ မပြုလုပ်ခဲ့ဘူးလို့ ဆိုပါတယ်။

တိုက်စစ်မှူးမက်ဆီရဲ့ လက်ရှိဘာစီလိုနာအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းက နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး အသက် ၃၃ နှစ်အရွယ်ရှိ တိုက်စစ်မှူးမက်ဆီဟာ ဘာစီလိုနာအသင်းနဲ့အတူ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ပေးအပ်ချီးမြှင့်တဲ့ ဘလွန်း ဒီအောဆုကို ခြောက်ကြိမ်အထိ ရယူဆွတ်ခူးထားနိုင်ခဲ့သူ ဖြစ်ပါတယ်။

တိုက်စစ်မှူး မက်ဆီကို ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေပေမယ့် ကစားသမားကိုယ်တိုင်က ဘာစီလိုနာအသင်းနည်းပြဟောင်း ပက်ဂွာဒီယိုလာရှိရာ မန်စီးတီးအသင်းကို ပြောင်းရွှေ့ကစားဖို့ရှိနေတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်နေခဲ့တာဖြစ်ပါတယ်။

စပါးကွင်းလယ်ကစားသမားဟောင်း တစ်ဦးဖြစ်တဲ့ ဂျာမေနီဂျေးနက်စ်ကတော့ မန်စီးတီးအသင်းဟာ တိုက်စစ်မှူးမက်ဆီကို ခေါ်ယူမယ့်အစား ဒေါ့မွန်အသင်းရဲ့ အသက် ၂၀ အရွယ် နော်ဝေတိုက်စစ်မှူး ဟာလန်းကို ခေါ်ယူသင့်တယ်လို့ အကြံပြုထားတာ ဖြစ်ပါတယ်။

တိုက်စစ်မှူးဟာလန်းဟာ ချန်ပီယံလိဂ်ပွဲစဉ် ငါးပွဲမှာ သွင်းယူပေးခဲ့တဲ့ သွင်းဂိုးရှစ်ဂိုးအပါအဝင် ယခုနှစ်ဘောလုံးရာသီမှာ ဒေါ့မွန်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၄ ပွဲကစားအပြီးမှာ သွင်းဂိုး ၂၅ ဂိုးသွင်းယူပေးထားနိုင်ခဲ့တဲ့ လူငယ်တိုက်စစ်ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

ဘာစီလိုနာအသင်းနဲ့ အာဂျင်တီးနားအသင်းတို့ရဲ့ တိုက်စစ်မှူး မက်ဆီကတော့ လာမယ့်ဘောလုံးရာသီ ဘာစီလိုနာအသင်းမှာ ဆက်ကစားဖို့အရေးနဲ့ ပတ်သက်ပြီး မဆုံးဖြတ်ရသေးဘူးလို့ဆိုပါတယ်။ ဒါပေမယ့် မက်ဆီရဲ့ ကိုယ်စားလှယ်ဖြစ်သူကတော့ အခြားကလပ်အသင်းတွေနဲ့ ဆွေးနွေးသွားဖို့ ရှိတယ်လို့ ပြောကြားခဲ့ပါတယ်။

# ဥရုဂွေးတိုက်စစ်မှူး ကာဗာနီကို စာချုပ်သက်တမ်းတိုးရန် နည်းပြဆိုးရှားဆန္ဒရှိနေ




မန်ယူအသင်းနည်းပြ ဆိုးရှားက ဥရုဂွေးတိုက်စစ်မှူး ကာဗာနီကို စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ဆန္ဒရှိနေပြီး အသက် ၃၄ နှစ်အရွယ်ရှိ ကာဗာနီကို ပြီးခဲ့တဲ့နှစ်အောက်တိုဘာလအတွင်းက တစ်နှစ်စာချုပ်နဲ့ စာချုပ်ချုပ်ဆိုခေါ်ယူစဉ် ကတည်းက နောက်ထပ်တစ်နှစ် ထပ်မံစာချုပ်နိုင်မယ့် အခွင့်အလမ်းတစ်ရပ်ရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ကာဗာနီဟာ လက်ရှိမှာ မန်ယူအသင်းနဲ့အတူ ၂၄ ပွဲမှာ ခုနစ်ဂိုးသွင်းယူထားတာ ဖြစ်ပါတယ်။ ဒါကြောင့် မန်ယူအသင်းနည်းပြ ဆိုးရှားက ကာဗာနီအား မန်ယူအသင်းမှာ ဆက်ရှိနေဖို့ စာချုပ်သစ်ထပ်မံချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေးသွားဖို့ရှိတယ်လို့ အတည်ပြုပြောကြားခဲ့တာ ဖြစ်ပါတယ်။

ကာဗာနီဟာ ကြွက်သားဒဏ်ရာရရှိထားတာကြောင့် ကြာသပတေးနေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ယူအသင်းက ရီးယဲလ်ဆိုစီဒက်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ ယူရိုပါလိဂ်ပွဲစဉ်မှာ ပါဝင်ကစားနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။

မန်ယူအသင်းဟာ တိုက်စစ်မှူး ကာဗာနီကို စာချုပ်သစ်ချုပ်ဆိုဖို့ ပြင်ဆင်နေတဲ့အပြင် ဘိုင်ယန်မြူးနစ်အသင်းရဲ့ တောင်ပံကစားသမားတစ်ဦးဖြစ်တဲ့ ကင်စလေကိုးမန်းကိုလည်း နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူဖို့စီစဉ်နေတယ်လို့ သိရပါတယ်။

ကင်စလေကိုးမန်းကတော့ လက်ရှိကလပ် ဘိုင်ယန်မြူးနစ်အသင်းမှာ အားထားရတဲ့ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ လက်ရှိမှာ မန်ချက်စတာမြို့ခံပြိုင်ဘက်နှစ်သင်းဖြစ်တဲ့ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့က ကင်စလေကိုးမန်းကို ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

# ဂျပန်တင်းနစ်မယ် နာအိုမီအိုဆာကာ ဩစတြေးလျအိုးပင်းတင်းနစ်ဆုဖလား နှစ်ကြိမ်မြောက်ဆွတ်ခူး

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှာ ဖေဖော်ဝါရီ ၂၀ ရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျပန်တင်းနစ်မယ် နာအိုမီအိုဆာကာနဲ့ အမေရိကန်တင်းနစ်မယ် ဂျန်နီဖာ ဘရက်ဒီတို့ရဲ့ ဩစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲမှာ အိုဆာကာက ဘရက်ဒီကိုအနိုင်ရပြီး ဩစတြေးလျ အိုးပင်းတင်းနစ်ဆုဖလားကို ရယူနိုင်ခဲ့ပါတယ်။

အမေရိကန်တင်းနစ်မယ် ဘရက်ဒီဟာ သူ့ရဲ့တင်းနစ်မယ်ဘဝ ပထမဆုံးသော ဂရန်းဆလမ်း ချန်ပီယံဆုဖလားကို ရယူနိုင်ဖို့ မျှော်လင့်ထားတာဖြစ်ပေမယ့် အသက် ၂၃ နှစ်အရွယ် တင်းနစ်မယ် အိုဆာကာက တင်းနစ်မယ် ဘရက်ဒီကို ၆–၄၊ ၆–၃ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အခုလို အနိုင်ရရှိခဲ့တာကြောင့် အိုဆာကာဟာ ဩစတြေးလျ အိုးပင်းတင်းနစ် ဆုဖလားကို နှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။



ဂျပန်တင်းနစ်မယ် အိုဆာကာဟာ ဩစတြေးလျ အိုးပင်းအမျိုးသမီး တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်မှာ တင်းနစ်လောကရဲ့နာမည်ကြီး တင်းနစ်မယ်တစ်ဦးဖြစ်ခဲ့တဲ့ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံကို အနိုင်ရရှိခဲ့တာကြောင့် ဩစတြေးလျ အိုးပင်းတင်းနစ် ချန်ပီယံဖြစ်လာဖို့ ရေပန်းစားခဲ့တဲ့ တင်းနစ်မယ်တစ်ဦးလည်း ဖြစ်ပါတယ်။

ဂျပန်တင်းနစ်မယ် အိုဆာကာဟာ ယခင်က ဩစတြေးလျအိုးပင်း အမျိုးသမီး တစ်ဦးချင်း ချန်ပီယံအဖြစ် ၂၀၁၉ ခုနှစ်အတွင်းက အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပြီး ၂၀၁၈ ခုနှစ်နဲ့ ၂၀၂၀ ပြည့်နှစ်တို့မှာ အမေရိကန်အိုးပင်း အမျိုးသမီး တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲမှာလည်း နှစ်ကြိမ်ဗိုလ်စွဲထားခဲ့တာကြောင့် လက်ရှိမှာ ဂရန်းဆလမ်း ချန်ပီယံဆုကို လေးကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့သူလည်း ဖြစ်လာခဲ့ပါတယ်။

ငွေကြယ်
ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- ဂျာမန်ဘွန်ဒက်လီဂါကလပ်ဒေါ့မွန်အသင်းဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အင်္ဂလန်တိုက်စစ်မှူး ဂျာဒန်ဆန်ချိုကို ရောင်းချဖို့ ဆန္ဒရှိနေသော်လည်း နော်ဝေတိုက်စစ်မှူး ဟာလန်းကို ရောင်းချဖို့ စီစဉ်ထားခြင်းမရှိသေးဘူးလို့ ပြောကြားခဲ့ပါတယ်။
- ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီအတွင်းက အဲဗာတန်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပေမယ့် လက်ရှိမှာ အဲဗာတန်အသင်းကနေထွက်ခွာဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။
- ဂျူဗင်တပ်အသင်းဟာ လက်ရှိ ပီအက်စ်ဂျီအသင်းမှာ အငှားစာချုပ်နဲ့ သွားရောက်ကစားနေတဲ့ အဲဗာတန်တိုက်စစ်မှူး မိုဂက်ကီယန်ကို စာချုပ်တစ်ရပ်ချုပ်ဆိုကာ အီတလီမြေသို့ ပြန်လည်ခေါ်ယူနိုင်ရေး စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- အဲဗာတန်အသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမား လူးကက်စ်ဘတ်စကွက်ဇ်ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ စိတ်ဝင်စားနေချိန်မှာ ကစားသမားကိုယ်တိုင်ကတော့ အီတလီစီးရီးအေကလပ် နာပိုလီအသင်းဆီ ပြောင်းရွှေ့ကစားဖို့ရှိနေတယ်လို့ သိရပါတယ်။
- ဘိုင်ယန်မြူးနစ်အသင်းမှ အသက် ၂၄ နှစ်အရွယ် ပြင်သစ်တောင်ပံကစားသမား ကင်စလေကိုးမန်းဟာ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားဖို့ ကြိုးပမ်းနေတယ်လို့ သိရပါတယ်။
- ဘရာဇီးနောက်တန်းကစားသမား ဒေးဗစ်လုဇ်၊ ဥရုဂွေးကွင်းလယ်ကစားသမား တော်ရီရာနဲ့ ပြင်သစ်ကွင်းလယ်ကစားသမား ဂွမ်ဒူဇီတို့ဟာ လက်ရှိကလပ် အာဆင်နယ်အသင်းကနေ ထွက်ခွာဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။



# လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသဖြင့် ဇန်းမောက်မြို့နယ် ဣစ္ဆာသယဇလုံတောင်တော်ဘုရားအား လာရောက်ဖူးမြော်နိုင်

**ဇန်းမောက် ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် မြောက်ဘက်ရှိ တောတောင်များ ထူထပ်သောနေရာတွင် တည်ထားကိုးကွယ်လျက်ရှိသည့် သမိုင်းဝင်ဣစ္ဆာသယဇလုံတောင်ဘုရားသို့ ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ အန္တရာယ်ကင်းရှင်းစွာ လာရောက်ဖူးမြော်နိုင်ပြီဖြစ်ကြောင်း သိရသည်။

နှစ်စဉ်နှစ်တိုင် ပွင့်လင်းရာသီရောက်ပါက ဣစ္ဆာသယဇလုံတောင်တော်ဘုရားသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ တစ်နှစ်လျှင် လေးသိန်းမှ ငါးသိန်းအထိ ဘုရားဖူးလာရောက်ခဲ့ကြသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်မြို့နယ်နှင့် တစ်မြို့နယ် ကူးသန်းသွားလာမှုများကို ကန့်သတ်ထားမှုများကြောင့် ဘုရားဖူးလာရောက်မှုနည်းပါးလျက်ရှိခဲ့ပြီး ဇန်းမောက်မြို့နယ်အတွင်းရှိဒေသခံများသာ နှစ်စဉ် ဘုရားအား သွားရောက်ဖူးမြော်ခဲ့ကြသည်။

"ပွင့်လင်းရာသီလည်းဖြစ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်မှုကိုလည်း ဖြေလျှော့ပေးလိုက်ပြီဆိုတော့ တစ်နေ့တစ်နေ့ကို ဇလုံတောင်ဘုရားဖူးလာတဲ့ **စာမျက်နှာ ၈ ကော်လံ ၄ သို့** ❂


ကြေးမုံ ယနေ့ ဖတ်စရာ

**လာမည့်ဆယ်စုနှစ်အတွင်း 5G ကွန်ရက် တည်ဆောက်ရန် ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံ မလေးရှားနိုင်ငံ သုံးစွဲမည်**

စာမျက်နှာ » ၁၁

**ဂျီ-၇ ခေါင်းဆောင်များက ဝင်ငွေနည်းပါးသော နိုင်ငံများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထောက်ပံ့ရန် ကတိပြု**

စာမျက်နှာ » ၁၂

Civil Disobedience Movement (CDM) **ကို ကန့်ကွက်ပါတယ်၊ ဆန့်ကျင်ပါတယ်**

ဆောင်းပါး စာမျက်နှာ » ၁၅


# တည်ငြိမ်အေးချမ်းမှုကိုမလိုလားသော ဆန္ဒပြသူများက မန္တလေး၊ ရတနာပုံသဘောကျင်းတွင် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား ခဲများ၊ လေးခွများ၊ ဂျင်ကလိများဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မန္တလေးမြို့ ဂေါ်ဝန်ဆိပ်ကမ်းတွင် ယနေ့ ဖေဖော်ဝါရီ ၂၀ ရက်နေ့၌ မန္တလေးမှ ဇန်းမော်သို့ သွားရောက်ရန်ရှိသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဧရာဝတီဌာနခွဲပိုင် ရေယာဉ်နှစ်စင်းကို မန္တလေးမြို့ စိန်ပန်းရပ်ကွက်ရှိ CDM လှုပ်ရှားသူများက ရေယာဉ်များ မထွက်ခွာနိုင်စေရေး ရန်လိုသည့်အပြုအမူဖြင့် အကြောင်းမဲ့နှောင့်ယှက်တားဆီးသည့်အပြင် စက်မှုကျွမ်းကျင်အဆင့် ၄ ရှိသူ ဦးဌေးဝင်းမှလည်း ရေယာဉ်စက်သေ့များကို ဖြုတ်သိမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်အပေါ် တာဝန်ရှိသူများနှင့် နေရာရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြေလျှော့မှုများ ပြုလုပ်ခဲ့သော်လည်း လက်မခံဘဲ ရန်လိုသူများမှ တုတ်၊ ဓား၊ ခဲ၊ လေးခွ၊ ဂျင်ကလိများဖြင့် ပစ်ခတ်လာခဲ့သောကြောင့် အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်မှစ၍ လူစုခွဲခဲ့ရာ လူစုခေတ္တကွဲခဲ့ပြီး မွန်းလွဲပိုင်းတွင် ရန်လိုသူအင်အား အများအပြားသည် ၄၁ လမ်းနှင့် ကမ်းနားလမ်းထောင့်၌ ထပ်မံစုရုံး၍ နေရာလုံခြုံရေးယူထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခဲများ၊ လေးခွများ၊ ဂျင်ကလိများဖြင့် ပစ်ခတ်ကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပိတ်ဆို့ခဲ့ရာ တပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါပိတ်ဆို့ခံရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ကူညီရန်အင်အားဖြည့်သွားရောက်ခဲ့သည့် လှုပ်ရှားလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းများမရောက်ရှိနိုင်ရေးကိုလည်း ကမ်းနားလမ်းတစ်လျှောက် ရန်လိုသူအင်အား ၁၀၀၀ ခန့်မှ အတားအဆီးမျိုးစုံဖြင့် လမ်းမများပေါ်၌ ပိတ်ဆို့ခြင်း၊ လူနေအိမ်နှင့် လမ်းများအကြားမှ ခဲများ၊ လေးခွများ၊ ဂျင်ကလိ အပါအဝင် မှိန်းများဖြင့်လည်း ပစ်ခတ်ခြင်းတို့ကြောင့် တပ်မတော်သား သုံးဦးနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

# အနိုင်သုံးမှတ်အပြည့်ရရေး ခြေကုန်ထုတ်ကစားခဲ့ပေမယ့် သရေတစ်မှတ်နဲ့သာ ချယ်လ်ဆီးအသင်း ကျေနပ်ခဲ့ရ

ပရီမီယာလိဂ်ပွဲစဉ်(၂၅)ရဲ့ စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဆောက်သမ်တန်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းဟာ အနိုင်သုံးမှတ်အပြည့်ရရှိရေး ခြေကုန်ထုတ်ကစားခဲ့ပေမယ့် သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်ဆောက်သမ်တန်အသင်းဟာ ပွဲကစားချိန် ၃၃ မိနစ်မှာ မီနာမီနိုရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ချယ်လ်ဆီးအသင်းကတော့ ပွဲကစားချိန် ၅၄ မိနစ်ရောက်မှ ပင်နယ်တီ ပြစ်ဒဏ်ဘောကနေတစ်ဆင့် ရရှိခဲ့တဲ့ သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီ ပင်နယ်တီပြစ်ဒဏ်ဘောကို တိုက်စစ်မှူးမာဆင်မောင့်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဆောက်သမ်တန်အသင်းဟာ ချယ်လ်ဆီးအသင်းကို ပင်နယ်တီပြစ်ဒဏ်ဘောကတစ်ဆင့် ဂိုးပေးခဲ့ရတာကြောင့် အခုနှစ် ဘောလုံးရာသီမှာ ပင်နယ်တီကနေ ဂိုးပေးခဲ့တဲ့ ငါးဂိုးမြောက်ပေးဂိုးလည်း ဖြစ်လာခဲ့ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အခုပွဲစဉ်မှာ သရေကျခဲ့ပေမယ့် နည်းပြ သောမက်တူချယ်အတွက်တော့ သူ့ရဲ့ ချယ်လ်ဆီးအသင်းနည်းပြဘဝ ပထမဆုံး တာဝန်ယူကိုင်တွယ်ခွင့်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်ခြောက်ပွဲမှာ ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ ပရီမီယာလိဂ်နည်းပြတွေထဲက ၁၆ ဦးမြောက်နည်းပြဖြစ်လာခဲ့ပြီး လေးပွဲနိုင်၊ နှစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အခုပွဲစဉ်မှာ သရေတစ်မှတ်သာရရှိခဲ့တာကြောင့် ရမှတ် ၄၃ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် ၄ နေရာမှာ ဆက်လက်ရပ်တည်ခဲ့သလို ဆောက်သမ်တန်အသင်းကလည်း ရမှတ် ၃၀ နဲ့ အမှတ်ပေးဇယားအဆင့် ၁၃ နေရာမှာပဲ ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

